မြဝတီ

နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၁၇)

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်
၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်၊ ကြာသပတေးနေ့


## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဥ့်၌ထွန်းလင်း၏။ မင်းသည်ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဥ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

ဓမ္မပဒ

## ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ဝန်ကြီးဌာနများနှင့်အဖွဲ့အစည်းများက မလိုအပ်သည့်အသုံးစရိတ်များ မသုံးစွဲမိစေရေး စိစစ်ရန်လို

## ရငွေတိုးမြှင့်အောင် ဆောင်ရွက်နိုင်သည့် ဝန်ကြီးဌာနများ နောင်ဘဏ္ဍာရေးနှစ်များတွင် ယခုထက်ဝင်ငွေပိုမိုရရှိအောင် ကြိုးပမ်း





ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၀**

၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများတင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊

စာမျက်နှာ ၁၆ ကော်လံ ၁ ●




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၁ ရက်)

# လှပသောနိုင်ငံတော်၏ အနာဂတ်ဆီသို့

မြန်မာနိုင်ငံတွင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို စည်းစနစ်ကျနစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောအခင်းအကျင်းများအားလုံးကို ပြည့်စုံစွာ တည်ဆောက်ပေးခဲ့သည်မှာ တပ်မတော်သာဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်" ဟူ၍ ပုဒ်မ ၂၀(စ)တွင်ပြဋ္ဌာန်းထားသည်။ မြန်မာနိုင်ငံသည် ပြည်သူများလိုလားသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိသည်။ ဒီမိုကရေစီစနစ်တွင် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲသည်အဓိကဖြစ်သည်။

ပြီးခဲ့သည့်ဒီမိုကရေစီအစိုးရဒုတိယအကြိမ်သက်တမ်းတွင် မြန်မာ့သမိုင်း၌သင်ခန်းစာယူစရာဖြစ်ခဲ့သည်။ တိုင်းတစ်ပါးသားများအပေါ် အထင်ကြီးကိုးစားမှုလွန်ကဲပြီး အတွင်းစည်းနေရာများသို့ ထိုးဖောက်နေရာယူစေခဲ့သည့်အတွက် တိုင်းပြည်ဘဏ္ဍာများဆုံးရှုံးခဲ့ရသည်။ မဖြစ်မနေထိန်းသိမ်းစောင့်ရှောက်ရမည့် ပြည်တွင်းရေးလျှို့ဝှက်ချက်များအလွယ်တကူပေါက်ကြားခဲ့သည်။ နိုင်ငံတော်တာဝန်အရပ်ရပ်ကို ထမ်းဆောင်ခွင့်ရကြသည့်အာဏာပိုင်များကအစ ဒီမိုကရေစီကျင့်စဉ်ကိုလွဲမှားစွာကျင့်သုံးခဲ့သည်။ ဒီမိုကရေစီကိုလွဲမှားစွာကျင့်သုံးခဲ့သည့်အတွက်၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် နိုင်ငံအတွက် အင်မတန်အရုပ်ဆိုးသည့်မဲမသမာမှုဖြစ်ပေါ်ခဲ့သည်။

မဲမသမာမှုဖြစ်အောင်ပြုလုပ်သူများသည် ၎င်းတို့၏သက်ဆိုင်ရာရွေးကောက်ခံမဲဆန္ဒနယ်တစ်ခုတည်းတွင်သာမကဘဲ ဒေသတစ်ခုလုံးတွင် အနိုင်ရရှိအောင်မဲမသမာမှုများကို ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ ရွေးကောက်ပွဲတွင် မဲမသမာမှုကျူးလွန်မှုမှာ တစ်ဦးတစ်ယောက်တည်းကျူးလွန်ခြင်းမဟုတ်ဘဲ အဖွဲ့လိုက်လုပ်ဆောင်ခြင်းဖြစ်သဖြင့် အလားတူဖြစ်စဉ်မျိုးမဖြစ်ပွားအောင် သင်ခန်းစာယူကြရမည်ဖြစ်သည်။ မဲမသမာမှုဖြစ်အောင်လုပ်ဆောင်ခဲ့ကြသူများအနေဖြင့် မိမိတို့၏အမှားကိုသိရှိကြသော်လည်း အမှန်တရားကိုဖုံးကွယ်ကာ လူငယ်မောင်မယ်အချို့အားသွေးဆောင်ဖြားယောင်း၍ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်စေခဲ့သည်။ မိုးလုံးပြည့်မုသာဝါဒကိုကျင့်သုံးလျက် အဖျက်လုပ်ရပ်များလုပ်ဆောင်ခြင်းကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဆောက်အအုံများ၊ လမ်းတံတားများကို ဆင်ခြင်တုံတရားမဲ့စွာ မိုက်လုံးကြီးစွာဖြင့် ဖျက်ဆီးလျက်ရှိသည်။ အကြမ်းဖက်အဖျက်သမားတို့ကြောင့်ပျက်စီးခဲ့ရသည်များကို ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများဆောင်ရွက်နေရသဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ ရှေ့သို့မရောက်နိုင်ဖြစ်နေရသည်။ ဤသည်မှာနိုင်ငံတော်အတွက်နစ်နာဆုံးရှုံးမှုများသာဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် နိုဝင်ဘာလ ၁၉ ရက်ကကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ် **"အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေကြခြင်းသည် ပြည်ပမှသွေးထိုးမြှောက်ပင့်ပေးမှုများနှင့် အသိပညာအတတ်ပညာအားနည်းခြင်း၊ ဝေဖန်ပိုင်းခြားနိုင်မှုအားနည်းခြင်းများကြောင့်ပင်ဖြစ်ကြောင်း၊ ပညာရေးအရ အားနည်းသည့်ဒေသများ၌ အကြမ်းဖက်မှုများ၊ ဒုစရိုက်မှုများ ပိုမိုဖြစ်ပေါ်နေသည်ကိုလည်းတွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အနာဂတ်တွင် ဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသည့်နိုင်ငံတော်ကိုပုံဖော်ပေးနိုင်ရေး ပညာရေးကိုအားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အတန်းပညာရှိမှသာအတတ်ပညာများရရှိမည်ဖြစ်ပြီး စဉ်းစားတွေးခေါ်မှုများရရှိမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတစ်ခု၊ ဒေသတစ်ခု၌ ပဋိပက္ခကိုဖြစ်ပေါ်လာအောင်ဖန်တီးသည်မှာ ၎င်းဒေသနှင့်နိုင်ငံတို့တွင်နေထိုင်ကြသူများပင်ဖြစ်သည်။ တည်ငြိမ်အေးချမ်းရေးကိုမလိုလားသူများ၏ သွေးဆောင်မြှောက်ပင့်မှုများကြောင့်လည်းဖြစ်သည်။ အလားတူ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက်လည်း ၎င်းဒေသတွင်နေထိုင်သူများကပင်လုပ်ဆောင်ကြခြင်းဖြစ်သည်။ ထို့ကြောင့် ဒေသအတွင်းတည်ငြိမ်အေးချမ်းရေးနှင့်ဒေသခံများ၏လုံခြုံရေးကိုဖျက်ဆီးနေသည့် ဒေသတွင်းနေထိုင်သောလက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများလျော့ပါးစေရေးအတွက် ပြည်သူများအနေဖြင့်သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၌တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့်ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားစေလျက် တိုင်းရင်းသားပြည်သူများအတွက် ငြိမ်းချမ်းသာယာဝပြောရေးကို တည်တံ့ခိုင်မြဲအောင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။ ရှေ့လုပ်ငန်းစဉ်တွင်ဖော်ပြထားသည့်အတိုင်း လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုကျင်းပပေးမည်ဖြစ်သည်။ ကျင်းပပေးမည့်ရွေးကောက်ပွဲတွင် မဲစာရင်းများမှားယွင်းမှုမရှိစေရေး၊ မဲစာရင်းများမှန်ကန်မှုရှိစေရေး အဓိကထားဆောင်ရွက်လျက်ရှိသည်။ လာမည့်ရွေးကောက်ပွဲတွင် Myanmar Electronic Voting Machine စနစ်ဖြင့်ဆောင်ရွက်သွားမည်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံတွင်လည်း အဆိုပါမဲပေးစနစ်ကိုအသုံးပြုလျက်ရှိပြီး မဲစာရင်းမှန်ကန်စေရန်အတွက် အထောက်အကူပြုသည့်စနစ်တစ်ခုဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်အစိုးရ၏ရှေ့လုပ်ငန်းစဉ်များ အောင်မြင်ပြီးမြောက်ရေးအတွက် ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။




# နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများစာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၀**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို သိရှိလိုက်နာနိုင်စေရန်နှင့် အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများစာအုပ်ဖြင့် စာဖတ်ဝိုင်းကို နိုဝင်ဘာလ ၂၀ ရက်နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါစာဖတ်ဝိုင်းတွင် ဇေယျာသီရိမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြစန်းရီက မိမိရုံးရှိဝန်ထမ်းများစာဖတ်စွမ်းရည်မြင့်မားလာစေရန်၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ ရုံးလုပ်ငန်းများကိုသိရှိနားလည်ပြီး ရည်မှန်းချက်တာဝန်များကိုအောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် မိမိရုံးရှိဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို သိရှိလိုက်နာနိုင်ရန်ရည်ရွယ်၍ စာဖတ်ဝိုင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်လုပ်ထုံးလုပ်နည်းများအကြောင်းကို သိထားရမည်ဖြစ်ကြောင်း ဦးဆောင်ဆွေးနွေးသည်။

ထို့နောက် မြို့နယ်ရုံးဝန်ထမ်းများက အခန်း(၉) ကူးပြောင်းချိန်ကာလသတ်မှတ်ချက်များ၊ အခန်း(၁၀) ပြင်ပဝန်ထမ်းတာဝန်ထမ်းဆောင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ အခန်း(၁၁)ပြည်ပသို့ဖြစ်စေ၊ ပြည်တွင်း၌ဖြစ်စေ၊ တာဝန်ဖြင့်စေလွှတ်ခြင်းနှင့် ပညာလေ့လာဆည်းပူးစေခြင်းအကြောင်းတို့ကို အပြန်အလှန်ဆွေးနွေးကြကြောင်းသိရသည်။

(၄၁၃)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၁-၂၀၂၄(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၂ | နိုင်ငံတော်သီချင်း | ၁၁။ | ၁၂:၃၀ | နိုင်ငံတကာသတင်း |
| ၂။ | ၀၆:၀၃ | တရားတော် | ၁၂။ | ၁၃:၁၀ | အမှတ်တရနေ့ရက်များ |
| ၃။ | ၀၇:၂၀ | မေတ္တာပို့ | ၁၃။ | ၁၃:၄၀ | ခရီးလည်းသွားစကားလည်းဆို |
| ၄။ | ၀၇:၂၅ | ဓမ္မပူဇာတေး | ၁၄။ | ၁၇:၅၀ | စာဆိုစစ်သည်ကလောင်ရှင်များ |
| ၅။ | ၀၇:၃၀ | ကိုယ်လက်လှုပ်ရှားအားကစား | ၁၅။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆။ | ၀၇:၄၅ | မျိုးချစ်တပ်မတော် | ၁၆။ | ၁၈:၁၅ | သီချင်းလက်ဆောင် |
| ၇။ | ၀၈:၃၅ | သုတရသစုံလင်ဗဟုသုတပုံပြင် | ၁၇။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၈။ | ၀၉:၂၅ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | ၁၈။ | ၁၈:၄၅ | ပြည်သူ့ကြားကပြည်သူ့စကား |
| ၉။ | ၁၁:၃၅ | ပန်းရောင်စုံသင်းပျံ့မွှေး မြန်မာတိုင်းရင်းဆေး | ၁၉။ | ၁၉:၀၀ | **တောင်ပိုင်းပိုးလမ်းမသစ်ကြီး တရုတ်-မြန်မာအခန်းကဏ္ဍ အပိုင်း(၇/၈)** |
| ၁၀။ | ၁၁:၄၅ | မြန်မာ့ရှုခင်း | | | |

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄**
**စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်**
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် ၁၈၈/၂၀၂၄**

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်)

### မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဖွဲ့စည်းခြင်း

သတင်းမီဒီယာဥပဒေပုဒ်မ ၁၃ အရ **"မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါက်တာတင်ထွန်းဦး | ဥက္ကဋ္ဌ |
| (၂) | ဦးခင်မောင်ဇော် | ဒုတိယဥက္ကဋ္ဌ(၁) |
| (၃) | ဦးခင်မောင်ကျော်ဒင် | ဒုတိယဥက္ကဋ္ဌ(၂) |
| (၄) | ဦးတင်ကိုကို | ဘဏ္ဍာရေးမှူး |
| (၅) | ဦးစိန်တိုး(ဆန်းလင်း) | စာရင်းစစ် |
| (၆) | ဒေါက်တာဇော်သန်း | ကောင်စီဝင် |
| (၇) | ပါမောက္ခဒေါက်တာမြသိန်းဟန် | ကောင်စီဝင် |
| (၈) | ဒေါက်တာခင်မောင်လွင် | ကောင်စီဝင် |
| (၉) | ဒေါက်တာတင်အောင်နိုင် | ကောင်စီဝင် |
| (၁၀) | ဦးအောင်ကြည်(အောင်ကြည်ညွန့်-တက္ကသိုလ်) | ကောင်စီဝင် |
| (၁၁) | ဦးမြင့်သိန်း(မောင်မောင်မြင့်သိန်း) | ကောင်စီဝင် |
| (၁၂) | ဦးကြည်ညွန့် | ကောင်စီဝင် |
| (၁၃) | ဒေါက်တာစန်းဦး | ကောင်စီဝင် |
| (၁၄) | ဦးမြတ်စိုး(မြတ်စိုး-လှိုင်) | ကောင်စီဝင် |
| (၁၅) | ဦးသိုက်ထွန်း | ကောင်စီဝင် |
| (၁၆) | ဦးဥက္ကာအေး | ကောင်စီဝင် |
| (၁၇) | ဦးဝင်းနိုင်(မင်းဆက်ပိုင်) | ကောင်စီဝင် |
| (၁၈) | ဦးစန်းလွင် | ကောင်စီဝင် |
| (၁၉) | ဦးပြည်စိုးဟန် | ကောင်စီဝင် |
| (၂၀) | ဦးတင်ဝင်း(တင်ဝင်းလေး-ကြည့်မြင်တိုင်) | ကောင်စီဝင် |
| (၂၁) | ဒေါ်နီလာမျိုးဦး | ကောင်စီဝင် |
| (၂၂) | ဒေါ်နှင်းအေးခိုင် | ကောင်စီဝင် |
| (၂၃) | ဦးအေးချမ်း | အတွင်းရေးမှူး |
| (၂၄) | ဦးလှထွဋ်ဦး(ကာတွန်းလှထွဋ်) | တွဲဖက်အတွင်းရေးမှူး(၁) |
| (၂၅) | ဦးရဲမင်းစိုး(မောင်မောက်ဝတ်လုံ) | တွဲဖက်အတွင်းရေးမှူး(၂) |

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်အပ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဝင်း ကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဩဂုတ်လ (၁)ရက်နေ့မှစပြီး နိုဝင်ဘာလ (၃၀)ရက်နေ့အထိ နေ့စဉ်နံနက် (၆:၀၀)နာရီမှစပြီး "ဝ"၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဖိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာအစီအစဉ်များကို ည (၂၃:၀၀)နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

၂။ ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ(၁)ရက်နေ့မှစပြီး မတ်လ (၃၁)ရက်နေ့အထိ နေ့စဉ်နံနက် (၆:၀၀) နာရီမှ (၈:၀၀)နာရီအထိ ကချင်ဘာသာအစီအစဉ်၊ နံနက် (၈:၀၀)နာရီမှ (၁၀:၀၀) နာရီအထိ ကယားဘာသာအစီအစဉ်၊ နံနက် (၁၀:၀၀)နာရီမှ နံနက် (၁၁:၀၀)နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ နံနက်(၁၁:၀၀)နာရီမှ မွန်းတည့် (၁၂:၀၀)နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းတည့် (၁၂:၀၀)နာရီမှ မွန်းလွဲ(၁၃:၀၀) နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ (၁၃:၀၀)နာရီမှ ညနေ(၁၄:၀၀) နာရီအထိ ချင်း(လိုင်ဖိုး)ဘာသာအစီအစဉ်၊ ညနေ(၁၄:၀၀)နာရီမှ ညနေ (၁၅:၀၀) နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ ညနေ (၁၅:၀၀)နာရီမှ ည (၁၇:၀၀)နာရီအထိ မွန်ဘာသာအစီအစဉ်၊ ည (၁၇:၀၀)နာရီမှ ည(၁၉:၀၀)နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ည (၁၉:၀၀)နာရီမှ ည (၂၁:၀၀)နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ည (၂၁:၀၀) နာရီမှ ည(၂၃:၀၀)နာရီအထိ "ဝ"ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက်အချိန် ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်သည်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၁°C | / | ၃၂°C |
| ရန်ကုန် | ၂၃°C | / | ၃၄°C |
| မန္တလေး | ၂၁°C | / | ၃၂°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၀

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Super Seven Stars Motors Industry Co., Ltd. မှ တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA EV-6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Fara Myanmar EV Co., Ltd. မှတင်သွင်းလာသောတရုတ်နိုင်ငံထုတ် DAYUN YUEHU S1 (VIP EDITION) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၅)နှင့် အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၂၁)သင်တန်းဆင်းပွဲကျင်းပ




ရန်ကုန် နိုဝင်ဘာ ၂၀

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၅)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်ကေတုမတီခန်းမ၌ ကျင်းပသည်။

အဆင့်မြင့်အရာထမ်းသင်တန်းဆင်းပွဲအခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစိုးတင့်တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့ပြင် အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၂၁)သင်တန်းဆင်းပွဲကို စစ်ရေးပြကွင်း၌ကျင်းပရာ ပါမောက္ခချုပ်က သင်တန်းသားစံပြဆု၊ သင်တန်းသူစံပြဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ်(၂၅)ကို စက်တင်ဘာလ ၂၃ ရက်မှ နိုဝင်ဘာလ ၂၀ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၄၀ ဦး တက်ရောက်ခဲ့ကြကာ အရာထမ်းအခြေခံသင်တန်းအမှတ်စဉ်(၂၂၁)ကို ဩဂုတ်လ ၂၆ ရက်မှနိုဝင်ဘာလ ၂၀ ရက်အထိဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၁၈၀ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(၅၀၀)

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

**ကျွန်းစဉ်မြေစောခက်**



**ယမန်နေ့မှအဆက်**

ကမ်းထောင်းကြီးတိုက်နယ်ဆေးရုံသို့ သွားဖြစ်နိုင်ရေးအတွက် လှေတွင်တင်ထားပြီးဖြစ်သော မျှစ်စို့ကြီးတွေနှင့် ရှောက်သီး၊ သံပရာသီးတွေကို ကျွန်တော်ပြော၍ ကျောင်းသားလေးများက ပြေးပြေးလွှားလွှား ကမ်းပေါ်ပြန်တင်ကြသည်။

စည့်င်းရွာမှာ မြေပုံမြို့နယ်အတွင်းမှာပါဝင်ပြီး ရခိုင်ရိုးမတောင်ခြေတွင် တည်ထားသော ရွာဖြစ်သည်။ ရွာမှာ တောင်ခြေချောင်းစပ်ရွာကလေးဖြစ်သည်။ နံနက်လင်းတာနဲ့ တောင်ပေါ်တောင်ကြောတွေဘက်သွားပြီး ဝါးခုတ်၊ သစ်ခုတ်၊ လှေထွင်းသွားကြသူများရှိသည်။ တချို့ဆို ချောင်းတွေ၊ မြစ်တွေဘက်လှေကလေးတွေနဲ့ လှော်ဆင်းပြီး ဖြူးထင်း၊ တုတ်ထင်း ပိုင်းသူပိုင်းကြသည်။ တချို့က ငါးရှာ၊ ဟင်းရွက်ခူးသွားကြသည်။ သို့ဖြစ်၍ ယခု မခင်ညိုမီးဖွားရေးကိစ္စအတွက် တိုက်နယ်ဆေးရုံသို့သွားမည့် လှေတစ်စင်းတလေမျှပင် ရှိမနေခဲ့ခြင်းပင်ဖြစ်ပေသည်။

ကျွန်တော့်မှာလည်း တစ်ပတ်တစ်ကြိမ် မိမိသရက်တောင်ရွာသို့ ပြန်နေကျဖြစ်သည်။ ရွာပြန်တိုင်းလည်း ချောင်းကောက်ကိုင်းခင်းထဲက ရှောက်သီး၊ သံပရာသီးတို့ကိုဝယ်ယူပြီး ကိုယ့်ရွာမှာရောင်းသည်။ အရောင်းအဝယ်လုပ်လိုသည့်စိတ်သည် ကျွန်တော်၏ ပင်ကိုဗီဇဆိုက မမှားနိုင်ပေ။ ကျွန်တော်ကား ဤသို့ဖြင့် ခရီးသွားဟန်လွှဲ အလုပ်လုပ်ရင်း အပြင်ဝင်ငွေလေး ရှာတတ်ခဲ့သည်။ ကျွန်တော်ကား ဘဝစုံကျော်ဖြတ်ခဲ့သူမို့ ကုန်ရောင်းကုန်ဝယ်လည်း လုပ်တတ်သည်။ ရှင်းရှင်းပြောရလျှင် အဖေ့သွေးပါသည်ဟု ပြောရပေမည်။

ယခု မဖွံ့ဖြိုးမတိုးတက်သေးသော ရခိုင်ရိုးမတောင်ခြေက တောသူတစ်ယောက်နှင့် ဝမ်းတွင်းကလေးတို့၏အသက်လုပွဲအတွက် ကျွန်တော့်အလုပ်ကို ဘေးဖယ်လိုက်ပေပြီ။ ဟော မြစ်ရေပြင်ပေါ်မှာတော့ ကျွန်တော်က လှေပဲ့ကိုင်ပြီး မွေးလူနာမခင်ညိုနှင့် အရပ်လက်သည်ကို လှေဝမ်းဗိုက်ကပ်စင်မှာထားပြီး မခင်ညိုယောကျ်ား ကိုထွန်းသာက လှေဦးက လှော်ကာ ကမ်းထောင်းကြီးတိုက်နယ်ဆေးရုံသို့ အပြင်းနှင်နေကြလေပြီ။ စည့်င်းရွာနှင့် ကမ်းထောင်းကြီးမှာ နီးသည်တော့မဟုတ် နေ့တစ်ဝက်ခန့်လှော်ရသည်။

ဆေးရုံသို့ရောက်လျှင် ဆရာဝန်ကစမ်းသပ်ပြီး ချက်ချင်းခွဲခန်းထဲသို့ သွင်းလိုက်သည်။ သိပ်မကြာ ဗိုက်ထဲကကလေး မြော့မြော့ကလေးထွက်လာသည်။ မိခင်ရော ကလေးပါ အသက်မသေရုံ လက်မတင်ကလေးသာ။ ဆရာဝန်က "နောက်တစ်နာရီလောက်နောက်ကျရင် မိခင်ရောကလေးပါ အသက်စိုးရိမ်ရတယ်" ဟုပြောသည်။ လူမှုရေးဗိသုကာဘဝ ကျောင်းဆရာ ကျွန်တော်ပျော်လိုက်သည်မှာ ပြောစရာမရှိပြီ။

လူ့အသက်နှစ်ချောင်းကို ကယ်တင်လိုက်နိုင်သော အရေးဖြစ်၍ လောကသံသရာနှစ်ဖြာအတွက် အတိုင်းထက်အလွန် မွန်မြတ်လှပေသည်ဟု ကျွန်တော်ခံယူလိုက်ပေသည်။

● ● ● ● ● ● ●

ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့သော ရခိုင်ရိုးမတောင်ခြေက စည့်င်းရွာသည် ၂၀၁၈ ခုနှစ်က အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ခြင်းခံရပြီး ၂၀၂၂ ခုနှစ်က အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ခံထားရလေပြီ။

(စာရေးသူ)

■ ■ ■ ■ ■ ■ ■

**အမေ့ရွာသို့ တစ်ကျော့ပြန်**

ရခိုင်ပြည်နယ် ပြည်နယ်ပညာရေးမှူး စစ်တွေမြို့ ၁၂.၁၁.၈၅ နေ့စွဲပါ အမိန့်စာအမှတ် (၂၆၃)ဖြင့် ၁၉၈၅ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်မှ စတင်ဖွင့်လှစ်ခွင့်ပြုထားသော အခြေခံပညာမူလတန်းကျောင်းသစ်များတွင် ကျောင်းအုပ်ကြီးများအား ပြောင်းရွှေ့ခြင်းစာအရ- ၁၉၈၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်က ကျင်းပသော မြေပုံမြို့နယ် မြို့နယ်ပြည်သူ့ကောင်စီ (အလုပ်အမှုဆောင်အဖွဲ့)၏ အစည်းအဝေးမှတ်တမ်း (၆/၇) ဆုံးဖြတ်ချက် (၁) (က) အရ

မြေပုံမြို့နယ် မြို့နယ်ပညာရေးမှူးရုံး မြေပုံမြို့ "ရုံးအမိန့်"အရ ကျွန်တော့်အား အ.မ.က စည့်င်းရွာ မြေပုံမြို့နယ်မှ အ.မ.က သရက်တောင်(မြောက်) မြေပုံမြို့နယ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုခဲ့ပါသည်။ အ.မ.က သရက်တောင်(မြောက်) မှာ အသစ်ဖွင့်လှစ်သော ကျောင်းပင်ဖြစ်ပေသည်။

၁၉၈၅-၁၉၈၆ ခုနှစ် ပညာသင်နှစ်က သရက်တောင်ရွာ၌ အ.မ.က သရက်တောင်(မြောက်)ဆိုပြီး အခြေခံပညာ မူလတန်းကျောင်းတစ်ကျောင်း တိုးချဲ့ဖွင့်လှစ်ခွင့်ရခဲ့ပေသည်။ ကျွန်တော့်ကိုလည်း ဌာနဆိုင်ရာက အမေ့ရွာ သရက်တောင်သို့ ပြောင်းရွှေ့တာဝန်ပေးလိုက်ကြပါ၏။

ကျောင်းအဆောက်အအုံကတော့ ယခင် လေးနှစ်လောက်ကပင် သင်္ကေတပြဆောက်လုပ်ထားသော အဆောက်အအုံပင်ဖြစ်သည်။ ကနစိုးတိုင်သစ်ဖြူသား၊ ဝါးကြမ်းခင်း၊ ဓနိမိုးပြီး အကာအရံမရှိသော အဆောက်အအုံဖြစ်သည်။ ပေ ၉၀၊ ပေ ၃၀ အဆောက်အအုံဖြစ်သည်။ ဤ အဆောက်အအုံမှာ ရွာ၏မြောက်ဘက်တောင်ကမူအစွန်းတွင်ရှိသည်။ ရွာနဲ့ခပ်လှမ်းလှမ်းတွင်ရှိပြီး အကာအရံလည်းမရှိသဖြင့် ကလေးတွေဆော့စရာနေရာ ကျွဲကျောင်းသား၊ နွားကျောင်းသားတွေ နားခိုစရာနေရာလိုဖြစ်နေသည်။ သို့ဖြစ်၍ မိုးဒဏ်၊ လေဒဏ်၊ နေဒဏ်တို့ကြောင့် နွမ်းရိနေရုံမက ဝါးကြမ်းခင်းများပါ အပေါက်အပြဲတွေ ဖြစ်ကုန်ပြီ။

ကျွန်တော်ရောက်လာချိန်တွင် ကျောင်းတက်စာပြနိုင်ရန် ပြင်ဆင်ရတော့သည်။ အလုံးစုံပြင်ဆင်ရမည်ဖြစ်ပါသဖြင့် ကျောင်းသားမိဘများကိုခေါ်ယူပြီး အခြေအနေအရပ်ရပ်ကို တင်ပြလိုက်သည်။ ကျောင်းသားမိဘများတွင် အားအားနေနေရှိနေကြသော မိဘများလာလုပ်ပေးကြသည်။ ဓနိမိုးပေးကြသည်။ သရက်တောင်ရွာသည် ဓနိစိုက်ပျိုးသောရွာဖြစ်၍ ဓနိချပ်များရရှိရေးမှာ လွယ်ကူသည်။ အိမ်ခေါင်ပေါ်ကောက်လိုက်လျှင်ပင် ကျောင်းတစ်မိုးစာ ဓနိချပ်ကို လွယ်လွယ်ကူကူရသည်။ ကျွန်တော်နှင့် ကျောင်းသားမိဘများသည် ဝါးခြမ်းစိပ်များကို လေးထောင့်ကွက်ဖော်ပြီး ခြံကွက်ရက်ကာ နှီးချပ်နှစ်ချပ်ကြားတွင် ဓနိချပ်တွေကို သွင်းချည်ပြီး ဝါးခြမ်းပြားကို ကြိမ်နွယ်များဖြင့် ဖိကွပ်ချည်လိုက်ကြသည်။ ကျောင်းဆောင်၏ အလျား၊ အနံကိုချိန်ပြီး ဓနိချပ်ထရံများကို ခါးလယ်လောက်အထိ အမြင့်ထားကာ ကျောင်းနံရံတွင် ကြိမ်နွယ်ဖြင့် တွဲဖက်ချည်လိုက်ကြသည်။ သို့မှသာ ဟင်းလင်းပြင်ကြမ်းခင်းတွင် အကာအရံရသွားပြီး ကလေးများလိမ့်ကျမည့်အန္တရာယ်ကိုလည်း ကာကွယ်သွားနိုင်ပေသည်။ ကြမ်းခင်းကိုတော့ နဂိုရှိပြီးသား ဝါးကြမ်းခင်းတွင် ပေါက်ပြဲနေရာများကို ဖာထေးခြင်း၊ ရက်လုပ်ပေးခြင်းတို့ဖြင့် အဆင်ပြေသလိုဖြစ်သွားတော့သည်။

**ဆက်လက်ဖော်ပြပါမည်။**

## ဘုတ်ပြင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ မိဘဆရာအသင်း နှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

ဘုတ်ပြင်း နိုဝင်ဘာ ၂၀

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၉ ရက်က အခြေခံပညာအထက်တန်းကျောင်း (ဘုတ်ပြင်း) နဝရတ်ခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း (ဘုတ်ပြင်း) မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှအေးက မိဘဆရာအသင်းနှစ်ပတ်လည်ကျင်းပရသည့်ရည်ရွယ်ချက်များကိုပြောကြားပြီး ၂၀၂၄-၂၀၂၅ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ အမှုဆောင်သစ်များ ရွေးချယ်အတည်ပြုကြေညာခြင်းနှင့် ကျောင်းအကျိုးတော်ဆောင်ဦးထွန်းညွန့်က ပွံ့ပိုးမှုစာရင်းရှင်းတမ်းနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ပြောကြားသည်။

ယင်းနောက်၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူများနှင့် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများ၊ အတန်းလိုက်ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် သင်ကြားပေးသည့် အတန်းလိုက်ဘာသာရပ်သင်ဆရာ၊ ဆရာမများကို တာဝန်ရှိသူများက ထူးချွန်ဆုများနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

**ချမ်းမြေ့**

## သုံးခွမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီအတွက် စိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးပေး

ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တောင်သူများ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်းစိုက်ပျိုးနိုင်ရန် စိုက်ပျိုးစရိတ်ချေးငွေများကို နိုဝင်ဘာလ ၁၃ ရက်မှစ၍ ချေးငွေပြေကျေသူများကို ထုတ်ချေးပေးလျက်ရှိပြီး နိုဝင်ဘာလ ၂၀ ရက်တွင် ကတုံးပေါ်အလယ်ကျေးရွာမှ တောင်သူများအား ထုတ်ချေးပေးကြောင်း သိရသည်။

ရှေးဦးစွာ သုံးခွမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဦးဝင်းလှိုင်က ချေးငွေထုတ်ချေးပေးရသည့်ရည်ရွယ်ချက်နှင့် ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ပေးအပ်ရမည့်ကာလ၊ အတိုးနှုန်းများကို တောင်သူများအား ပြောကြားသည်။ ထို့နောက် ကတုံးပေါ်အလယ်ကျေးရွာမှ တောင်သူ ၁၀၅ ဦးအား တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ၈၂၆ ဧကအတွက် ငွေကျပ် ၈၂၆ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ထိုသို့ထုတ်ချေးပေးရာတွင် ရာသီဥတုအညွှန်းကိန်းအခြေပြုသီးနှံအာမခံများ ထားရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သုံးခွမြို့နယ်၌ ၂၀၂၄ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်းစိုက်ပျိုးစရိတ်ချေးငွေများကို မြို့မနှင့် ကျေးရွာအုပ်စု ၆၄ အုပ်စုမှ တောင်သူ ၃၁၀၀ ဦး၏ဧက ၂၅၀၀၀ အတွက် ချေးငွေ ငွေကျပ်သိန်း ၂၅၀၀၀ ထုတ်ချေးပေးရန်လျာထားကြောင်း သိရသည်။

**ကျော်ဆန်း**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့်၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

## ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့ (Global Fund) မှ Senior Fund Portfolio Manager - Ms. Maria Izaskun Gaviria Ayucar ကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၂၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့ (Global Fund to Fight AIDS, Tuberculosis and Malaria – Global Fund) မှ Senior Fund Portfolio Manager – Ms. Maria Izaskun Gaviria Ayucar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ Global Fund က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး မြန်မာနိုင်ငံနှင့် Global Fund တို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)



## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (United Nations World Food Programme - WFP)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်က ၎င်း၏ခန့်အပ်လွှာပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (United Nations World Food Programme –WFP) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Michael John Dunford သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ၎င်း၏ခန့်အပ်လွှာကို လာရောက်ပေးအပ်သည်။

ထိုသို့လာရောက်ပေးအပ်စဉ် WFP က မြန်မာနိုင်ငံတွင် လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသောကိစ္စများနှင့် ပတ်သက်၍ WFP မှ မြန်မာနိုင်ငံ၌ ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ကြသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Pyotr ILYICHEV ကို ဒုတိယဝန်ကြီး ဦးလွင်ဦး လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Pyotr ILYICHEV ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ ထို့နောက် မြန်မာ-ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညွှန်ကြားရေးမှူးချုပ်အဆင့် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ နှစ်နိုင်ငံအကြား ကုလသမဂ္ဂနှင့် နိုင်ငံတကာမျက်နှာစာ၌ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ ရုရှားသံရုံးမှ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Iskander Azizov တို့ တက်ရောက်ခဲ့ကြကြောင်းသိရသည်။

(သတင်းစဉ်)



# သီလဝါအထူးစီးပွားရေးဇုန်သို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့်ဒုတိယဥက္ကဋ္ဌ သွားရောက်ကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၂၀

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့သည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်(ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်ခဲ့သည်။

ဦးစွာ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို တွေ့ဆုံ၍ သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အညီ ဝန်ဆောင်မှုပေးရေး၊ ဇုန်အတွင်းရင်းနှီးမြှုပ်နှံမှုအသစ်များ ဆက်လက်ဖိတ်ခေါ်၍ ရင်းနှီးမြှုပ်နှံနိုင်ရေးဆောင်ရွက်ရေး၊ OSSC ၏ ဝန်ဆောင်မှုအရည်အသွေးများ ပိုမိုကောင်းမွန်စေရေးနှင့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ပေးရေး မှာကြားသည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန်ရှိ Promotion Zone(လုပ်ငန်းမြှင့်တင်ရေးဇုန်) မှ Kubota Myanmar Co., Ltd.နှင့် Free Zone (ကင်းလွတ်ဇုန်)မှ Lightion (Myanmar) Co., Ltd.နှင့် Promotion Zone (လုပ်ငန်းမြှင့်တင်ရေးဇုန်) မှ Zifam Pyrex Myanmar Co., Ltd. တို့၏ စက်ရုံများသို့ လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားသည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် ခွင့်ပြုထားသည့် လုပ်ငန်းပေါင်း ၁၂၅ ခုရှိပြီး လက်ရှိတွင် စက်ရုံ ၁၁၄ ရုံ လည်ပတ်လျက်ရှိပြီး ကင်းလွတ်ဇုန်တွင် စက်ရုံ ၃၅ ရုံနှင့် လုပ်ငန်းမြှင့်တင်ရေးဇုန်တွင် စက်ရုံ ၇၄ ရုံဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၀)



# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ဆက်လက်ကျင်းပ ယနေ့တွင် ပုလဲအတွဲပေါင်း ၁၀၀ တွဲရောင်းချရ



နေပြည်တော် နိုဝင်ဘာ ၂၀

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့်ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။



ထို့နောက် ယနေ့ပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲအမှတ်(၁၄၁)မှ အတွဲအမှတ် (၂၈၀) အထိ ပုလဲအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယင်းနောက် ပုလဲအတွဲအမှတ်(၁၄၁)မှ အတွဲအမှတ်(၂၈၀)အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၁၀၀ တွဲ ရောင်းချရကြောင်း ကြေညာသည်။

ယနေ့ညနေပိုင်းတွင်မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ပုလဲအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးမှုနှင့် တင်ဒါအောင်သည့်



ပုလဲအရောင်းစာရင်းများထုတ်ပြန်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ပြပွဲ စတုတ္ထနေ့တွင် ကျောက်မျက်အတွဲပေါင်း ၁၆၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ပြီး အဆိုပါကျောက်မျက်အတွဲများအတွက် အခြေခံဈေးကို အမေရိကန်ဒေါ်လာဖြင့်သတ်မှတ်ထားကာ ဝယ်ယူခွင့်ရရှိသည့် ပြည်ပရတနာကုန်သည်များအနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာကုန်သည်များအနေဖြင့် နိုင်ငံခြားငွေသို့မဟုတ် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။

အလားတူ အုပ်စု(အေ၊ ဘီ၊ စီ)အဖြစ် သုံးအုပ်စုခွဲခြားထားသည့် ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ တွဲအနက် အုပ်စု(အေ)နှင့် အုပ်စု(ဘီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာလ ၂၂ ရက်မှ ၂၄ ရက်အထိလည်းကောင်း၊ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာလ ၂၅ ရက်မှ ၂၇ ရက်အထိလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

**လင်းကြည်လင်း**

# (၃၅) နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၀

(၃၅) နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအဖွဲ့ဝင်ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှဥက္ကဋ္ဌများ၊ အရပ်ဘက်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် UNCRC ကို ၁၉၉၁ ခုနှစ် ဩဂုတ်လ ၁၅ ရက်တွင် အဖွဲ့ဝင်အဖြစ် အတည်ပြုပါဝင်ခဲ့ပြီး ကမ္ဘာ့ကလေးများနေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ယခုနှစ် ကမ္ဘာ့ကလေးများနေ့အတွက် ချမှတ်ပေးထားသည့် ဆောင်ပုဒ်မှာ “Listen to the Future” “အနာဂတ်သာယာကောင်းမွန်ရေး ကလေးများအသံနားထောင်ပေး” ဖြစ်ကြောင်း၊ ကလေးသူငယ်များ၏ မွေးရာပါအခွင့်အရေးမဆုံးရှုံးစေရန်နှင့် ကလေးများအားလုံး တန်းတူညီမျှရရှိနိုင်ရန် ကော်မတီအဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကလေးမိဘများ၊ ပြည်သူလူထုတစ်ရပ်လုံး သက်ဆိုင်ရာကဏ္ဍအသီးသီးမှ စဉ်ဆက်မပြတ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ကလေးသူငယ်များအခွင့်အရေး အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကိုပြသသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ နေပြည်တော်ကလေးပြုစုရေးဌာနမှ ကလေးများ၏ ဗာရာဏသီအက၊ နေပြည်တော်တွင် ယာယီဖွင့်လှစ်ထားသော လူငယ်သင်တန်းကျောင်းမှ ကျောင်းသားလေးများ၏ တောင်ယာဝင်ချိန်အက၊ နားမကြားသော ကလေးများကျောင်း(မန္တလေး) မှ ကျောင်းသား၊ ကျောင်းသူများ၏ လွှိုင်ကထုံအက၊ ရန်ကုန်အမျိုးသမီးကလေးများကျောင်း (မလိခ)နှင့် ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းတို့မှ တူနှစ်သွယ်နှစ်ပါးသွားအကတို့ဖြင့် သရုပ်ဖော်တင်ဆက်ကပြကြရာ ပြည်ထောင်စုဝန်ကြီးက ကလေးများကို ဂုဏ်ပြုလက်ဆောင်နှင့်ဆုတော်ငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။(၅၀၀)

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု၊ ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး။
★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး။
★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။
★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ ၁၀၄ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

**ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးညီညွတ်စို့။**

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၅-၁၁-၂၀၂၄)

# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည့် ကျောင်းသား၊ ကျောင်းသူများ တည်းခိုနေထိုင်မည့်အဆောင်များကို ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၀

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းသို့သွားရောက်ပြီး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ရန် ရောက်ရှိလာကြသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ



ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)တို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် အုပ်ချုပ်သူများကိုတွေ့ဆုံ၍ တည်းခိုနေထိုင်နိုင်ရန် နေရာချထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက်ဖျော်ဖြေရေးအဖွဲ့များ တည်းခိုနေထိုင်မည့် အဆောင်များတွင် အိပ်ရာခင်းကျင်းထားမှုအခြေအနေများ၊ ကြီးကြပ်သူများကို နေရာချထားမည့်အခန်းများ၊ စားရိပ်သာများနှင့် သန့်စင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ အမျိုးသားအားကစားပွဲတော်တွင်ပြိုင်ပွဲဝင်မည့်အားကစားသမားများ တည်းခိုနေထိုင်နိုင်ရန် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် နေရာချထားမည့်အဆောင်များ၊ အိပ်ရာသုံးပစ္စည်းများ ထိန်းသိမ်းထားမှု အခြေအနေများနှင့် ဆပ်ကော်မတီရုံးခန်းဖွင့်လှစ်မည့်အခန်းများကိုလှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

(၅၀၀)

# မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲတွင် Junior Lions အသင်းနှင့် ဒဂုံစတားအသင်းတို့ နိုင်ပွဲရရှိ

ရန်ကုန် နိုဝင်ဘာ ၂၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၄)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပခဲ့ရာ ဒဂုံစတားအသင်းနှင့် Junior Lions အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၂၄)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃နာရီတွင် စလင်းအားကစားကွင်း၌ Junior Lions အသင်းနှင့် ဒဂုံပေါ့အသင်းတို့ကစားခဲ့ရာ Junior Lions အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး Junior Lions အသင်းအတွက် တစ်လုံးတည်းသောသွင်းဂိုးကို ပွဲချိန် ၅၁ မိနစ်တွင် စိုင်းဘိုဘိုကျော်ကသွင်းယူပေးနိုင်ခဲ့ကာ အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို Junior Lions အသင်းမှ ကျော်ညီညီက ရရှိခဲ့သည်။

အလားတူ ညနေ ၃နာရီတွင် ပဒုမ္မာအားကစားကွင်း၌ မဟာယုနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ကစားခဲ့ရာ ဒဂုံစတားအသင်းက ၂ ဂိုး ၁ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၉ မိနစ်တွင် စောအာကာလု၊ ပွဲချိန် ၆၅ မိနစ်တွင် စောအောင်မျိုးမင်းသိန်းတို့ကသွင်းယူပေးနိုင်ခဲ့ပြီး မဟာယုနိုက်တက်အသင်းအတွက်တစ်လုံးတည်းသောချေပဂိုးကို ပွဲချိန် ၆၇ မိနစ်တွင် ဝင်းခန့်ပိုင်ဖြိုးက သွင်းယူနိုင်ခဲ့ကာ အဆိုပါပွဲစဉ်၏အကောင်းဆုံးကစားသမားဆုကို ဒဂုံစတားအသင်းမှ စောအာကာလုက ရရှိခဲ့သည်။

ဆက်လက်ပြီးညနေ၃နာရီတွင်တောင်ဒဂုံအားကစားကွင်း၌ ISPE အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့ကာ အဆိုပါပွဲစဉ်၏ အကောင်းဆုံးကစားသမားဆုကို ဟံသာဝတီယူနိုက်တက်အသင်းမှ ဂိုးသမား မင်းခန့်နိုင်က ရရှိခဲ့ကြောင်း သိရသည်။

**စည်သူအောင်**



### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၁၁-၂၀၂၄ 　 ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၁၀ | ၃၀၉၀ | ၃၀၆၅ | ၃၀၂၀ | ၃၀၉၀ | ၃၁၀၅ | ၃၁၁၅ | ၃၀၇၀ | ၄၅၀၅ | ၃၂၂၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၂၅ | ၃၁၁၅ | ၃၁၃၀ | ၃၅၃၀ | ၄၀၀၀ |
| 95 Ron | ၃၂၀၀ | ၃၂၈၅ | ၃၂၆၀ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၁၀ | ၃၂၆၅ | ၄၅၆၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၄၁၅၀ |
| HSD (500 ppm) | ၂၆၆၅ | ၂၇၄၅ | ၂၇၂၀ | ၂၆၇၀ | ၂၇၄၅ | ၂၇၅၅ | ၂၇၇၀ | ၂၇၂၅ | - | ၂၈၈၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၈၀ | ၂၇၇၀ | ၂၇၈၀ | ၃၁၈၅ | ၄၀၀၀ |
| HSD (50 ppm) | ၃၃၁၀ | ၃၃၉၀ | ၃၃၆၅ | ၃၃၂၀ | ၃၃၉၅ | ၃၄၀၅ | ၃၄၂၀ | ၃၃၇၅ | ၄၈၃၀ | ၃၅၃၀ | ၃၃၈၀ | ၃၃၉၅ | ၃၄၃၀ | ၃၄၁၅ | ၃၄၃၀ | ၃၈၃၅ | - |
| HSD (10 ppm) | ၃၃၁၀ | ၃၃၉၀ | ၃၃၆၅ | ၃၃၂၀ | ၃၃၉၅ | ၃၄၀၅ | ၃၄၂၀ | ၃၃၇၅ | - | ၃၅၃၀ | ၃၃၈၀ | ၃၃၉၅ | ၃၄၃၀ | ၃၄၁၅ | ၃၄၃၀ | ၃၈၃၅ | - |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၅၃ | ၂၉၄၃ |
| 95 Ron | ၃၀၃၉ | ၃၁၃၃ |
| HSD (500 ppm) | ၂၅၁၆ | ၂၅၉၆ |
| HSD (50 ppm) | ၃၁၄၄ | ၃၂၃၇ |
| HSD (10 ppm) | ၃၁၄၄ | ၃၂၃၇ |

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကမ္ဘာ့ကျန်းမာရေးမြင်ကွင်းကျယ်

## (ကိုဗစ်-၁၉ အလွန် ကျန်းမာရေးဆိုင်ရာကိန်းဂဏန်းတချို့အားလေ့လာခြင်း)

ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာတစ်လွှား အများပြည်သူကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ အကြီးအကျယ်ကသောင်းကနင်းဖြစ်စေခဲ့သည်။ ကျန်းမာရေး၊ စီးပွားရေး၊ မိသားစုများနှင့် လူ့အဖွဲ့အစည်းများအပေါ် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စိတ်မကောင်းစရာသက်ရောက်မှုများအား ကမ္ဘာတစ်လွှား တွေ့မြင်ခဲ့ရသည်။ ဆက်လက်ပြီးလည်း ကပ်ရောဂါ၏ ဆိုးကျိုးသက်ရောက်မှုအကြွင်းအကျန်များကို တွေ့မြင်ရဖွယ်ရှိသည်။ ကမ္ဘာ့ဒေသများတွင် ကိုဗစ်-၁၉ လှိုင်းများအလိုက် ထိခိုက်ခဲ့ရမှုများမတူခဲ့ပေ။ အမေရိက၊ ဥရောပနှင့် မြေထဲပင်လယ်ဒေသများတွင် ၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ပထမလှိုင်းနှင့် ဒုတိယလှိုင်းများမှာ ထိခိုက်မှုပမာဏအလွန်များပြားခဲ့ပြီး အရှေ့တောင်အာရှနှင့် အာဖရိကဒေသများတွင် ဒယ်လ်တာလှိုင်းဟုခေါ်သည့် ကိုဗစ်-၁၉ တတိယလှိုင်းကာလတွင် ထိခိုက်မှုပမာဏ ပိုမိုများပြားခဲ့သည်။

သိပ္ပံနှင့် နည်းပညာများဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လူသားများ၏ ကျန်းမာမှု၊ အသက်ရှည်မှုနှင့် ရောဂါဘယကင်းရှင်းမှုတွင် တိုးတက်မှုများရှိလာခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ခင်အထိ ဆေးကုသမှု၊ ရောဂါကာကွယ်ရေး စသည့်နယ်ပယ်များတွင် ဖြစ်ထွန်းတိုးတက်မှုများသည် လူ့သက်တမ်းကို များစွာတိုးလာစေခဲ့ပြီဖြစ်သည်။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်အသစ်ကို ရင်ဆိုင်ရသည့်အချိန်တွင် လူသားများအနေဖြင့် မိမိတို့၏ ကျန်းမာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများမှာ လုံလောက်မှုမရှိကြောင်းနှင့် အားရဖွယ်မဟုတ်ကြောင်း၊ စိတ်အားလျော့စရာပင်ဖြစ်ခဲ့ကြောင်း မျက်ဝါးထင်ထင်တွေ့ရှိခဲ့ရပြီးလည်းဖြစ်သည်။ သို့နှင့်တိုင် ကိုဗစ်-၁၉ ၏ စိန်ခေါ်မှုကြားထဲမှ အချိန်တိုအတွင်း ကာကွယ်ဆေးထုတ်လုပ်ခြင်းနည်းပညာများ၊ လိုအပ်သည့် ကာကွယ်ဆေးပမာဏအား အချိန်တိုအတွင်း စံချိန်တင်ထုတ်လုပ်ဖြန့်ချီခြင်းနည်းလမ်းများ၊ ရောဂါထိန်းချုပ်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများအား အဆိုးထဲမှအကောင်းဆိုသလို ဖော်ထုတ်ရရှိခဲ့သည်။ ကိုဗစ်-၁၉ ကာလနောက်ပိုင်း ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအခြေအနေအပေါ် သက်ရောက်မှုများကိုဖော်ပြထားသည့် ကိန်းဂဏန်းတချို့အား ၂၀၂၄ ခုနှစ် ကမ္ဘာ့ကျန်းမာရေးဆိုင်ရာအစီရင်ခံစာများမှတစ်ဆင့် အနည်းငယ်ထုတ်နုတ်မီးမောင်းထိုး တင်ပြလိုပါသည်။

### မျှော်မှန်းလူ့သက်တမ်းအခြေအနေ

မျှော်မှန်းလူ့သက်တမ်းသည် ပုံမှန်တိုးတက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့ပျမ်းမျှလူ့သက်တမ်းသည် ၆၆ ဒသမ ၈ နှစ်ရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ၇၃ ဒသမ ၁ နှစ်အထိ ရှိခဲ့သည်။ ထိုနည်းတူ ကျန်းမာသောဘဝမျှော်မှန်းသက်တမ်း (Healthy Life expectancy) သည် ၅၈ ဒသမ ၁ နှစ်မှ ၆၃ ဒသမ ၅ နှစ်အထိ တိုးတက်ခဲ့ပါသည်။ သို့ရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုသည် အဆိုပါတိုးတက်ဖြစ်ထွန်းမှုကို နောက်ပြန်ဆုတ်သွားစေခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါသည် လွန်ခဲ့သောဆယ်စုနှစ်များအတွင်းက ရရှိခဲ့သည့် မျှော်မှန်းလူ့သက်တမ်းနှင့် ကျန်းမာသောဘဝမျှော်မှန်းသက်တမ်းတို့ကို ပြောင်းလဲစေခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် မျှော်မှန်းလူ့သက်တမ်းနှင့် ကျန်းမာသောဘဝမျှော်မှန်းလူ့သက်တမ်းတို့သည် ၂၀၁၆ ခုနှစ်အခြေအနေ (၇၂ ဒသမ ၅ နှစ်၊ ၆၂ ဒသမ ၈ နှစ်)သို့ ကျဆင်းသွားစေခဲ့သည်။ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်းနှစ်များတွင်လည်း ၂၀၁၂ ခုနှစ်အခြေအနေ(၇၁ ဒသမ ၄ နှစ်နှင့် ၆၁ ဒသမ ၉ နှစ်)သို့ ကျဆင်းသွားစေခဲ့သည်ကိုတွေ့ရှိရသည်။ အဓိကကျဆင်းသွားခဲ့သည့်ဒေသများမှာ အမေရိကဒေသများနှင့် အရှေ့တောင်အာရှဒေသများပင်ဖြစ်သည်။ ယင်းဒေသများတွင် ၂၀၁၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း မျှော်မှန်းလူ့သက်တမ်းသည် သုံးနှစ်ကျဆင်းခဲ့ပြီး ကျန်းမာသောဘဝ မျှော်မှန်းသက်တမ်းသည် ၂ ဒသမ ၅ နှစ် ကျဆင်းခဲ့ပါသည်။ ထုံးစံအတိုင်း ဝင်ငွေမြင့်နိုင်ငံများအနေဖြင့် ဝင်ငွေအလယ်အလတ်နှင့် နိမ့်ပါးသည့်နိုင်ငံများမှာထက် အသက်ပိုရှည်စွာနှင့် ကျန်းမာစွာဆက်လက်နေထိုင်နိုင်ခဲ့ပါသည်။ သို့တိုင် အဆိုပါနိုင်ငံများတွင်လည်း မျှော်မှန်းလူ့သက်တမ်းဆိုင်ရာ တိုးတက်မှုနှေးကွေးတုံ့ဆိုင်းခြင်းများဖြစ်ခဲ့သည်။

### ရောဂါများ၏ဝန်ထုပ်ဝန်ပိုး ပြောင်းလဲလာခြင်း

ကိုဗစ်-၁၉ ကပ်ရောဂါသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လူ့သက်တမ်းများကို ထိခိုက်စေရုံမျှမက သေဆုံးရသည့်အကြောင်းရင်းအုပ်စုကိုလည်း ပြောင်းလဲစေခဲ့သည်။ သေဆုံးရခြင်းအကြောင်းရင်းများကို ကူးစက်ရောဂါများကြောင့်၊ မကူးစက်ရောဂါများကြောင့်နှင့် ထိခိုက်ဒဏ်ရာများကြောင့်ဟူ၍ အဓိကအုပ်စုသုံးခုခွဲခြားသတ်မှတ်လေ့လာလေ့ရှိသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာအရ ၂၀၀၀ ပြည့်နှစ်တွင် မကူးစက်ရောဂါများကြောင့် သေဆုံးရမှုသည် သေဆုံးမှုများ၏ ၅၉ ဒသမ ၅ ရာခိုင်နှုန်းနှင့် ကူးစက်ရောဂါများကြောင့် သေဆုံးရမှုသည် ၃၂ ဒသမ ၂ ရာခိုင်နှုန်းခန့်ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် မကူးစက်ရောဂါဖြင့် သေဆုံးရမှုသည် သေဆုံးမှုများ၏ ၇၃ ဒသမ ၉ ရာခိုင်နှုန်းအထိရှိခဲ့ပြီး ကူးစက်ရောဂါကြောင့်သေဆုံးရမှုသည် ၁၈ ဒသမ ၂ ရာခိုင်နှုန်းခန့်အထိ ပြောင်းလဲမှုရှိခဲ့သည်။ ဆိုလိုသည်မှာ ကူးစက်ရောဂါကြောင့် သေဆုံးရမှုသည် တဖြည်းဖြည်းကျဆင်းလာခဲ့သည်။ သို့ရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားခဲ့သည့်နောက်တွင် ကူးစက်ရောဂါဖြင့် သေဆုံးရမှုသည် ၂၀၂၀ ပြည့်နှစ်တွင် ၂၃ ရာခိုင်နှုန်းနှင့် ၂၀၂၁ ခုနှစ်တွင် ၂၈ ဒသမ ၁ ရာခိုင်နှုန်းအထိပြန်လည်မြင့်တက်ခဲ့သည်။ အဆိုပါကိန်းဂဏန်းများသည် ၂၀၀၅ ခုနှစ် အခြေအနေသို့ တစ်ဖန်ပြန်ရောက်သွားခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။ မကူးစက်ရောဂါဖြင့် သေဆုံးရမှုမှာ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်များတွင် သေဆုံးမှုအားလုံး၏ ၇၀ ရာခိုင်နှုန်းနှင့် ၆၅ ဒသမ ၃ ရာခိုင်နှုန်းများသို့ အသီးသီးကျဆင်းခဲ့သည်။ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်များတွင် ကိုဗစ်-၁၉ ကြောင့် ကမ္ဘာတစ်ဝန်းသေဆုံးရသူအရေအတွက်မှာ ၄ ဒသမ ၁ သန်းနှင့် ၈ ဒသမ ၈ သန်း အသီးသီးရှိခဲ့ပြီး သေဆုံးရခြင်း ရောဂါ ထိပ်တန်းသုံးခုတွင် ပါဝင်ခဲ့သည်။ အမေရိကဒေသများ၌ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၁ ခုနှစ်များတွင် ကိုဗစ်-၁၉ ရောဂါသည် သေဆုံးရခြင်းအကြောင်းရင်းများအနက် ပထမနေရာတွင် ရှိနေခဲ့သည်။ အာဖရိကနှင့် အနောက်ပစိဖိတ်ဒေသများမှအပ ကျန်ကမ္ဘာ့ဒေသများတွင် ကိုဗစ်-၁၉ ရောဂါသည် သေဆုံးရခြင်းရောဂါများအနက် ပထမငါးနေရာတွင်ရှိခဲ့သည်။ အဆိုပါပြောင်းလဲမှုများသည် ဝင်ငွေနိမ့်တိုင်းပြည်များတွင် သိသာထင်ရှားမှုမရှိခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် ဝင်ငွေနိမ့်တိုင်းပြည်များတွင် မူလကတည်းက ကူးစက်ရောဂါဖြစ်ပွားမှုများ အထိုက်အလျောက် ရှိနေကြသဖြင့်ဖြစ်သည်။ ဝင်ငွေမြင့်တိုင်းပြည်များတွင်မူ ကူးစက်ရောဂါများသည် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားလာမှသာ ပိုမိုထိတွေ့ခံစားလာရသဖြင့် အဆိုပါတိုင်းပြည်များတွင် အချိုးအစားပြောင်းလဲမှုကို ပိုမိုထိခိုက်ခံစားခဲ့ရသည်။ ၂၀၂၁ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် သေဆုံးမှုအများဆုံးဖြစ်စေသည့် ထိပ်တန်းရောဂါ ၁၀ မျိုးမှာ နှလုံးသွေးကြောရောဂါ၊ ကိုဗစ်-၁၉ ရောဂါ၊ လေဖြတ်ရောဂါ၊ နာတာရှည် အသက်ရှူလမ်းကြောင်းပိတ်ခြင်းဆိုင်ရာရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာကူးစက်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာကင်ဆာရောဂါ၊ အယ်လ်ဇိုင်းမားနှင့်ဆက်စပ်ရောဂါ၊ ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါ၊ တီဘီရောဂါ စသည်တို့ အစဉ်လိုက်အတိုင်းဖြစ်ပါသည်။

### စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ပါ သေဆုံးမှုညွှန်းကိန်းများ

စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များတွင်ပါရှိသော ကျန်းမာရေးဆိုင်ရာရည်မှန်းချက်များနှင့်ပတ်သက်၍ အများစုသည် မျှော်မှန်းချက်များမရရှိသေးသော်လည်း မှန်ကန်သော လမ်းကြောင်းပေါ်တွင်ရှိနေဆဲဖြစ်သည်။ မိခင်နှင့်ကလေးသေဆုံးနှုန်း လျှော့ချနိုင်ရေးသည် အရေးကြီးသော မျှော်မှန်းချက်ဖြစ်သည်။ မိခင်သေဆုံးနှုန်းအနေဖြင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ်အတွင်း သိသိသာသာကျဆင်းခဲ့သည်။ မိခင်သေဆုံးမှုမှာ ၂၀၀၀ ပြည့်နှစ်တွင် အရှင်မွေးဖွားမှုတစ်သိန်းတွင် ၃၃၉ ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၂၂၇ အထိကျဆင်းခဲ့ပါသည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ရည်မှန်းချက်အရ ၂၀၃၀ ပြည့်နှစ်တွင် မိခင်သေဆုံးနှုန်းကို အရှင်မွေးဖွားမှုတစ်သိန်းတွင် ၇၀ ဦးအောက်အထိလျှော့ချနိုင်ရမည်ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်တွင် ၂၂၃ ဦးအထိရှိဆဲဖြစ်ရာ ကလေးမွေးစဉ်မိခင်သေဆုံးနှုန်း ကျဆင်းမှုမှာ တုံ့ဆိုင်းနေသည်ကို တွေ့ရှိရသည်။ ငါးနှစ်အောက်ကလေးသေဆုံးမှုမှာ ၂၀၀၀ ပြည့်နှစ်တွင် ၉ ဒသမ ၉ သန်းရှိရာမှ ၂၀၂၂ ခုနှစ်တွင် ၄ ဒသမ ၉ သန်းအထိကျဆင်းခဲ့သည်။ မွေးကင်းစကလေးသေဆုံးမှုအနေဖြင့် ၂၀၀၀ ပြည့်နှစ်တွင် ၄ ဒသမ ၁ သန်းရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၂ ဒသမ ၃ သန်းအထိ ကျဆင်းခဲ့ပါသည်။ မွေးကင်းစကလေးသေဆုံးမှုများသည် ၅ နှစ်အောက်ကလေးသေဆုံးမှုတွက်ချက်မှုတွင် ကြီးမားသည့်အချိုးအစားတစ်ခုအနေဖြင့် ပါဝင်နေသည်။ အဆိုပါငါးနှစ်အောက်ကလေးသေဆုံးမှုထဲတွင် မွေးကင်းစကလေးသေဆုံးမှုပါဝင်သော အချိုးအစားမှာ ၂၀၀၀ ပြည့်နှစ်တွင် ၄၁ ရာခိုင်နှုန်းခန့်ရှိပြီး ၂၀၂၂ ခုနှစ်တွင် ၄၇ ရာခိုင်နှုန်းအထိ အသီးသီးရှိကြောင်း သိရသည်။

### ထိခိုက်ဒဏ်ရာကြောင့်သေဆုံးမှုများ

ကမ္ဘာ့လူဦးရေတိုးပွားလာမှု၊ ယာဉ်အစီးရေသိသိသာသာတိုးပွားလာမှုများရှိသည့်တိုင် ယာဉ်တိုက်ခိုက်မှုကြောင့် သေဆုံးမှုမှာ လျော့ကျလျက်ရှိရာ တစ်ကမ္ဘာလုံးအတိုင်းအတာအရ ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုမှာ ၂၀၁၀ ပြည့်နှစ်တွင် ၁ ဒသမ ၂၅ သန်းရှိခဲ့သော်လည်း ၂၀၂၁ ခုနှစ်တွင် ၁ ဒသမ ၁၈ သန်းရှိကြောင်း သိရသည်။ မိမိကိုယ်ကိုအဆုံးစီရင်မှုကြောင့် သေဆုံးမှုအနေဖြင့် ၂၀၀၀ ပြည့်နှစ်တွင် တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့် ၇၆၂၀၀၀ ခန့်ရှိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ၇၁၇၀၀၀ ခန့်ရှိခဲ့ကြောင်း သိရှိရသည်။ မိမိကိုယ်ကိုအဆုံးစီရင်မှုနှင့်ပတ်သက်၍ အမျိုးသားများမှာ အမျိုးသမီးများထက် နှစ်ဆကျော်ခန့်များပြားကြောင်း တစ်ကမ္ဘာလုံးအနေဖြင့် အမေရိကဒေသ၌ အများဆုံးဖြစ်ပြီး အရှေ့မြေထဲပင်လယ်ဒေသသည် အနည်းဆုံးဖြစ်ကြောင်း သိရှိရသည်။ အသတ်ခံရမှုကြောင့် သေဆုံးရမှုအနေဖြင့် တစ်ကမ္ဘာလုံး၌ ၂၀၀၀ ပြည့်နှစ်တွင် ၄၇၈၀၀၀ ခန့်ရှိခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ၄၈၁၀၀၀ ခန့်ရှိကြောင်း၊ အမျိုးသားဦးရေပိုများကြောင်း၊ အမေရိကဒေသများတွင် အများဆုံးဖြစ်ကြောင်း သိရှိရသည်။ ကြိုတင်ကြံရွယ်ချက်မရှိဘဲ အဆိပ်အတောက်မိသေဆုံးရမှုအနေဖြင့် တစ်ကမ္ဘာလုံးအချက်အလက်များအရ ၂၀၀၀ ပြည့်နှစ်တွင် ၆၃၀၀၀ ခန့်ရှိပြီး ၂၀၂၁ ခုနှစ်တွင် ၅၉၀၀၀ ခန့်ရှိကြောင်း၊ အမျိုးသားဦးရေ ပိုမိုများကြောင်းသိရှိရသည်။ မကူးစက်ရောဂါများကြောင့် သေဆုံးရမှုသည် ရောဂါစောစီးစွာရှာဖွေတွေ့ရှိမှု၊ ကျန်းမာသောနေထိုင်မှုပုံစံများ ပြောင်းလဲလာခြင်းနှင့် ခေတ်မီကုထုံးများတိုးတက်လာခြင်း စသည်တို့ကြောင့် မကူးစက်ရောဂါများဖြင့် အရွယ်မတိုင်မီသေဆုံးရမှုများကို လျှော့ချနိုင်ခဲ့သည်။ အဓိကမကူးစက်ရောဂါများဖြစ်သည့် နှလုံးရောဂါ၊ ကင်ဆာရောဂါ၊ နာတာရှည်အဆုတ်ရောဂါနှင့် ဆီးချိုရောဂါများကြောင့် အရွယ်မတိုင်မီ သေဆုံးရနိုင်ခြေသည် တစ်ကမ္ဘာလုံး အတိုင်းအတာအရ ၂၀၀၀ ပြည့်နှစ်တွင် ၂၂ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၁၉ ခုနှစ် ကိုဗစ်-၁၉ ရောဂါ မတိုင်မီကာလတွင်

စာမျက်နှာ ၉ သို့ ■

> **"ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ခင်အထိ ဆေးကုသမှု၊ ရောဂါကာကွယ်ရေး စသည့်နယ်ပယ်များတွင် ဖြစ်ထွန်းတိုးတက်မှုများသည် လူ့သက်တမ်းကို များစွာတိုးလာစေခဲ့ပြီဖြစ်သည်။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်အသစ်ကို ရင်ဆိုင်ရသည့်အချိန်တွင် လူသားများအနေဖြင့် မိမိတို့၏ ကျန်းမာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများမှာ လုံလောက်မှုမရှိကြောင်းနှင့် အားရဖွယ်မဟုတ်ကြောင်း၊ စိတ်အားလျော့စရာပင်ဖြစ်ခဲ့ကြောင်း မျက်ဝါးထင်ထင်တွေ့ရှိခဲ့ရပြီးလည်းဖြစ်သည်။ သို့နှင့်တိုင် ကိုဗစ်-၁၉ ၏ စိန်ခေါ်မှုကြားထဲမှ အချိန်တိုအတွင်း ကာကွယ်ဆေးထုတ်လုပ်ခြင်းနည်းပညာများ၊ လိုအပ်သည့်ကာကွယ်ဆေးပမာဏအား အချိန်တိုအတွင်း စံချိန်တင်ထုတ်လုပ်ဖြန့်ချီခြင်းနည်းလမ်းများ၊ ရောဂါထိန်းချုပ်ကာကွယ်ရေးဆိုင်ရာနည်းလမ်းများအား အဆိုးထဲမှအကောင်းဆိုသလို ဖော်ထုတ်ရရှိခဲ့သည် . . ."**

■စာမျက်နှာ ၈ မှအဆက်

၁၈ ဒသမ ၂ ရာခိုင်နှုန်းအထိလျော့ကျခဲ့ သည်။ ကိုဗစ်-၁၉ ကပ်ရောဂါကာလ တွင် မကူးစက်ရောဂါများနှင့်ပတ်သက် ၍ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများဖြစ် သော ဆေးပေးခြင်း၊ ရောဂါဖြစ်ပွားမှုကို တစ်ဦးချင်း စောင့်ကြည့်ကုသပေးခြင်း လုပ်ငန်းစဉ်များမှာ ရပ်ဆိုင်းလုနီးပါးဖြစ် ခြင်းနှင့် အဆိုပါမကူးစက်ရောဂါများ ကိုယ် ၌က ကိုဗစ်-၁၉ ကူးစက်ခံရမှုနှင့်အတူ ရောဂါပိုမိုဆိုးရွားနိုင်ခြေရှိခြင်း၊ မကူးစက် ရောဂါအခံရှိသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက သေဆုံးနိုင်ခြေ မြင့်မားခြင်း စသည်တို့ကြောင့် ကိုဗစ်-၁၉ ကာလများတွင် မကူးစက်ရောဂါများ အခြေအနေနှင့်ပတ်သက်၍ တိကျသေချာ သည့် အချက်အလက်များရရှိရန် ခဲယဉ်းခဲ့ သည်။ ဆိုလိုသည်မှာ ဥပမာ- ကိုဗစ်-၁၉ ကြောင့် သေဆုံးခြင်းလား၊ မကူးစက် ရောဂါကြောင့် သေဆုံးခြင်းလားခွဲခြားမှု များတွင် သတ်မှတ်ချက်များ၊ ကိန်းဂဏန်း များ လွဲချော်နိုင်သောကြောင့်ဖြစ်သည်။

**ပတ်ဝန်းကျင်ထိခိုက်မှုများနှင့် ဆက်နွယ်နေသည့် သေဆုံးမှုများ**

လေထုညစ်ညမ်းခြင်း၊ သန့်ရှင်းသော သောက်သုံးရေမရရှိခြင်း၊ အစားအသောက် မသန့်ရှင်းခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်းစသည်တို့ကြောင့် သေဆုံးရ မှုမှာလည်း တစ်ကမ္ဘာလုံးအတိုင်းအတာ အားဖြင့် နှစ်စဉ် သန်းဂဏန်းထက်မနည်း ရှိနေပါသည်။ လေထုညစ်ညမ်းမှုကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ အဆုတ်ကင်ဆာကဲ့သို့သော ရောဂါများ ကို ဖြစ်ပွားစေရန် အားပေးလျက်ရှိသည်။ အဆောက်အအုံများအတွင်း လေထု အရည်အသွေးညံ့ဖျင်းမှုအပါအဝင် လေထု ညစ်ညမ်းမှုများနှင့်ဆက်နွယ်၍ သေဆုံးရ သူမှာ ၂၀၁၉ ခုနှစ်အတွင်း ၆ ဒသမ ၇ သန်း ခန့်ရှိကြောင်း၊ အာဖရိက၊ အရှေ့မြေထဲ ပင်လယ်ဒေသနှင့် အရှေ့တောင်အာရှ ဒေသများတွင် အများဆုံးဖြစ်ကြောင်း သိရှိ ရသည်။ တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်း ခြင်းနှင့်ဆက်နွယ်၍ သေဆုံးရမှုများအနေ ဖြင့် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ၂၀၁၉ ခုနှစ်တွင် ၁ ဒသမ ၉ သန်းခန့်အထိ ရှိနိုင်ကြောင်း၊ သေဆုံးသူတစ်သိန်းလျှင် ၁၈ ဒသမ ၃ ဦးခန့်ရှိနိုင်ကြောင်း ခန့်မှန်း တွက်ချက်မှုများအရ သိရှိရသည်။

**၃ ဘီလီယံရည်မှန်းချက်**

**(triple billion target)**

triple billion target သည် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့၏ thirteenth general programme of work (GPW13) မူဘောင် တစ်ခုဖြစ်ပြီး ၂၀၁၉-၂၀၂၃ ကာလအတွင်း အားလုံးလွှမ်းခြုံသော ကျန်းမာရေး စောင့်ရှောက်မှု၊ အရေးပေါ်ကျန်းမာရေး အခြေအနေများအတွက် ပြင်ဆင်ထားရှိမှု နှင့် ပိုမိုကျန်းမာသည့်လူဦးရေဟူသော ခေါင်းစဉ်များအောက်တွင် ခေါင်းစဉ်တစ်ခု လျှင် ၂၀၁၈ ခုနှစ်အချက်အလက်များ ထက် လူသန်း ၁၀၀၀ ပိုမိုခံစားရရှိစေရေး ရည်မှန်းချက်ထားရှိကြောင်း သိရှိရသည်။ သို့ရာတွင် ၂၀၁၈ ခုနှစ်အချက်အလက် များပေါ် အခြေခံတွက်ချက်မှုအရ တစ် ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ၂၀၂၅ ခုနှစ်တွင် အခြေခံကျန်းမာရေးစောင့် ရှောက်မှုကို ငွေကြေးဆိုင်ရာ စိတ်ပူပန် စရာမလိုဘဲ ရရှိနေမှုသည် ၂၀၁၈ ခုနှစ် ထက် ၅၈၅ သန်းခန့်သာ ပိုမိုရရှိမည်ဟု လည်းကောင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုရရှိနိုင်မှုသည် ၇၇၇ သန်း ခန့်သာပိုမိုမည်ဟုလည်းကောင်း ခန့်မှန်း ကြပြီး ကျန်းမာသောဘဝကိုပိုင်ဆိုင်နိုင် မည့် လူဦးရေအနေဖြင့် ၂၀၁၈ ခုနှစ်ထက် ၁ ဒသမ ၅ ဘီလီယံခန့် ပိုမိုရရှိနိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့ ကျန်းမာရေးဆိုင်ရာအရွေ့များ၊ မျှော်မှန်း ချက်များအပေါ် ထိခိုက်မှုများရှိခဲ့ကာ အဆိုပါထိခိုက်မှုများအပေါ် ကုစားမည့် အစီအမံများကို တစ်ကမ္ဘာလုံး စုစည်း ညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်နေဆဲဖြစ်သည်ဟု သိရှိရပါကြောင်း ရေးသားလိုက်ရပါသည်။

**ဒေါက်တာဇေယျာဝင်း**

# ဟိုပုံးမြို့ ဗုဒ္ဓပူဇနီယ တန်ဆောင်တိုင်မီးထွန်းပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပ



ဟိုပုံး နိုဝင်ဘာ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဟိုပုံးမြို့ ဗုဒ္ဓ ပူဇနီယတန်ဆောင်တိုင် မီးထွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာလ ၁၉ ရက်က သီရိမင်္ဂလာရွှေချမ်းသာမွေတော် ဘုရားကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ မြို့မိမြို့ဖ ဦးခွန်မောင် ဖြူနှင့် သီရိမင်္ဂလာရွှေချမ်းသာမွေတော် ဘုရားကြီး ဂေါပက ဥက္ကဋ္ဌ ဦးကျော်ရှိန်တို့ က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးပြီးနောက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက မီးပုံး အကအလှများဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံ ပြည်သူများက မီးပုံးပျံငယ်များ လွှတ်တင် ပူဇော်ကြပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူများက သီရိ မင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီးကို ရတနာဒီပံဆီမီးထွန်းညှိပူဇော်ကြသည်။

ယင်းနောက် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)မှ တာဝန်ရှိသူများသည် ဟိုပုံးမြို့ ဗုဒ္ဓပူဇနီယတန်ဆောင်တိုင်မီးထွန်းပွဲတော် အတွက် အလှူတော်ငွေများပေးအပ်ပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့ က မီးပုံးအကအလှအဖွဲ့များအား ဂုဏ်ပြု ချီးမြှင့်ငွေများပေးအပ်ကြသည်။

ဆက်လက်၍ စိန်နားပန်မီးပုံးပျံနှင့် ညမီးကြီးမီးပုံးပျံလွှတ်တင်ပူဇော်ကြပြီး ဟိုပုံးမြို့ရှိ အနောက်ရပ်ကွက်၊ တုံခမ်း ရပ်ကွက်၊ လွယ်အွန့်ကျေးရွာအုပ်စု ရန်ကင်းကျေးရွာ၊ ဖာလိုင်ကျေးရွာနှင့် လွယ်အွန့်ကျေးရွာတို့မှ မီးပဒေသာ လှည့်လည်ပူဇော်ကြသည်။

အဆိုပါ ဟိုပုံးမြို့ ဗုဒ္ဓပူဇနီယ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင် ဘာလ ၁၉ ရက်မှ ၂၃ ရက်အထိ စိန်နားပန် မီးပုံးပျံ၊ ညမီးကြီးမီးပုံးပျံနှင့် မီးပဒေသာ လှည့်လည်ပူဇော်ခြင်းများဖြင့် ကျင်းပ လျက်ရှိကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်းဆင်း

ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၀

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားလာ စေရန်ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် အသက် မွေးဝမ်းကျောင်း အထောက်အကူပြု လျှပ်စစ်သံဂဟေဆက်သင်တန်းဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာလ ၁၉ ရက်က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အောင်လံခရိုင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန် ရှိသူများက သင်တန်းဆင်းလက်မှတ် များနှင့် သင်ထောက်ကူပစ္စည်းများကို သင်တန်းသားများထံ ပေးအပ်ရာ သင်တန်းသားတစ်ဦးက ကျေးဇူးတင် စကား ပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းကို ဆင်ပေါင်ဝဲမြို့နယ် အတွင်းရှိ ရွာသစ်ကျေးရွာ၊ လွန်ချီ ကျေးရွာ၊ ညံတောအင်းကျေးရွာနှင့် ကိုက္ကိုစမ်းကျေးရွာတို့မှ သင်တန်းသား ၁၅ ဦးတက်ရောက်ကြပြီး သင်တန်း တွင် သံဂဟေဆက်နှင့်ပတ်သက်သော တေ့ဆက် (Butt Joint)၊ တီပုံအဆက် (T-joint)၊ ထပ်ဆက် (Lap joint)၊ ထောင့် ဆက် (Corner Joint) ၊ အနားစောင်း အဆက် (Edge Joint) စသည့် သံဂဟေ ဆက်နည်းပညာအမျိုးမျိုးကို ကျွမ်းကျင် ဆရာများက နိုဝင်ဘာလ ၅ ရက်မှ ၁၉ ရက်အထိ ၁၅ ရက်ကြာ စာတွေ့လက်တွေ့ (အခမဲ့) သင်ကြားပို့ချပေးခဲ့ကြောင်း သိရ သည်။

**စိန်လွင် (ကျေးလက်)**

# မအူပင်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၁၄၁၂၆၉ ဧက စိုက်ပျိုးပြီးစီး

မအူပင် နိုဝင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၁၄၁၂၆၉ ဧကစိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မအူပင်မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူးဦးဇော်မင်းထွန်း၏ ပြောကြားချက်အရ သိရသည်။



မအူပင်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက် ပျိုးရာသီတွင် စပါးလျာထားဧက ၁၄၁၃၄၆ ဧကကို ယခုနှစ်ဇွန်လပထမပတ်က စတင် စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ မိုးစပါး ၁၄၁၂၆၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"မအူပင်မြို့နယ်မှာ မိုးစပါးလျာထား ဧက ၁၄၀၀၀၀ ကျော် စိုက်ပျိုးနေပါတယ်။ မိုးစပါးတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာန တွေ ပူးပေါင်းဆောင်ရွက်ခဲ့တာဖြစ်ပါ တယ်။ ဒ့ါပြင် စိုက်နည်းစနစ်တွေမှန်ကန် စေဖို့နဲ့ အထွက်နှုန်းကောင်းမွန်စေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ အခက် အခဲမရှိ စိုက်ပျိုးနိုင်စေဖို့ အသိပညာပေး လုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါ တယ်။ ဒါ့မှလည်း ရိတ်သိမ်းတဲ့အခါမှာ အထွက်နှုန်းကောင်း၊ အရည်အသွေး ကောင်းစပါးတွေ ထွက်ရှိလာမှာဖြစ်ပါ တယ်"ဟု ဦးဇော်မင်းထွန်းကပြောသည်။

မအူပင်မြို့နယ်၌ မိုးစပါး လျာထား ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင် ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ် ဌာနများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ စက်မှုလယ်ယာဦးစီးဌာန စသည့် နှီးနွှယ် ဌာနများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သုတကျော်**

## (၂၃)ကြိမ်မြောက်

**မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်**

**မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ**

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ( ၂၀၊ ၂၁၊ ၂၂ )ရက် နေပြည်တော်


# (၂၁)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်



ဗီယက်နမ် နိုဝင်ဘာ ၂၀

(၂၁)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာအရာရှိကြီးများအစည်းအဝေး (21st SOMRI) နှင့် ဆက်စပ်အစည်းအဝေးများကို နိုဝင်ဘာလ ၁၉ ရက်မှ ၂၂ ရက်အထိ ဗီယက်နမ်နိုင်ငံ Quang Ninh ပြည်နယ် Ha Long City ၌ ကျင်းပလျက်ရှိရာ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

ယမန်နေ့နံနက်ပိုင်းက ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးမှုနှင့် Virtual Assistant နှင့်စပ်လျဉ်းသည့် ဝန်ကြီးအဆင့် စကားဝိုင်းဆွေးနွေးပွဲကို Vinpearl Resort & Spa Ha Long ၌ ကျင်းပရာ ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr.Nguyen Manh Hung နှင့်တာဝန်ရှိသူများ၊ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးကဏ္ဍဆိုင်ရာဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အာဆီယံဒုတိယအထွေထွေအတွင်းရေးမှူးချုပ်ဦးစန်းလွင်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးအဖွဲ့ တာဝန်ရှိသူများ၊ အာဆီယံမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် ITU၊ AIBD နှင့် UNESCO တို့မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်က မြန်မာနိုင်ငံတွင်လည်း ဉာဏ်ရည်တု နည်းပညာ ဖွံ့ဖြိုးလာမှုနှင့် အများအကျိုးရှိစေမည့် ကဏ္ဍများတွင် ထိထိရောက်ရောက် အသုံးပြုနိုင်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေးအစီအစဉ်များ၊ ဆွေးနွေးပွဲများနှင့်အရည်အသွေးမြှင့်တင်သည့် သင်တန်းများကို ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စီစဉ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ထည့်သွင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ (၂၁)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာအရာရှိကြီးများအစည်းအဝေးကို "Media:From Information to Knowledge for a Resilient and Responsive ASEAN" ခေါင်းစဉ်ဖြင့် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အင်းတော်မြို့နယ်၌ မိုးစပါး ၅၅၇၉၅ ဧကစိုက်ပျိုးပြီးစီး

အင်းတော် နိုဝင်ဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးသီးနှံ ၅၅၇၉၅ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနစာရင်းများအရသိရသည်။

၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် အင်းတော်မြို့နယ်၌ မိုးစပါးသီးနှံဧက ၅၅၉၈၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ၅၅၇၉၅ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

အင်းတော်မြို့နယ်၌ ယခုနှစ်တွင်စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၄၀၉)

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၂၀

ယနေ့နံနက် ၁၀ နာရီ ၅၁ မိနစ် ၂၉ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၃၆၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Andaman Islands, India Region) မြောက်လတ္တီတွဒ် ၁၂ ဒသမ ၄၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒသမ ၉၄ ဒီဂရီ၊ အနက် ၂၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/ဇလ)**

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် နိုဝင်ဘာ ၂၀

ယနေ့ညနေ ၅ နာရီ ၄၈ မိနစ် ၃၀ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၄၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(ကျိုက်လတ်မြို့၏အနောက်ဘက် ၃ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၆ ဒသမ ၄၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၆၈ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်းတိုင်းထွာရရှိသည်။ **(မိုး/ဇလ)**

# မြန်မာ့ဆေးစွမ်းအံ့မခန်း

* ရှေးအတီတော၊ ခေတ်ကပေလျှောင်
ရှိလေကုထုံး၊ မြန်မာ့နှုန်းဖြင့်
လုံးဝပျောက်စေ၊ ရောဂါတွေကို
တာရှည်မခံ၊ လျှင်မြန်ကုသ
ဇီဝကခေါ်၊ သမားတော်တို့
ပေါ်ခဲ့ဖူးသည် မဟုတ်လော။

* ကုန်းဘောင်ဧရာ၊ တိုက်ကာယိုးဒယား
တပ်အနားမှာ၊ စွဲသွားရောဂါ
ရခဲ့ရာမှ၊ နိစ္စဘဝ
ရောက်ခဲ့ရသော်၊ သမားတော်တို့
ထုတ်ဖော်ကြိုးပမ်း၊ သထုံနန်းမှ
စံမြန်းမြေဆို၊ ပြည်ရွှေဘိုထိ
ယူဆောင်ဘိလည်း၊ မရိမပုပ်
ထိုရုပ်ခန္ဓာ၊ ရောက်ရှိလာခဲ့
ဝေးကွာခရီး၊ နှစ်လကြီးမျှ
မြန်မာ့ဆေးစွမ်း အံ့မခန်း
စွမ်းလှသည်လည်း မဟုတ်လော။

* ယခုခေတ်တွင်၊ ပေါ်လွင်ထင်ရှား
တိုင်းတစ်ပါးမှ၊ ဆေးဝါးမျိုးစုံ
ဝင်ရောက်ကုန်လည်း၊ စွမ်းပုံခြင်းက
တူတူရသည့် မြန်မာ့ဆေးသာ
စွဲကာရှေးထုံးသုံးကြလော့။

* မြန်မာ့တိုင်းရင်းဆေး၊ အထင်သေးခြင်းသာ
မဖြစ်ကြပါနှင့်၊ ယုံစွာစွဲသုံး
ကုထုံးသွယ်သွယ်၊ အပြောကျယ်လှ
မြန်မာ့သမားတော်၊ ဆွေးနွေးဖော်ထုတ်
သရုပ်ပီပီ၊ ညီညီညာညာ
လှော်ခတ်ပါစို့
အို မြန်မာသမားတော်တို့။ ။

**ဘိုမျိုး(ရွှေဘို)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၁-၁၁-၂၀၂၄(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

# မိုင်ပေါင်း ၄၀၀၀ ကျော်ခရီး

ထက်မြတ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကူမင်းမြို့အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တာဝန်ရှိသူများ၊ တရုတ်ရိုးရာယဉ်ကျေးမှုအဖွဲ့များက သောင်းသောင်းဖြဖြလှိုက်လှဲနွေးထွေးစွာကြိုဆိုကြစဉ်။

**“ စာအုပ်ပေါင်းတစ်သောင်းဖတ်ခြင်းထက် ခရီးမိုင်တစ်သောင်းသွားခြင်းက ပို၍အမြင်ကျယ်၏”** ဆိုတဲ့ တရုတ်ဆိုရိုးစကားရှိပါတယ်။ ခရီးသွားခြင်းဟာ ကောင်းကျိုးများစွာရှိပြီး ပျော်ရွှင်စရာကောင်းသော်လည်း ပင်ပန်းသည်ကတော့အမှန်ပင်။ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပြည်ပခရီးစဉ်ခြောက်ရက်တာအတွင်း မိုင်ပေါင်း ၄၀၀၀ ကျော်သွားခဲ့ရတဲ့ခရီးတစ်ခုဖြစ်ပြီး နေပြည်တော်-ကူမင်း အသွားအပြန်ခရီးမှာ မိုင် ၁၀၀၀ ကျော်ရှိတဲ့အတွက် တရုတ်နိုင်ငံအတွင်း မိုင်ပေါင်း ၃၀၀၀ ကျော် မနားတမ်းခရီးနှင်ခဲ့ရခြင်းဖြစ်ပါတယ်။ အစည်းအဝေးများတက်ရောက်ခြင်း၊ အခမ်းအနားများတက်ရောက်ခြင်းနှင့်လှည့်လည်ကြည့်ရှုခြင်းများအပါအဝင် မိုင်ပေါင်း ၃၀၀၀ ကျော်ခရီးမှာ တစ်ရက်ပျမ်းမျှ မိုင် ၅၀၀ ကျော်သွားလာခဲ့ခြင်းဖြစ်တဲ့အတွက် သာမန်လူငယ်များအတွက်ပင် ခက်ခဲသောခရီးရှည်ဖြစ်၍ ပင်ပန်းလွန်းလှမည်မှာ အသေအချာဖြစ်ပါတယ်။ ခရီးစဉ်အတွင်း အားလပ်ချိန်အလွန်နည်းပါးခဲ့သော်လည်း နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းတဲ့ခရီးစဉ်ဖြစ်သဖြင့် ပင်ပန်းရကျိုးနပ်သည်ဟုဆိုရမှာဖြစ်ပါတယ်။

လူဆိုတာ အတ္တနဲ့ကင်းတဲ့သူကတော့ ခပ်ရှားရှားခင်ဗျ။ တချို့ကျတော့လည်း ကိုယ့်အတ္တကိုပဲ ရှေ့တန်းတင်လွန်းပြီး တခြားသူတွေအတွက် မစဉ်းစားနိုင်တော့ဘူးမဟုတ်လား။ နိုင်ငံတော်အတွက်ဆိုရင်တော့ ဝေလာဝေးပေါ့။ ဒါကြောင့်လည်း ပရဟိတဆိုတဲ့ အများကောင်းကျိုးရွက်သယ်ပိုးခြင်းက အင်မတန်မှလေးစားဂုဏ်ယူထိုက်တဲ့အလုပ်တစ်ခုလို့ ရှေးလူကြီးသူမတွေက ဆိုဆုံးမခဲ့ကြတာပါ။

ပရဟိတဆိုတဲ့ အများကောင်းကျိုးရွက်သယ်ပိုးသူတွေထဲမှာ နိုင်ငံတော်ကိုအုပ်ချုပ်နေရတဲ့သူတွေလည်း မပါမဖြစ်ပါဝင်တယ်ခင်ဗျ။ နိုင်ငံတော်ကိုအုပ်ချုပ်နေရသူတွေရဲ့လုပ်ဆောင်မှုအကြောင်းတိုင်းဟာ နိုင်ငံမှာမှီတင်းနေထိုင်နေကြတဲ့ ပြည်သူ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး မစ္စတာဝမ်နင်းက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်စဉ်။

ပြည်သားအပေါင်းတို့အတွက်အကျိုးဆိုတဲ့ရလဒ်ကိုရရှိစေပါတယ်။ ဒီအတွက်ကြောင့်လည်း နိုင်ငံတော်အပေါ်စေတနာမှန်တဲ့ နိုင်ငံတော်အကြီးအကဲများဟာ ကုသိုလ်ရဲ့အကျိုးကိုရရှိကြတာမဟုတ်ပါလားခင်ဗျာ။

ကျွန်တော်တို့လက်ရှိအချိန်မှာဆိုရင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်လိုပုဂ္ဂိုလ်မျိုးကို နိုင်ငံတော်အကြီးအကဲအဖြစ် ရရှိထားတာဟာ ပြည်သူတွေအတွက်တော့ တော်တော်လေးကိုအကျိုးများတယ်လို့ပြောလို့ရတယ်ခင်ဗျ။ အနီးစပ်ဆုံးဥပမာပေးရရင် မကြာသေးခင်ကမှ တရုတ်အစိုးရရဲ့ဖိတ်ကြားချက်အရ သွားရောက်ခဲ့တဲ့ ခရီးစဉ်ကိုလက်ညှိုးထိုးပြရပါလိမ့်မယ်။

အဲဒီခရီးစဉ်မှာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဟာ သူ့အတွက် ကိုယ်ပိုင်အချိန် အလွန်နည်းပါးပြီး နိုင်ငံတော်အကျိုးအတွက် ရလဒ်ထွက်ပေါ်စေမယ့် ဆွေးနွေးမှုများကိုသာ ဦးစားပေးလုပ်ဆောင်ခဲ့တာတွေ့ရပါတယ်။ နိုင်ငံတော်အကြီးအကဲအနေနဲ့ သူ့အတွက် ကိုယ်ပိုင်အချိန်ဘယ်လောက်အထိ နည်းပါးတယ်ဆိုတာမပြောခင် သူ့ရဲ့ကြိုးပမ်းစွမ်းဆောင်မှုများကြောင့်နိုင်ငံတော်အတွက်ဘယ်လိုအကျိုးရလဒ်တွေ ထွက်ပေါ်ရရှိခဲ့တယ်ဆိုတာ ဦးစွာပြောချင်ပါတယ်။

နိုင်ငံတော်အကြီးအကဲဟာ နိုဝင်ဘာလ ၅ ရက်မှ ၁၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို နိုင်ငံတော်အဆင့်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့တာပါ။ တချို့တွေက ပြောကြတာတွေလည်းရှိတယ်ခင်ဗျ။ ပြောကြတယ်ဆိုတာထက် တိုက်ခိုက်ကြတယ်လို့ပြောရင်ပိုမှန်မလားပဲ။ ဘာလဲဆိုတော့ ဒီခရီးစဉ်ဟာ နိုင်ငံတော်အဆင့်ခရီးစဉ်မဟုတ်ဘူးဆိုပြီး ပြောနေကြတာပါ။ ဒါကလည်း သူတို့အနေနဲ့ ဒီခရီးစဉ်အကြောင်းကို အသေးစိတ်မသိဘဲပြောတာလို့ယူဆလိုက်ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ကိုအရင်ဦးဆုံးသွားတာပါ။ ကူမင်းမြို့ကိုရောက်တဲ့အချိန်မှာ လေယာဉ်ပေါ်က ဆင်းဆင်းချင်းမှာပဲ နိုင်ငံတော်ဝန်ကြီးချုပ်ကို ကြိုဆိုတာက ကော်ဇောနီ(Red Carpet)ခင်းပြီးတော့ကြိုဆိုတာဖြစ်ပါတယ်၊ ဒီလိုမျိုး ကော်ဇောနီခင်းပြီးကြိုဆိုတယ်ဆိုတဲ့အဓိပ္ပာယ်က ဒီခရီးစဉ်ကိုလာသူဟာ နိုင်ငံတော်အဆင့်အကြီးအကဲဖြစ်တယ်ဆိုပြီး အသိအမှတ်ပြုခြင်းတစ်မျိုးဖြစ်ပါတယ်။

ဥပမာအားဖြင့် အိန္ဒိယဝန်ကြီးချုပ်တို့၊ ရုရှားသမ္မတတို့လိုမျိုး နိုင်ငံတော်အကြီးအကဲတွေဟာ တရုတ်နိုင်ငံကိုသွားရောက်တိုင်း ကော်ဇောနီခင်းပြီးအကြိုဆိုခံရသူတွေချည်းပါပဲ။ ဝန်ကြီးအဆင့်လောက်ကိုတော့ ကော်ဇောနီ(Red Carpet)မခင်းပေးပါဘူး။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးကိုတောင်မှ ကော်ဇောနီခင်းပြီးကြိုဆိုတာမျိုးမလုပ်တာတွေ့ရပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံက နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကို နိုင်ငံတော်အကြီးအကဲတစ်ယောက်အနေနဲ့ သတ်မှတ်ပြီး ကော်ဇောနီ(Red Carpet)ခင်းကြိုဆိုတာဖြစ်တယ်လို့ ဦးစွာပြောပါရစေ။ ဒ့ါအပြင် ယူနန်ပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုး ၂၅ မျိုးခန့်ကို ကိုယ်စားပြုတဲ့ တိုင်းရင်းသားအကအဖွဲ့များကလည်း တိုင်းရင်းသားရိုးရာဝတ်စုံများကို ဝတ်ဆင်ပြီး လေဆိပ်မှာ နိုင်ငံတော်ဝန်ကြီးချုပ်ကိုသောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြတာကို တွေ့မြင်ရတာဟာ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ အလွန်ပင်ဝမ်းသာဂုဏ်ယူဖွယ်ဖြစ်ရပါတယ်။

နောက်တစ်ခုက နိုင်ငံတော်ဝန်ကြီးချုပ်ကို ကြိုဆိုပို့ဆောင်ပေးရာမှာ အသုံးပြုတဲ့ယာဉ်ကိုကြည့်ရင်လည်း ဒီခရီးစဉ်က နိုင်ငံတော်အဆင့်ခရီးစဉ်ဆိုတာ သိသာစေနိုင်ပါတယ်၊ ဒီခရီးစဉ်မှာ တရုတ်ဘက်က အသုံးပြုပေးသွားတာက Hongqi L5 အမျိုးအစားကျည်ကာကားမော်တော်ယာဉ်များဖြစ်ပါတယ်၊ ဒီလိုယာဉ်မျိုးကိုလည်း တရုတ်နိုင်ငံက နိုင်ငံတော်အဆင့်ခရီးစဉ်တွေမှာသာ အသုံးပြုတာပါ။ တရုတ်သမ္မတက အမေရိကန်နိုင်ငံကိုသွားရောက်ပြီး သမ္မတဂျိုးဘိုင်ဒင်နဲ့တွေ့ဆုံစဉ်မှာလည်း ဒီကားကိုပဲယူသွားပြီးအသုံးပြုခဲ့တာဖြစ်ပါတယ်။

အခုတင်ပြသွားတဲ့အရာတွေက ဒီခရီးစဉ်က နိုင်ငံတော်အဆင့်ခရီးစဉ်မဟုတ်ဘူးဆိုပြီး ပြောဆိုနေကြတဲ့၊ တိုက်ခိုက်နေကြတဲ့သူတွေ အမြင်ရှင်းလင်းသွားအောင် ရှာဖွေဖော်ထုတ် ရေးသားတင်ပြခြင်းပဲဖြစ်ပါတယ်။ ဒ့ါအပြင် ဒီခရီးစဉ်ဟာ တချို့တွေလိုမျိုးမျက်နှာသွားပြတဲ့ နိုင်ငံတော်အဆင့်ခရီးစဉ်လိုမျိုးမဟုတ်ဘဲ တကယ်ကိုအလုပ်ဖြစ်တဲ့ နိုင်ငံတော်အဆင့်အလုပ်သဘောခရီးစဉ်ဖြစ်တယ်ဆိုတဲ့အကြောင်းကို အောက်မှာဆက်လက်တင်ပြသွားပါမယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တရုတ်နိုင်ငံခရီးစဉ်အတွင်းမှာ တရုတ်နိုင်ငံဝန်ကြီးချုပ်မစ္စတာလီကျန်းနဲ့တွေ့ဆုံပြီး နှစ်နိုင်ငံကြားမှာအပြုသဘောဆောင်တဲ့ သဘောတူညီချက်တွေများစွာရရှိခဲ့တာကိုတွေ့ရပါတယ်၊ ဒီလိုမျိုးမတွေ့ဆုံမီမှာ နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များနဲ့ဦးစွာတွေ့ဆုံပြီး တွေ့ဆုံခဲ့ပါတယ်။ **စာမျက်နှာ ၁၂ သို့** ❍

❖ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ထိပ်သီးအစည်းအဝေးများကိုတက်ရောက်လာတဲ့ နိုင်ငံများမှခေါင်းဆောင်များအားလုံးနဲ့တွေ့ဆုံခဲ့တာကြောင့် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များကို ဆွေးနွေးနိုင်တဲ့အပြင် လက်ရှိမြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေများအားလုံးကိုလည်း အမှန်အတိုင်းအသိပေးခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ တချို့သောနိုင်ငံများရဲ့သံတမန်ရေးအရ တောင်းဆိုမှုတွေကြောင့် သတင်းထုတ်ပြန်ချက်တွေမှာ ချန်လှပ်ထားခဲ့ရတာတွေရှိတယ်လို့လည်း ပြန်လည်ကြားသိရပါတယ်။ သေချာတဲ့တစ်ချက်က အဲဒီနိုင်ငံများမှခေါင်းဆောင်တွေဟာ မြန်မာနိုင်ငံရဲ့အခြေအနေအမှန်ကို သိရှိသွားကြတယ်ဆိုတဲ့အချက်ပါပဲ . . .

❍ စာမျက်နှာ ၁၁ မှအဆက်

နေပြည်တော်ကနေ ကူမင်းလေဆိပ်ကို ရောက်၊ ကူမင်းလေဆိပ်ကနေ တရုတ်အစိုးရကစီစဉ်ပေးထားတဲ့ အထူးတည်းခိုရာနေရာအရောက် ခရီးရောက်မဆိုက်မှာဘဲ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။

တွေ့ဆုံမှုဟာ နဂိုစီစဉ်ထားတာထက် တစ်နာရီကျော်လောက် ပိုကြာသွားပါတယ်။ တရုတ်စီးပွားရေးလုပ်ငန်းရှင်တွေက မြန်မာနိုင်ငံအပေါ်မှာ စိတ်ဝင်စားမှုမြင့်မားလှပါတယ်။ သိချင်တဲ့မေးခွန်းတွေ၊ အနာဂတ်အရေးတွေကလည်း များပြားလှပါတယ်။ သက်ဆိုင်ရာဝန်ကြီးတွေကလည်း စိတ်ရှည်လက်ရှည်ဖြေပြရှင်းပြကြတယ်။ ဝန်ကြီးချုပ်ကအမေးအဖြေတွေကို သေချာနားထောင်ပြီး လိုအပ်တာတွေ၊ ပါ။

ဒါ့အပြင် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုနဲ့အတူ နည်းပညာတွေကိုလည်း လွှဲပြောင်းရရှိနိုင်အောင် ထည့်သွင်းပြောသွားတာကိုတွေ့ရပါတယ်။ နည်းပညာဆိုတာ နိုင်ငံတစ်နိုင်ငံအတွက် သိပ်အရေးကြီးတဲ့ကဏ္ဍတစ်ခုဖြစ်လာပါပြီ။ ဒီအချိန်မှာ နည်းပညာတိုးတက်မှုရှိတဲ့နိုင်ငံက ကမ္ဘာ့ထိပ်ဆုံးကို အချိန်တိုအတွင်းရောက်ရှိသွားတာဖြစ်ပါတယ်၊ ဒီအခြေအနေကိုမြော်တွေးပြီးတော့ လည်း နိုင်ငံတော်ဝန်ကြီးချုပ်က ရင်းနှီးမြှုပ်နှံမှုတွေကနေ နည်းပညာရရှိအောင် ကြိုးပမ်းနေတာဖြစ်ပါတယ်။

တွေ့ဆုံပွဲအပြီး နေ့လယ်စာစားရာမှာ အချိန်က တော်တော်လေးလင့်နေပါပြီ။ ဒီနေရာမှာလည်း မြန်မာ့စီးပွားရေးအခွင့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ခရီးစဉ်တစ်လျှောက်အသုံးပြုခဲ့သည့် Hongqi L5 ကျည်ကာ မော်တော်ယာဉ်အားတွေ့ရစဉ်။



❖ တရုတ်စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံကြဖို့ ဖိတ်ခေါ်ပါတယ်။

❖ ဒီလိုဖိတ်ခေါ်ရာမှာလည်း ကဏ္ဍတစ်ခုတည်းအတွက်သာ ရင်းနှီးမြှုပ်နှံဖို့ဖိတ်ခေါ်တာ မဟုတ်ပါဘူး။ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အခြေခံစက်မှုကုန်ကြမ်းထုတ်လုပ်ရေးလုပ်ငန်း၊ ဓာတ်မြေသြဇာလုပ်ငန်း၊ ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ လျှပ်စစ်ကားလုပ်ငန်း၊ ဆေးဝါးနဲ့ဆေးပစ္စည်းကိရိယာများထုတ်လုပ်ရေးလုပ်ငန်း၊ စားသုံးဆီထုတ်လုပ်ရေးလုပ်ငန်းအစရှိတဲ့နယ်ပယ်စုံကဏ္ဍစုံမှာ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဆောင်ဖို့အတွက် ဖိတ်ခေါ်ခဲ့ . . .

အရေးကြီးတာတွေကို ကိုယ်တိုင်ဖြည့်စွက်ထပ်မံဖြေကြားပေးပါတယ်။ တရုတ်စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့ မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံကြဖို့ ဖိတ်ခေါ်ပါတယ်။

ဒီလိုဖိတ်ခေါ်ရာမှာလည်း ကဏ္ဍတစ်ခုတည်းအတွက်သာ ရင်းနှီးမြှုပ်နှံဖို့ဖိတ်ခေါ်တာ မဟုတ်ပါဘူး။ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အခြေခံစက်မှုကုန်ကြမ်းထုတ်လုပ်ရေးလုပ်ငန်း၊ ဓာတ်မြေသြဇာလုပ်ငန်း၊ ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ လျှပ်စစ်ကားလုပ်ငန်း၊ ဆေးဝါးနဲ့ဆေးပစ္စည်းကိရိယာများထုတ်လုပ်ရေးလုပ်ငန်း၊ စားသုံးဆီထုတ်လုပ်ရေးလုပ်ငန်းအစရှိတဲ့နယ်ပယ်စုံကဏ္ဍစုံမှာ ရင်းနှီးမြှုပ်နှံမှုတွေလုပ်ဆောင်ဖို့အတွက် ဖိတ်ခေါ်ခဲ့တာအလမ်းတွေအပေါ် စိတ်ဝင်စားမှုမြင့်တက်နေတဲ့လုပ်ငန်းရှင်များက ဝန်ကြီးချုပ်ကို တစ်ဦးပြီးတစ်ဦး လာမိတ်ဆက်မေးမြန်းနေကြပြန်ပါတယ်။ အားလုံးကို စိတ်ရှည်လက်ရှည်ပြန်ရှင်းပြနေတဲ့ ဝန်ကြီးချုပ်ရဲ့ နိုင်ငံအပေါ်ထားတဲ့စေတနာဟာ လေးစားစရာပါ။ နေ့လယ်စာစားပြီးတာနဲ့ အနားမရဘဲ မွန်းလွဲပိုင်းမှာ ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှုနည်းပညာကောလိပ်နဲ့ ကူမင်းသိပ္ပံနှင့်နည်းပညာတက္ကသိုလ်တို့ကို သွားရောက်လေ့လာကြည့်ရှုပါတယ်။ ဒီလိုမျိုးသွားရောက်လေ့လာကြည့်ရှုမှုက နိုင်ငံ့အနာဂတ်လူငယ်များရဲ့ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ရမယ့်အရာတွေကိုလေ့လာပြီး ကိုယ့်နိုင်ငံအတွင်းမှာပြန်လည်အကောင်အထည်ဖော်ဖို့ ဖြစ်ပါတယ်။

ပြီးတဲ့အခါ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ညနေပိုင်းမှာ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး မစ္စတာဝမ်နင်းနဲ့ တွေ့ဆုံဆွေးနွေးမှုတွေလုပ်ပါတယ်။ ယူနန်ပြည်နယ်နဲ့ မြန်မာနိုင်ငံတို့ဆိုတာ နယ်နိမိတ်ချင်းထိစပ်မှု အများဆုံးဖြစ်တဲ့အတွက် ပူးပေါင်းဆောင်ရွက်မှုတွေလည်း အများဆုံးလုပ်ရပါတယ်၊ နိုင်ငံရေး၊ စီးပွားရေးအစရှိတဲ့ နယ်ပယ်အစုံမှာ ပူးပေါင်းဆောင်ရွက်ကြတာပါ။

ဒါကြောင့်လည်း နိုင်ငံတော်ဝန်ကြီးချုပ်က မစ္စတာဝမ်နင်းနဲ့တွေ့ဆုံစဉ်မှာ နှစ်နိုင်ငံကြား နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို အတူတကွပူးပေါင်းပြီး အရှိန်မြှင့်တင်ဆောင်ရွက်သွားဖို့ လိုအပ်တဲ့အကြောင်း၊ မြန်မာနိုင်ငံမှာရင်းနှီးမြှုပ်နှံမှုတွေလာရောက်လုပ်ကိုင်ဖို့ ဖိတ်ခေါ်ကြောင်းနဲ့ လူသားအရင်းအမြစ်လေ့ကျင့်မွေးထုတ်ရေးတို့နဲ့ ပတ်သက်ပြီး ဆွေးနွေးမှုတွေလုပ်ဆောင်နိုင်ခဲ့တာတွေ့ရပါတယ်။ ဒီလိုမျိုးဆွေးနွေးမှုတွေထဲမှာ မြန်မာနိုင်ငံရဲ့အကျိုးစီးပွားအတွက်သာ ဦးစားပေးပြောဆိုလုပ်ဆောင်ခဲ့တာပါ။ ဒီဆွေးနွေးမှုဟာ ညပိုင်း နိုင်ငံတော်အဆင့်ဂုဏ်ပြုညစာစားပွဲအထိ ပွဲဆက်ခဲ့ပါတယ်။ ကြီးကျယ်ခမ်းနားလှတဲ့ ညစာစားပွဲရဲ့အရသာကို ကျန်တဲ့သူတွေ ခံစားနိုင်ပေမယ့် နိုင်ငံအရေးကိုသာ အလေးထားနေတဲ့ ဝန်ကြီးချုပ်ကတော့ ညနေပိုင်းတွေ့ဆုံပွဲရဲ့အဆက် အမြင်ချင်းဖလှယ်ဆွေးနွေးမှုတွေနဲ့ အချိန်ကုန်ခဲ့ရပါတယ်။

နောက်တစ်နေ့မနက်မှာတော့ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ကူမင်းမြို့မှာရှိတဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများ၊ ပညာတော်သင်သင်တန်းသားများကိုတွေ့ဆုံပြီး အမှာစကားပြောကာလိုအပ်တာများကိုဖြည့်ဆည်းပေးခဲ့ပြန်ပါတယ်။ တကယ်တမ်းဆိုရင် နိုင်ငံတော်ဝန်ကြီးချုပ် အနေနဲ့ ဒီလိုမျိုးသွားရောက်တွေ့ဆုံမှုတွေမလုပ်လည်း ရပါတယ်။ ဒါပေမဲ့ နိုင်ငံတော်အကြီးအကဲက ရေခြားမြေခြားမှာ နိုင်ငံ့တာဝန်ထမ်းဆောင်နေရသူတွေကို နွေးထွေးမှုပေးတဲ့အနေနဲ့ သွားရောက်တွေ့ဆုံခဲ့တာလို့ မှတ်ယူရပါတယ်။

ပြီးတဲ့အခါမှာ နိုင်ငံတော်ဝန်ကြီးချုပ်က ထိပ်သီးအစည်းအဝေးများကိုတက်ရောက်ဖို့ရောက်ရှိနေတဲ့ ဝန်ကြီးချုပ်များနဲ့ သီးခြားစီတွေ့ဆုံပါတယ်။ ဒီလိုတွေ့ဆုံရာမှာ နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနဲ့ သံတမန်ဆက်ဆံရေးကိစ္စရပ်များ၊ ကုန်သွယ်ရေးနဲ့ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူမှုရေးကဏ္ဍနဲ့ ယဉ်ကျေးမှုကဏ္ဍများမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ အခြားကဏ္ဍများမှာ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနဲ့ပတ်သက်ပြီး ဆွေးနွေးကြပါတယ်။

တစ်နည်းပြောရရင် နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ထိပ်သီးအစည်းအဝေးများကိုတက်ရောက်လာတဲ့ နိုင်ငံများမှခေါင်းဆောင်များအားလုံးနဲ့တွေ့ဆုံခဲ့တာကြောင့် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များကို ဆွေးနွေးနိုင်တဲ့အပြင် လက်ရှိမြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေများအားလုံးကိုလည်း အမှန်အတိုင်းအသိပေးခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ တချို့သောနိုင်ငံများရဲ့သံတမန်ရေးအရ တောင်းဆိုမှုတွေကြောင့် သတင်းထုတ်ပြန်ချက်တွေမှာ ချန်လှပ်ထားခဲ့ရတာတွေရှိတယ်လို့လည်း ပြန်လည်ကြားသိရပါတယ်။ သေချာတဲ့တစ်ချက်က အဲဒီနိုင်ငံများမှခေါင်းဆောင်တွေဟာ မြန်မာနိုင်ငံရဲ့အခြေအနေအမှန်ကို သိရှိသွားကြတယ်ဆိုတဲ့အချက်ပါပဲ။

မွန်းလွဲပိုင်းမှာတော့ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာလီကျန်းနဲ့ တွေ့ဆုံဆွေးနွေးပါတယ်။ ဒီလိုတွေ့ဆုံရာမှာ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံနဲ့ဆက်လက်လက်တွဲဆောင်ရွက်သွားမယ့်ကိစ္စရပ်များကိုသာမက မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေများနဲ့ပတ်သက်ပြီး ဘယ်လိုမျိုးစီမံဆောင်ရွက်မှုတွေလုပ်နေတယ်ဆိုတာကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ပါသေးတယ်။

အဲဒီဆွေးနွေးမှုမှာတော့ တရုတ်နိုင်ငံဘက်ကနေအသိအမှတ်ပြုမှုများနဲ့ ကတိပြုမှုများကို ရရှိခဲ့တာတွေ့ရပါတယ်။ တရုတ်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးတည်ငြိမ်အေးချမ်းရေးကို အပြည့်အဝထောက်ခံအားပေးသွားမယ်လို့ဆိုပါတယ်၊ ဒါ့အပြင် လက်နက်ကိုင်ပဋိပက္ခများနဲ့ပတ်သက်ပြီး အကြမ်းဖက်တဲ့နည်းလမ်းနဲ့မတုံ့ပြန်ဘဲ ငြိမ်းချမ်းရေးဖိတ်ခေါ်ပြီး ဖြေရှင်းနိုင်ရေးကြိုးပမ်းတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တရုတ်ဝန်ကြီးချုပ်က ချီးကျူးကြောင်းပြောပါတယ်။

ဒါ့အပြင် တရုတ်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံအနေနဲ့ ချမှတ်အကောင်အထည်ဖော်နေတဲ့ ရွေ့လုပ်ငန်းစဉ် (၅) ရပ်ကို ထောက်ခံကြောင်း၊ မြန်မာနိုင်ငံရဲ့ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် စာမျက်နှာ ၁၃ သို့ ❍

**❖ တရုတ်နိုင်ငံခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် မြန်မာနိုင်ငံဟာ ကမ္ဘာ့စင်မြင့်မှာ ပွဲလယ်တင့်တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ်ကို ပြန်လည်ရောက်ရှိလာတာကို တွေ့မြင်နေရပြီဖြစ်. . .**

**❖ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု၊ အေးအတူပူအမျှအသိုက်အဝန်းကို ဂုဏ်ပြုဖော်ဆောင်နိုင်ရုံသာမက မြန်မာ့ခေါင်းဆောင်အပေါ် တရုတ်နိုင်ငံရဲ့တန်ဖိုးထားလေးစားမှု၊ မြန်မာပြည်သူတွေအပေါ် တရုတ်ပြည်သူတွေရဲ့ ချစ်ကြည်လေးစားမှုတွေကိုပါ ပြသနိုင်ခဲ့တဲ့ ခရီးစဉ်တစ်ခုလို့ပဲ ဆိုပါရစေ. . .**

❍ စာမျက်နှာ ၁၂ မှအဆက်

ကူညီပေးမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအသိအမှတ်ပြုကြောင်းနဲ့ တရုတ်နိုင်ငံအတွင်းအခြေပြုပြီး မြန်မာနိုင်ငံရဲ့အကျိုးကို ပျက်စီးအောင်ဆောင်ရွက်နေမှုများကို လက်ခံမည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံရဲ့အရေးကိစ္စက တရုတ်နိုင်ငံရဲ့အိမ်နီးချင်းနိုင်ငံအရေးပင်ဖြစ်တဲ့အတွက် နိုင်ငံတကာစာမျက်နှာမှာလည်း တရုတ်နိုင်ငံက မြန်မာနိုင်ငံအပေါ်ရပ်တည်ဆောင်ရွက်သွားမယ့်အကြောင်းတို့ကို အလေးပေးပြီး ပြောခဲ့တာတွေ့ရပါတယ်။

ဒီလိုမျိုး နှစ်နိုင်ငံကြားအပြန်အလှန်ကတိပြုမှုတွေသာမက တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့ကြား နားလည်မှုစာချွန်လွှာနဲ့ သဘောတူစာချုပ် (၇) ခုကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပါသေးတယ်၊ အဲဒီလို သဘောတူညီချက်တွေထဲကမှ သင်တန်းကျောင်းများ အဆင့်မြှင့်တင်ခြင်းစီမံကိန်းများ၊ စိုက်ပျိုးရေးထွက်ကုန်များအတွက် ဓာတုဆိုင်ရာလိုအပ်ချက်များနှင့် အပင်ပိုးမွှားရောဂါကင်းရှင်းရေးဆိုင်ရာ သဘောတူညီချက်၊ တိကျစွာတိုင်းတာခြင်းနည်းပညာပူးပေါင်းဆောင်ရွက်မှုနဲ့ အားကစားမြှင့်တင်ရေး နားလည်မှုသဘောတူညီချက်များဟာ မြန်မာနိုင်ငံအတွက် အင်မတန်မှအကျိုးကျေးဇူးများတဲ့ သဘောတူညီချက်တွေ ဖြစ်တာအမှန်ပါပဲ။

နောက်တစ်နေ့မှာနိုင်ငံတော်ဝန်ကြီးချုပ်က အင္ဂမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး၊ (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေး၊ (၁၀) ကြိမ်မြောက် ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးတို့ကိုတက်ရောက်ပြီး နိုင်ငံများကြား အပြန်အလှန် အကျိုးရှိစေမယ့် အပြုသဘောဆောင်သောဆွေးနွေးမှုများကို ဆွေးနွေးခဲ့ပါတယ်။ ပြီးတဲ့အခါ နိုင်ငံတော်ဝန်ကြီးချုပ်က ထိုင်းနိုင်ငံဝန်ကြီးချုပ်နဲ့တွေ့ဆုံပြီး နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြပါတယ်။

အဲဒီနေ့ညမှာပဲ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ကူမင်းမြို့ကနေ လေယာဉ်နဲ့ထွက်ခွာပြီး ချုံချင့်မြို့ကို သွားရောက်ပါတယ်၊ ချုံချင့်ကိုရောက်တော့ ညမှောင်နေပါပြီ။ ချုံချင့်မြို့မှာလည်း နိုင်ငံတော်ဝန်ကြီးချုပ်ကို နိုင်ငံတော်အဆင့်ကော်ဇောနီ(Red Carpet) ခင်းပြီး ချုံချင့်မြို့ ဒုတိယမြို့တော်ဝန် ဦးစီးကြိုဆိုရေးအဖွဲ့က လှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ပါတယ်။ တည်းခိုရမယ့်နေရာဟာ ချုံချင့်နိုင်ငံတော်ဧည့်ဂေဟာဖြစ်ပါတယ်။ တရုတ်ဗဟိုအစိုးရခေါင်းဆောင်များ တည်းခိုရာနေရာဖြစ်သလို နိုင်ငံတော်ဧည့်ဂေဟာဝင်းဟာ အဆောက်အဦတစ်ခုနဲ့တစ်ခု မော်တော်ယာဉ်နဲ့သွားလာမှ အဆင်ပြေလောက်အောင် ကျယ်ဝန်းတာကိုလည်း သတိထားမိပါတယ်။ နိုဝင်ဘာလ ၈ ရက်နံနက်ပိုင်းမှာတော့ နိုင်ငံတော်ဝန်ကြီးချုပ်က ချုံချင့်မြို့မှာရှိတဲ့ ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းမိသားစုများကို သွားရောက်တွေ့ဆုံပါတယ်။ ပြီးတဲ့အခါ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ အဖွဲ့ဝင်များက ချုံချင့်မြို့ရှိစက်ရုံအလုပ်ရုံများကို သွားရောက်လေ့လာကာ သိရှိလိုသည်များကို မေးမြန်းပါတယ်။ ဒ့ါအပြင် နိုင်ငံတော်ဝန်ကြီးချုပ်က ချုံချင့်မြို့ စီမံကိန်းရေးဆွဲရေးပြတိုက်ကို သွားရောက်လေ့လာပါတယ်။ ညပိုင်းမှာတော့ ယန်စီမြစ်အတွင်း သင်္ဘောစီးပြီး လေ့လာမှုတွေလုပ်ခဲ့တဲ့အပြင် သင်္ဘောပေါ်မှာလိုက်ပါလာတဲ့ ချုံချင့်မြို့မှစီးပွားရေးလုပ်ငန်းရှင်များနဲ့တွေ့ဆုံကာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်သွားဖို့နဲ့ လာရောက် ရင်းနှီးမြှုပ်နှံရေးအတွက် ဖိတ်ခေါ်မှုတို့ကို လုပ်ဆောင်ပါတယ်။

ညပိုင်းမရောက်ခင် ညနေပိုင်းတုန်းက နိုင်ငံတော်ဝန်ကြီးချုပ်ဟာ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီပေါလစ်ဗျူရိုအဖွဲ့ဝင် ချုံချင့်မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး မစ္စတာယွမ်ကျားကျွန်နဲ့တွေ့ဆုံပြီး သိပ္ပံနဲ့နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုဖလှယ်မှုများ၊ ပညာရေးကဏ္ဍနဲ့ ခရီးသွားကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်မယ့် အခြေအနေများနဲ့ ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးကြပါတယ်။

သာမန်အားဖြင့်ဆိုရင်တော့ ဧည့်သည်တော်တွေကို လက်ခံတွေ့ဆုံရာမှာ ဧည့်ခန်းမဆောင်ဆီရောက်မှသာ လက်ဆွဲနှုတ်ဆက်ပြီးတွေ့ဆုံကြတာပါ။ ဒီနေရာမှာ သာမန်သံတမန်ဆက်ဆံရေးအခြေအနေကို ကျော်လွန်ကာ ချစ်ကြည်ရင်းနှီးကျွမ်းဝင်မှုကိုဖော်ပြတဲ့အနေနဲ့ မစ္စတာယွမ်ကျားကျွန်က နိုင်ငံတော်ဝန်ကြီးချုပ်ကို ဧည့်ခန်းမဆောင်ရဲ့ကားရပ်နားရာ ဆင်ဝင်အထိကို ဆင်းလာပြီး လာရောက်ကြိုဆိုနှုတ်ဆက်တာဖြစ်ပါတယ်။ ဒီအခြေအနေကတော့ တရုတ်နိုင်ငံနဲ့မြန်မာနိုင်ငံတို့ကြားက ရင်းနှီးနွေးထွေးတဲ့ဆက်ဆံရေးကို ဖော်ပြနေတာအမှန်ပါပဲ။ ဒီနေရာမှာ ကျွန်တော်တို့ထပ်မံသိခွင့်ရခဲ့တာကတော့ ချုံချင့်မြို့ဟာ တရုတ်နိုင်ငံက ရည်မှန်းချက်ကြီးကြီးထားပြီး စီမံကိန်းများတည်ဆောက်နေတဲ့ ကုန်းတွင်းပိုင်းလမ်းဆုံအချက်အချာမြို့ပဲဖြစ်ပါတယ်။ တရုတ်ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်နေတဲ့မြို့လည်းဖြစ်ပါတယ်။ ချုံချင့်မြို့ကို တာဝန်ယူရတဲ့ ပါတီကော်မတီ အတွင်းရေးမှူးဟာလည်း ဗဟိုကိုတိုက်ရိုက်တာဝန်ခံနေရသူလည်းဖြစ်ပါတယ်။ အနာဂတ် တရုတ်နိုင်ငံရဲ့ဦးဆောင်သူခေါင်းဆောင်များထဲမှာပါဝင်လာနိုင်ဖို့ အလွန်အလားအလာကောင်းသူတစ်ယောက်ဖြစ်တယ်လို့လည်း သိခဲ့ရပါတယ်။ မြန်မာခေါင်းဆောင်တစ်ယောက်အနေနဲ့ အဲဒီလိုသွားရောက်လည်ပတ်တာ၊ အချိန်ယူပြီးဆွေးနွေးထားတာတွေဟာ တရုတ်-မြန်မာဆက်ဆံရေးမှာ ပစ္စုပ္ပန်မှာသာမက အနာဂတ်မှာပါ ရေရှည်ကောင်းကျိုးများဖော်ဆောင်ပေးနိုင်မယ်လို့ ယုံကြည်မိပါတယ်။

နိုဝင်ဘာလ ၉ ရက် နံနက်ပိုင်းမှာ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ချုံချင့်မြို့ကနေ ရှန်းကျန့်မြို့ကိုရောက်ရှိခဲ့ပါတယ်။ ရှန်းကျန့်မှာလည်း ရှန်းကျန့်မြို့ဒုတိယမြို့တော်ဝန်ဦးစီးကြိုဆိုရေးအဖွဲ့တွေက နိုင်ငံတော်အဆင့်ကော်ဇောနီ(Red Carpet) ခင်းပြီး ခမ်းခမ်းနားနားကြိုဆိုခဲ့ပါတယ်။ ရောက်ရှိပြီး မကြာမီမှာပဲ စက်ရုံ၊ အလုပ်ရုံများကိုသွားရောက်လေ့လာခဲ့ပါတယ်။ အဲဒီနေ့ တစ်နေကုန်အောင်ပဲ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ရှန်းကျန့်မြို့မှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံများစွာဆီကို သွားရောက်လေ့လာခဲ့တာပါ။ နောက်တစ်နေ့နံနက်ပိုင်း မြန်မာနိုင်ငံကိုပြန်ခါနီးအချိန်အထိ နောက်ထပ်စက်ရုံတစ်ခုဆီကို သွားရောက်လေ့လာခဲ့ပါတယ်၊ EV ကားများ၊ ရထားများ ထုတ်လုပ်နေတဲ့စက်ရုံကို သွားလေ့လာခဲ့တာပါ။

နိုဝင်ဘာလ ၁၀ ရက် မွန်းလွဲပိုင်းမှာတော့ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့က ရှန်းကျန့်မြို့ကနေထွက်ခွာလာပြီး မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိလာပါတယ်၊ လေယာဉ်က နေပြည်တော်လေဆိပ်လေယာဉ်ပြေးလမ်းမှာပဲရှိနေတုန်း လေယာဉ်ဆိုက်ကပ်မယ့်နေရာကို လှမ်းကြည့်လိုက်တော့ ရောင်စုံလူအုပ်ကြီးက မနည်းမနော။ လေယာဉ်ဆိုက်ပြီးလေယာဉ်ပေါ်ကဆင်းလိုက်တော့မှ အောင်မြင်ခဲ့တဲ့ တရုတ်နိုင်ငံခရီးစဉ်နဲ့ လိုက်လျောညီထွေစွာ တရုတ်နဂါးအကအဖွဲ့၊ ခြင်္သေ့အကအဖွဲ့တွေ၊ တိုင်းရင်းသားရိုးရာအကတွေနဲ့ အဖွဲ့အစည်းပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံက လှိုက်လှိုက်လှဲလှဲကြိုဆိုနေတာကို ကြက်သီးထဖွယ်တွေ့ရပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့က အခုခရီးစဉ်မှာ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆွေးနွေးဆောင်ရွက်နိုင်ခဲ့တဲ့အဖွဲ့ဖြစ်သည်သာမက နောင်လာနောက်သားများအနေနဲ့ ဂုဏ်ယူနေရမယ့် နိုင်ငံ့အကြီးအကဲကောင်းတစ်ယောက်ရဲ့ လုပ်ဆောင်မှုများကို ဖော်ညွှန်းပြသနိုင်ခဲ့တဲ့ ခရီးစဉ်တစ်ခုလို့ပြောရင်လည်း မမှားပါဘူး။

ဒီခရီးစဉ်တစ်လျှောက်လုံးမှာ ဆွေးနွေးညှိနှိုင်းမှုတွေကနေ မြန်မာနိုင်ငံအတွက်ရရှိခဲ့တဲ့ အကျိုးကျေးဇူးများကို ဆက်လက်တင်ပြပါမယ်။ အရင်ဆုံးနိုင်ငံရေးအခြေအနေပေ့ါ။ မြန်မာနိုင်ငံဟာ အားလုံးသိတဲ့အတိုင်း အနောက်အုပ်စုများ၊ ပြည်တွင်းမှသစ္စာဖောက်များကြောင့်ကမ္ဘာ့နိုင်ငံအချို့ရဲ့ အမြင်မှားအထင်မှားခံနေရတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိနေခဲ့ရပါတယ်၊ ဒါပေမဲ့ တရုတ်နိုင်ငံခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် မြန်မာနိုင်ငံဟာ ကမ္ဘာ့စင်မြင့်မှာ ပွဲလယ်တင့်တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ်ကို ပြန်လည်ရောက်ရှိလာတာကို တွေ့မြင်နေရပြီဖြစ်ပါတယ်။ ခရီးစဉ်အတွင်း အိမ်ရှင်တရုတ်နိုင်ငံရဲ့ နိုင်ငံတော်အဆင့်ကြိုဆိုမှု၊ အလေးထားမှု၊ ရောက်ရာနေရာတိုင်းမှာ စနစ်တကျစီစဉ်ထားမှု၊ တည်းခိုရာနေရာ၊ စီးနင်းတဲ့ နိုင်ငံတော်အဆင့်ကျည်ကာကားမော်တော်ယာဉ်များ၊ လုံခြုံရေးနဲ့ စားရေးသောက်ရေး၊ ဧည့်ခံမှုကအစ အသေးစိတ်အလေးထားပြီး ဆောင်ရွက်ခဲ့မှုတွေဟာ မမေ့နိုင်စရာတွေပဲဖြစ်ပါတယ်။ နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု၊ အေးအတူပူအမျှအသိုက်အဝန်းကို ဂုဏ်ပြုဖော်ဆောင်နိုင်ရုံသာမကမြန်မာ့ခေါင်းဆောင်အပေါ် တရုတ်နိုင်ငံရဲ့တန်ဖိုးထားလေးစားမှု မြန်မာပြည်သူတွေအပေါ် တရုတ်ပြည်သူတွေရဲ့ ချစ်ကြည်လေးစားမှုတွေကိုပါ ပြသနိုင်ခဲ့တဲ့ ခရီးစဉ်တစ်ခုလို့ပဲ ဆိုပါရစေ။

ဒ့ါအပြင် ခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်များရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေကြောင့် မြန်မာ့ပြည်တွင်းရေးမှာ တည်ငြိမ်မှုတွေရှိလာနိုင်တဲ့အပြင် မကြာခင်ကျင်းပဖို့ရည်ရွယ်ထားတဲ့ ရွေးကောက်ပွဲကိုလည်း အောင်မြင်စွာကျင်းပသွားနိုင်တော့မှာဖြစ်ပါတယ်။ အဲဒီရွေးကောက်ပွဲကလည်း လွတ်လပ်ပြီးမျှတတဲ့ရွေးကောက်ပွဲဖြစ်လာစေမှာ အမှန်ပဲဖြစ်တယ်လို့ အခိုင်အမာဆိုချင်ပါတယ်။

နောက်တစ်ချက်က စီးပွားရေးအမြင်နဲ့ ရရှိလာမယ့် အကျိုးစီးပွားများအကြောင်းကို ပြောချင်ပါသေးတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်နိုင်ငံခရီးစဉ်မှာ စီးပွားရေးလုပ်ငန်းရှင်အများအပြားနဲ့တွေ့ဆုံပြီး မြန်မာနိုင်ငံအတွင်းမှာ ရင်းနှီးမြှုပ်နှံမှုတွေလာရောက်လုပ်ကိုင်ဖို့ကို တိုက်တွန်းခဲ့တာတွေ့ရပါတယ်။ အဲဒီတိုက်တွန်းချက်ရဲ့နောက်မှာ မြန်မာနိုင်ငံဘက်က ဖြည့်ဆည်းပေးရမယ့်အရာတွေကိုလည်း အောင်မြင်အောင်ဆောင်ရွက်ပေးသွားမယ်လို့ ဆိုပါတယ်။

ဒါဆိုရင် မြန်မာနိုင်ငံအတွင်းကို ပြည်ပရင်းနှီးမြှုပ်နှံမှုများပိုမိုဝင်ရောက်လာဖို့ဆိုတာသေချာသွားပါပြီ။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးမောင်းနှင်အားဟာ ရင်းနှီးမြှုပ်နှံမှုအပေါ် တစ်စိတ်တစ်ပိုင်းမှီတည်နေပါတယ်၊ ဒါကြောင့် ရင်းနှီးမြှုပ်နှံမှုအားကောင်းလာတာနဲ့အမျှ နိုင်ငံရဲ့စီးပွားရေးကလည်း တိုးတက်လာမှာပါ။ စီးပွားရေးတိုးတက်လာတာနဲ့တစ်ပြိုင်နက် ရေမြင့်ရင်ကြာတင့်တယ်ဆိုတဲ့စကားအတိုင်း မြန်မာပြည်သူများရဲ့ လူမှုစီးပွားဘဝဟာလည်း လိုက်ပါဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။

နောက်ထပ်ပြောချင်တဲ့အချက်တစ်ချက်က ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူများနဲ့ ပတ်သက်နေပါတယ်။ ပြည်တွင်းလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများဟာ နှစ်နိုင်ငံကြားက နယ်စပ်စည်းမျဉ်းကိုခွထိုင်ပြီး မြန်မာနိုင်ငံအတွင်းအကြမ်းဖက်တိုက်ခိုက်မှုတွေ၊ ပြည်သူလူထုရဲ့အကျိုးစီးပွားထိခိုက်အောင်လုပ်ဆောင်မှုတွေကို ဆောင်ရွက်နေတဲ့သူတွေ ဖြစ်ပါတယ်။ တကယ်လို့များ သူတို့အနေနဲ့ နယ်စပ်ဒေသကို အခြေမခံနိုင်တော့ဘူးဆိုရင် အကြမ်းဖက်တိုက်ခိုက်မှုတွေကိုလည်း လုပ်နိုင်တော့မှာမဟုတ်ပါဘူး။

ဒီလိုမျိုး အကြမ်းဖက်သောင်းကျန်းသူတွေ အမြစ်ပြတ်ချုပ်ငြိမ်းတော့မယ့်အချိန်က သိပ်မကြာခင်မှာရောက်ရှိလာပါလိမ့်မယ်၊ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ တရုတ်နိုင်ငံခရီးစဉ်အတွင်း ဆွေးနွေးမှုတွေကိုကြည့်ရင် မြန်မာနိုင်ငံရဲ့အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လိုအပ်တာတွေကို လုပ်ဆောင်ပေးသွားမယ်လို့ တရုတ်အစိုးရက ကတိပြုထားတယ် မဟုတ်ပါလား။ ဒ့ါအပြင် ထိုင်းနိုင်ငံဝန်ကြီးချုပ်နဲ့ တွေ့ဆုံဆွေးနွေးမှုမှာလည်း နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးအကြောင်းက အဓိကအကြောင်းအရာအဖြစ် ပါဝင်ခဲ့တာတွေ့ရပါတယ်။ ဒါတွေကို ပြန်ထောက်ချင့်ရင် နယ်စပ်ဒေသတွေမှာ တရားဥပဒေစိုးမိုးမှုတွေ ပိုမိုရရှိလာမှာဖြစ်တာကြောင့် အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ဘဝ နိဂုံးချုပ်တော့မယ်လို့ ပြောရခြင်းဖြစ်ပါတယ်။

အခုလိုမျိုးဆွေးနွေးမှုတွေ၊သဘောတူညီချက်တွေရရှိဖို့ဆိုတာ တော်ရုံအားဖြင့် မလွယ်ကူလှပါဘူး။ နိုင်ငံတော်အကြီးအကဲတစ်ယောက်အနေနဲ့ အချိန်များစွာကို နိုင်ငံတော်အတွက် ပေးဆပ်ထားခြင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများရဲ့ တာဝန်ကျေပွန်အောင်ဆောင်ရွက်ခြင်းတို့ကြောင့်သာ အခုလိုမျိုးသဘောတူညီချက်တွေရရှိလာနိုင်ခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ တရုတ်နိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ်ဟာ ကိုယ်ကျိုးကို ငဲ့ကွက်ခြင်းမရှိဘဲ တိုင်းပြည်ကောင်းကျိုးကိုသာ ရှေးရှုရွက်သယ်ပိုးခြင်းကြောင့် ကောင်းကျိုးရလဒ်များလည်း မျက်ဝါးထင်ထင်ထွက်ပေါ်လာတဲ့အတွက် တကယ့်ကိုပဲအကျိုးရှိတဲ့ ခရီးစဉ်ကောင်းတစ်ခု ဧကန်မုချဖြစ်ပေါ်လာကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# ဂျီနီဗာမြို့အခြေစိုက်ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့ (The Global Fund) ရုံးချုပ်မှ Senior Fund Portfolio Manager Ms. Maria Iazskun Gaviria Ayucar ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၂၀

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့ (The Global Fund) ရုံးချုပ်မှ Senior Fund Portfolio Manager Ms. Maria Iazskun Gaviria Ayucar ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၄-၂၀၂၆ ခုနှစ်အတွက် ဝန်ကြီးဌာနနှင့် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေအဖွဲ့ (The Global Fund) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် တီဘီရောဂါ၊ ခုခံကျကာလသားရောဂါနှင့်ငှက်ဖျားရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများကို ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေးဆေးဝါးများနှင့် တီဘီရောဂါ ကုသရေးဆေးဝါးများ ဝယ်ယူပေးလျက်ရှိသည့်အခြေအနေများနှင့် ဆေးဝါးများ လုံလောက်မှုရှိစေရေး ဝန်ကြီးဌာနမှဆောင်ရွက်ပေးနေသည့်ကိစ္စရပ်များ၊ ရန်ပုံငွေသုံးစွဲမှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ပေးနေသည့်အခြေအနေများ၊ နှစ်ဦးနှစ်ဖက် အပြန်အလှန်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ The Global Fund မှကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

# (၃၅)နှစ်မြောက် ကမ္ဘာ့ကလေးများနေ့အခမ်းအနားကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၂၀

၂၀၂၄ ခုနှစ် (၃၅)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ကလေးသူငယ်များနှင့် မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်သည်။

ရှေးဦးစွာ အမှတ်(၃)မူကြိုကျောင်းမှ သားငယ်သမီးငယ်လေးများက "မင်္ဂလာပါ" သီချင်းဖြင့် အခမ်းအနားကိုစတင်ဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက နှစ်စဉ် နိုဝင်ဘာလ ၂၀ ရက်တွင် ကမ္ဘာတစ်ဝန်းလုံးရှိ ကလေးများ၏အနာဂတ် ပိုမိုတောက်ပစေနိုင်ရေး၊ နိုင်ငံ့သားကောင်းရတနာများဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားပြီး ကမ္ဘာ့ကလေးများနေ့အထိမ်းအမှတ် Video Clip ကို ပြသခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃) မူလတန်းကြိုကျောင်းများမှ သားငယ်သမီးငယ်လေးများ၏ "ပြည်ထောင်စုအင်အား"၊ "လောကအားမာန်"နှင့် "မိုးလင်းမှသိမယ်" သီချင်းတို့ဖြင့်လည်းကောင်း၊ ပုဂ္ဂလိကမူကြို ကလေးပြုစုရေးဌာနမူကြိုကျောင်းမှ သားငယ်သမီးငယ်လေးများ၏ တေးသရုပ်ဖော် အကအလှတို့ဖြင့်လည်းကောင်း၊ မော်လမြိုင်လူငယ်သင်တန်းကျောင်းမှ ကျောင်းသားများက "လောကကြီးရဲ့မောင်းနှင်အား" သီချင်းဖြင့် သီဆိုဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးပြီး သားငယ်သမီးငယ်လေးများအား အမှတ်တရလက်ဆောင်များပေးအပ်ကာ သားငယ်သမီးငယ်လေးများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ (၄၀၆)



# အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF)၏ (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့်ဆက်စပ်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၀

အရှေ့တောင်အာရှအမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (SEANF) ၏ (၂၁)ကြိမ်မြောက်နှစ်ပတ်လည်အစည်းအဝေးနှင့် ဆက်စပ်ဆွေးနွေးပွဲကို အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် တီမောလက်စ်တေလူ့အခွင့်အရေးကော်မရှင်က ဦးဆောင်ကာ ဒီလီမြို့၌ နိုဝင်ဘာလ ၁၈ ရက်မှ ၂၀ ရက်အထိ hybrid ပုံစံဖြင့် ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ဒေါက်တာတင်မောင်မောင်သန်းနှင့် ကော်မရှင်ရုံး အရာထမ်းတို့က Online Platform မှတက်ရောက်ကြပြီး ဖိုရမ်အဖွဲ့ဝင်များဖြစ်ကြသည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင်များက In person တက်ရောက်ခဲ့ကြသည်။




နှစ်ပတ်လည်အစည်းအဝေးတွင် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ ၂၀၂၄ ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌ တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ Mr. Virgilio da Silva Guterres က အဖွင့်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဖိုရမ်၏အကြိမ် (၂၀)မြောက် နှစ်ပတ်လည်အစည်းအဝေးနောက်ပိုင်းကာလအတွင်း ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးကော်မရှင်များ၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများ၊ အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်(SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ပါ ဦးစားပေးကိစ္စရပ်(၅)ရပ်နှင့် စပ်လျဉ်း၍ ဖိုရမ်အဖွဲ့ဝင်များ၏ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ၊ ဖိုရမ်၏ Rules of Procedure (RoP) ပြင်ဆင်ရေးဆိုင်ရာကိစ္စရပ်များ၊ အကျဉ်းသားများ လွှဲပြောင်းမှုနှင့်စပ်လျဉ်း၍ မလေးရှားနိုင်ငံ လူ့အခွင့်အရေးကော်မရှင်၏ ဆောင်ရွက်ချက်များ၊ ထိုင်ဝမ်အမျိုးသားလူ့အခွင့်အရေးကော်မရှင်က Right Con ခေါင်းစဉ်ဖြင့် ကျင်းပမည့် ဆွေးနွေးပွဲသို့ ဖိတ်ကြားခြင်းဆိုင်ရာကိစ္စရပ်၊ သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာကိစ္စရပ်နှင့် မလေးရှားနိုင်ငံ Sabah ပြည်နယ်ရှိ နိုင်ငံမဲ့ဖြစ်နေသူများနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ၊ အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ် (APF) နှင့် ညှဉ်းပန်းနှိပ်စက်မှုတားဆီးကာကွယ်ရေးဆိုင်ရာအဖွဲ့ (APT) တို့နှင့် ဖိုရမ်တို့ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ဖိုရမ်၏နှစ်ပတ်လည်အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က ဖိုရမ်၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည်အစည်းအဝေးနောက်ပိုင်းကာလအတွင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များနှင့် တိုးတက်ဖြစ်ထွန်းမှုများကို ဆွေးနွေးပြီး ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက (SEANF) ၏ မဟာဗျူဟာစီမံကိန်း (၂၀၂၂-၂၀၂၆) ဦးစားပေးကိစ္စရပ် အမှတ် (၂) ဖြစ်သည့် စီးပွားရေးလုပ်ငန်းများတွင် လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ပေးရေးနှင့်စပ်လျဉ်း၍ ကော်မရှင်၏အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးသည်။

နှစ်ပတ်လည်အစည်းအဝေးအပြီးတွင် ၂၀၂၅ ခုနှစ်အတွက် ဖိုရမ်၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို အင်ဒိုနီးရှားနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံသို့ တီမောလက်စ်တေနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က လွှဲပြောင်းပေးအပ်သည်။

နိုဝင်ဘာလ ၂၀ ရက်တွင် ဖိုရမ်၏ဆက်စပ်ဆွေးနွေးပွဲကို "အရှေ့တောင်အာရှဒေသတွင်း စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ ကောင်းမွန်သောအလေ့အကျင့်များနှင့် အတွေ့အကြုံများမျှဝေခြင်း" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး ဆွေးနွေးပွဲသို့ တီမောလက်စ်တေနိုင်ငံ သမ္မတ H.E. Dr. José Ramos-Horta တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။

ဆွေးနွေးပွဲသို့ ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးကော်မရှင်များမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ရုံးဝန်ထမ်းများ၊ တီမောလက်စ်တေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဘာသာရပ်ဆိုင်ရာပညာရှင်များတက်ရောက်ပြီး ဆွေးနွေးပွဲအကြောင်းအရာနှင့် စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက ဆွေးနွေးခဲ့ကြောင်းသိရသည်။ (သတင်းစဉ်)

# မြိတ်မြို့ စံကျောင်းတိုက်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၀

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ စံကျောင်းတိုက်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ယနေ့ နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၅ ပါးနှင့် သာသနာ့နွယ်ဝင်သီလရှင် ၂၅ ပါးတို့ကို အရိုး/အကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးကာ စံကျောင်းတိုက်ဆရာတော်အား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း နယ်မြေခံဆေးကုသရေးအဖွဲ့က မြိတ်မြို့ စံကျောင်းတိုက်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစဉ်။

# တာချီလိတ်မြို့ရှိ မြို့ကျက်သရေဂုဏ်ဆောင် ဆုတောင်းပြည့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ်မြောက် စိန်ဖူးတော်တင်လှူပူဇော်နိုင်ရေးနှင့် အရံစေတီတော်များ ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးအတွက် တတိယအကြိမ် အလှူတော်ငွေများလှူဒါန်းပွဲပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်ထံ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

နေပြည်တော် နိုဝင်ဘာ ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့ရှိ မြို့ကျက်သရေဂုဏ်ဆောင်ဆုတောင်းပြည့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ်မြောက် စိန်ဖူးတော်တင်လှူပူဇော်နိုင်ရေးနှင့် အရံစေတီတော်များ ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးအတွက် တတိယအကြိမ်အလှူတော်ငွေများ လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်ဓမ္မာရုံ၌ပြုလုပ်ရာ ကျိုင်းတုံမြို့၊ သီလဓမ္မကုန်းသာတောရကျောင်းတိုက် ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီလဓမ္မကုန်းသာတောရကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်၊ ယင်းနောက်အလှူရှင်များက တိုင်းမှူးထံ အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး သီလဓမ္မကုန်းသာတောရကျောင်းတိုက် ဆရာတော်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အဆိုပါ စတုတ္ထအကြိမ်မြောက် စိန်ဖူးတော်တင်လှူပူဇော်နိုင်ရေးနှင့် အရံစေတီတော်များ ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး အတွက် အလှူရှင်များက တတိယအကြိမ် အလှူတော်ငွေကျပ်သိန်း ၇၃၀၀ နှင့် ထိုင်းဘတ်ငွေ ၅၀၀၀၀ ဘတ်တို့ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# အလယ်အလတ်အဆင့် / အဆင့်မြင့်စာရင်းကိုင်နှင့်ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်-၁၀၂သင်တန်းဆင်းပွဲကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၀

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့်စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်နှင့်ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးတို့တွင် ဖွင့်လှစ်သည့် အလယ်အလတ် အဆင့်/အဆင့်မြင့် စာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်း အမှတ်စဉ်-၁၀၂ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက သင်တန်းတွင် အစိုးရဌာန၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် လက်တွေ့လုပ်ငန်းခွင်တွင် အသုံးဝင်ပြီး လုပ်ငန်းဆိုင်ရာ သိသင့်သိထိုက်သည်များကို သင်ကြားပို့ချပေးခဲ့သဖြင့် ဝန်ထမ်းရေးရာ၊ ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် ဝန်ထမ်းဆိုင်ရာများကို ပိုမိုသိရှိနားလည်စေရန် စဉ်ဆက်မပြတ် ကိုယ်တိုင် (Self-Study) ဆက်လက်ဆည်းပူးသွားကြရန် မှာကြားသည်။

သင်တန်းသို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်တွင်ဝန်ကြီးဌာနများမှ ဝန်ထမ်းစုစုပေါင်း ၃၂၃ ဦး၊ ပြည်ထောင်စုစာရင်းချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးတွင် ဌာနဆိုင်ရာ ဝန်ထမ်း ၁၄၄ ဦး၊ စုစုပေါင်း ၄၆၇ ဦး တက်ရောက်ကြကြောင်း သိရသည်။ (၅၀၀)

# မန္တလေးမြို့ နန်းမြို့တွင်းရှိ အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၂၀

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ အမှတ်(၁၈)အခြေခံပညာအထက်တန်းကျောင်းတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက ဘက်စုံပညာကိုရည် တို့လှမ်းချီသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ဂုဏ်ထူးရရှိကြသူများ၊ ပညာရည်ချွန်ဆုရရှိကြသူများ၊ ခရိုင်/မြို့နယ်အဆင့် အားကစားပြိုင်ပွဲများနှင့် ကာယ၊ ဉာဏပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက ထာဝရမြန်မာသီချင်း၊ ဇာတိမာန်သီချင်းတို့ဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)




အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ဆုရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်စဉ်။

● ရှေ့ဖုံးမှအဆက်

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒေါက်တာမျိုးသိန်းကျော်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့်အစည်းအဝေးသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ဖြည့်စွက်ခွင့်ပြုငွေများကိုခွင့်ပြုနိုင်ရန် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီတို့နှင့် ဆွေးနွေးညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း။




၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့်တက်ရောက်စဉ်။

**"၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေတွင် ကာကွယ်ရေးနှင့်လုံခြုံရေး၊ ပြည်သူတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးတို့တွင် အဓိကကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်စေရေး အသုံးစရိတ်များ၊ လမ်းပန်းဆက်သွယ်မှုအဆင်ပြေချောမွေ့စေရေးနှင့် အရည်အသွေးပြည့်မီသော အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးနှင့်ကျန်းမာရေးကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ ပြည်တွင်းထုတ်ကုန်တိုးမြှင့်စေရေးနှင့် နိုင်ငံတော်၏ကုန်ထုတ်လုပ်မှုနှင့်စက်မှုလုပ်ငန်းများ ပိုမိုလည်ပတ်နိုင်ပြီး စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာဖြင့် ပြည်တွင်းတွင် လုံလောက်စွာထုတ်လုပ်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များစေရေးနှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးတို့အတွက် အဓိကကဏ္ဍဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုအဆင့်** MSME **ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကိုလည်း ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့်အတွက် အဆိုပါ ပြပွဲ၊ ပြိုင်ပွဲ အသုံးစရိတ်များကိုလည်း ခွင့်ပြုပေးရမည်ဖြစ်၊ အလားတူ မဖြစ်မနေ သုံးစွဲရမည့်အသုံးစရိတ်များကိုလည်း ခွင့်ပြုရမည်ဖြစ် . . ."**

ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်တောင်းခံငွေများကို အဆင့်ဆင့်စိစစ်ခဲ့ပြီး ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီက နောက်ဆုံးစိစစ်ပြီးသည့်အပေါ်တွင် ထပ်မံညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည့်အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေတွင် ကာကွယ်ရေးနှင့် လုံခြုံရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးတို့တွင် အဓိကကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး အသုံးစရိတ်များ၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးနှင့် အရည်အသွေးပြည့်မီသော အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်ပို့ဆောင်ဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ ပြည်တွင်းထုတ်ကုန် တိုးမြှင့်စေရေးနှင့် နိုင်ငံတော်၏ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများ ပိုမိုလည်ပတ်နိုင်ပြီး စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာဖြင့် ပြည်တွင်းတွင် လုံလောက်စွာထုတ်လုပ်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များစေရေးနှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးတို့အတွက် အဓိကကဏ္ဍဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကိုလည်း ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့်အတွက် အဆိုပါပြပွဲ၊ ပြိုင်ပွဲ အသုံးစရိတ်များကိုလည်း ခွင့်ပြုပေးရမည်ဖြစ်ကြောင်း၊ အလားတူ မဖြစ်မနေသုံးစွဲရမည့်အသုံးစရိတ်များကိုလည်း ခွင့်ပြုရမည်ဖြစ်ကြောင်း။

ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများကလည်း မလိုအပ်သည့် အသုံးစရိတ်များ မသုံးစွဲမိစေရေး စိစစ်ရန်လိုကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီးခန့်မှန်းခြေကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက မူလခန့်မှန်းခြေ ရငွေပိုင်းတွင် ငွေကျပ် ဘီလီယံပေါင်း ၃၁၀၀၀ ကျော်ဖြစ်ကြောင်း၊ သုံးငွေပိုင်းတွင် ငွေကျပ်ဘီလီယံ ၃၉၀၀၀ ကျော်ဖြစ်ကြောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေကို ကြည့်မည်ဆိုပါက ရငွေပိုင်းတွင် ငွေကျပ်ဘီလီယံပေါင်း ၃၅၀၀၀ ကျော်ဖြစ်ပြီး သုံးငွေပိုင်းတွင် ငွေကျပ်ဘီလီယံ ၄၁၀၀၀ ကျော်ဖြစ်ကြောင်း၊ ယခုတွက်ချက်ပြီးသည့် GDP မှာ ငွေကျပ်ဘီလီယံ ၁၅၅၅၄၃ ဒသမ ၅၃၄ ဖြစ်သည့်အတွက် မူလခန့်မှန်းခြေတွင် လိုငွေ၏ GDP အချိုးအရ ၅ ဒသမ ၁၇ ရာခိုင်နှုန်းဖြစ်ပြီး ပြုပြင်ပြီးခန့်မှန်းခြေ၏ GDP နှင့် လိုငွေအချိုးမှာ ၃ ဒသမ ၉၁ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရကြောင်း။

ရငွေပိုင်းကို ကြည့်မည်ဆိုပါက ပြုပြင်ပြီးခန့်မှန်းခြေ၏ ရငွေပိုင်းတွင် ငွေကျပ် ဘီလီယံပေါင်း ၄၀၇၀ ဒသမ ၃၆၄ ဘီလီယံ တိုးမြှင့်ရရှိနိုင်ရန် လျာထားခြင်းဖြစ်ကြောင်း၊ ရငွေတိုးမြှင့်အောင် ဆောင်ရွက်နိုင်သည့် ဝန်ကြီးဌာနများမှလည်း နောင်ဘဏ္ဍာရေးနှစ်များတွင် ယခုထက် ဝင်ငွေပိုမိုရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သုံးငွေပိုင်းကို ပြန်ကြည့်မည်ဆိုပါက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဧပြီလမှစ၍ နောက်ဆုံးဖြည့်စွက်ရန်ပုံငွေတောင်းသည့် နိုဝင်ဘာလအထိ ၈ လဖြစ်ပြီး ၄ လ ကျန်ရှိသေးကြောင်း၊ အဆိုပါ ၈ လနှင့် ၄ လတွင် အသုံးစရိတ် မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီး ၄ လခန့်ကို နှိုင်းယှဉ်ကြည့်ရာတွင် မူလခန့်မှန်းခြေတွင် ၈ လအတွင်းသုံးစွဲငွေမှာ ငွေကျပ်ဘီလီယံပေါင်း ၃၉၀၀၀ ကျော်ဖြစ်ပြီး၊ ကျန်ရှိသည့် ၄ လ ကာလအတွင်း သုံးရန်လျာထားသည့် သုံးငွေမှာ ငွေကျပ်ဘီလီယံပေါင်း ၄၁၀၀၀ ကျော်ဖြစ်သည်ကို တွေ့ရကြောင်း၊ ယခင်နှစ်တွင် ဝန်ကြီးဌာနများက မသုံးနိုင်သည့် ပိုလျှံငွေများ ပြန်လည်အပ်နှံသည်ကိုတွေ့ရှိရကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ကျန်ရှိသည့် ၄ လနှင့် ယခုဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများပြီးစီးအောင် သုံးစွဲရမည့် အသုံးစရိတ်နှင့် လုပ်ငန်းပြီးစီးမှုအပေါ် စိစစ်ဆွေးနွေးပေးရန်ဖြစ်ကြောင်း၊ ထိုသို့စိစစ်ရာမှ အသုံးစရိတ်များ ထပ်မံလျှော့ချနိုင်မည်ဖြစ်ပြီး ရရှိလာသည့်ပိုလျှံငွေများကို ရာဂိမုန်တိုင်းနောက်ဆက်တွဲလုပ်ငန်းများတွင် အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ် သတ်မှတ်ထားသည့် မတ်လ ၁၅ ရက် မတိုင်မီပြီးစီးအောင် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီ၏ စိစစ်ပြီးအခြေအနေအပေါ် ရငွေနှင့်အသုံးစရိတ်များ တိုးမြှင့်လိုခြင်း၊ စိစစ်လျှော့ချလိုခြင်းများရှိပါက တင်ပြပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောက ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ ကြိုတင်စိစစ်ဆောင်ရွက်ခဲ့မှု၊ ထိုသို့စိစစ်ရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအားစိစစ်ဆောင်ရွက်ခဲ့မှုနှင့် ဦးစားပေးလုပ်ငန်းများအတွက် အသုံးစရိတ်များတိုးမြှင့်ခွင့်ပြုပေးခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများအား စိစစ်ပြီးစီးမှုအခြေအနေ၊ မူလခန့်မှန်းခြေငွေစာရင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းအခြေအနေနှင့် နိုင်ငံပိုင်နိုင်ငံခြားငွေ ရငွေနှင့် သုံးငွေမူလခန့်မှန်းခြေငွေစာရင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းအခြေအနေတို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ စိစစ်ပြီးစီးမှုနှင့် ဖြည့်စွက်ခွင့်ပြုသည့်အသုံးစရိတ်များကို လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ရငွေ၊ သုံးငွေစာရင်းများနှင့် စပ်လျဉ်းသည့် စာရင်းစစ်ဆေးခြင်းဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အတွင်းရေးမှူးက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# သမဝါယမအသင်းပိုင်ဆီစက်ဖွင့်ပွဲနှင့် စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး တက်ရောက်



နေပြည်တော် နိုဝင်ဘာ ၂၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဖြူတ်ခွဲကျေးရွာသို့ သွားရောက်ပြီး သားတင်ဦး အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းနှင့် ကျောက်စိမ်းလယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သော အိမ်ရှင်မဆီစက် ဖွင့်ပွဲသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက အိမ်ရှင်မဆီစက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ဆီစက်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပုဗ္ဗသီရိမြို့နယ် ဖြူတ်ခွဲကျေးရွာတွင် တန်ဖိုးမြင့်စားသုံးဆီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို သမဝါယမအသင်းနှစ်သင်း ပေါင်းစပ်ဆောင်ရွက်ခဲ့ပြီး တစ်ရက်လျှင် မြေပဲဆီ ၅၀၄ ပိဿာ၊ တစ်လလျှင် ပိဿာ ၁၅၁၂၀၊ တစ်နှစ်လျှင် ပိဿာ ၁၈၁၄၄၀ ကြိတ်ခွဲထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း၊ ကုန်ကြမ်းဝယ်ယူရရှိရေးအတွက် တစ်နှစ်လျှင် မြေပဲစိုက်ဧက ၃၅၁၂ ဒသမ ဝ၆ ဧကကို အကျိုးပြုပေးမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ၊ ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီကြိတ်ခွဲစက်များ ထူထောင်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သားတင်ဦး အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းဥက္ကဋ္ဌက စက်ရုံတည်ဆောက်ခဲ့မှုမှတ်တမ်းများ၊ ကြိတ်ခွဲလည်ပတ်မည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကျင်းပသော အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့်ဖွင့်လှစ်ခဲ့သည့် သင်တန်းဆင်းပွဲများသို့ တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဇေယျာသီရိမြို့နယ် ဝန်ပြန်ကျေးရွာမှ သီးနှံအခြေခံ တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် ထူးချွန်သူ ငါးဦးကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာမှ သီးနှံအခြေခံတန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် ထူးချွန်သူငါးဦးကိုလည်းကောင်း လုပ်ငန်းသုံးစက်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက သင်တန်းအလိုက်ထူးချွန်သူငါးဦးတို့ကို လုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းဆင်းအောင်လက်မှတ်များပေးအပ်ချီးမြှင့်ခဲ့ကြရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ (၅၀၀)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနှင့် နိုင်ငံတကာသို့တင်ပို့မည့် မော်တော်ယာဉ်များ၊ ကုန်ပစ္စည်းတင်ကွန်တိန်နာများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုဆိုင်ရာ စစ်ဆေးဆောင်ရွက်သည့်လုပ်ငန်းများအား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ကြည့်ရှုလေ့လာ





နေပြည်တော် နိုဝင်ဘာ ၂၀

မြန်မာ-တရုတ် နှစ်နိုင်ငံအကြားသန်းခေါင်စာရင်းကောက်ယူခြင်းနှင့်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် အဖွဲ့သည် နိုဝင်ဘာလ ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုံးပြည်နယ် ကွမ်ကျိုးမြို့ ဘိုင်ရန် (Bai Yun) အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာကြရာ တရုတ်နိုင်ငံ ရှန်ဟိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညပိုင်းတွင် ရောက်ရှိကြသည်။

နိုဝင်ဘာလ ၁၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှန်ဟိုင်းမြို့ ရှန်ဟိုင်းအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (Shanghai International Terminal) သို့ သွားရောက်လေ့လာကြရာ SIPG HAITONG LOGISTICS ကုမ္ပဏီရုံးခန်း၌ တာဝန်ရှိသူတစ်ဦးက ရှန်ဟိုင်းဆိပ်ကမ်း၌ နိုင်ငံတကာသို့တင်ပို့မည့် မော်တော်ယာဉ်များထိန်းသိမ်းထားရှိမှု၊ မကြာသေးမီကာလက ဆောင်ရွက်ခဲ့သည့် ပြည်ပသို့တင်ပို့မည့် မော်တော်ယာဉ်များအား ဂိုဒေါင်အတွင်း အလွှာလိုက်ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ လက်ရှိအခြေအနေတွင် လုပ်ငန်းခွင်ဝင်းအတွင်း ယာဉ်များ စနစ်တကျစီစီရီရီ ထားရှိမှုနှင့် လုပ်ငန်းစဉ်အဆင့်အလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှန်ဟိုင်းဆိပ်ကမ်း၌ အရှေ့တောင်အာရှနိုင်ငံများအပါအဝင် နိုင်ငံတကာသို့တင်ပို့မည့် မော်တော်ယာဉ်များကို နိုင်ငံတကာပင်လယ်ကူးသင်္ဘောပေါ်သို့ တင်ဆောင်နေမှုလုပ်ငန်းစဉ်ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှန်ဟိုင်းဆိပ်ကမ်း၌ ပြည်ပနိုင်ငံများသို့ တင်ပို့မည့် ကုန်ပစ္စည်းတင်ကွန်တိန်နာများသယ်ယူ၍ ပင်လယ်ကူးသင်္ဘောများပေါ်သို့ စိစစ်တင်ဆောင်နေမှုကို ကြည့်ရှုလေ့လာကြပြီး ပြည်ဝင်/ ပြည်ထွက်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာများနှင့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများကို ဆက်စပ်ဌာနများ ပေါင်းစပ်ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ဗဟိုထိန်းချုပ်ရေးစင်တာ (Terminal Control Center) သို့ သွားရောက်၍ ရှန်ဟိုင်းဆိပ်ကမ်းသို့ Terminal အသီးသီးမှ ဝင်ထွက်ဆိုက်ကပ်ကာ ကုန်ပစ္စည်းများ သယ်ယူတင်ချဆောင်ရွက်နေမှုအခြေအနေများကို နည်းပညာဖြင့် စောင့်ကြည့်ထိန်းချုပ်ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြပြီး ပြည်ထောင်စုဝန်ကြီး၏ သိရှိလို၍ မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို ရှန်ဟိုင်းပြည်ဝင်/ပြည်ထွက်နယ်စပ်စစ်ဆေးရေးဌာန (Shanghai Entry-Exit Frontier Inspection Station) မှ Chief Station Director၊ Mr.Gong Yao က ရှန်ဟိုင်းပြည်ဝင်/ပြည်ထွက်နယ်စပ်စစ်ဆေးရေးဌာနဧည့်ခန်းမ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# Naypyitaw State Academy နှင့် အခြေခံပညာကျောင်းများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၂၀

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် Naypyitaw State Academy နှင့် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် Naypyitaw State Academy ၏ စာသင်ဆောင်၊ စာသင်ခန်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမပညာသင်ကာလ ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းအပ်နှံနေမှုများ၊ လက်တွေ့ခန်းအတွင်း ပညာသင်ကြားနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက Naypyitaw State Academy တွင် ကျောင်းသားဗဟိုပြု သင်ကြားမှုစနစ်ကို အကောင်အထည်ဖော်နိုင်ရန်၊ အရည်အသွေးရှိသော သင်ကြားသင်ယူမှုကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် Up-to-date ဖြစ်သည့် Textbooks များ၊ ခေတ်မီလက်တွေ့ခန်းသုံး ပစ္စည်းများ၊ Internet Access နှင့် e-library အပါအဝင် သင်ထောက်ကူပစ္စည်းများကို ပြည့်စုံစွာ ဖြည့်ဆည်းပေးထားပြီးဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များကို အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်ကြည့်ရှုစစ်ဆေး၍ စာသင်ခန်းအတွင်း ကျောင်းသား၊ ကျောင်းသူများအေးချမ်းစွာပညာသင်ကြားနေမှုများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးခဲ့ကြောင်း သိရသည်။

(၅၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win addresses coordination meeting to submit supplemental budget accounts of the Union for financial year 2024-2025



Vice-Senior General Soe Win addresses coordination meeting to submit supplemental budget accounts of the Union for financial year 2024-2025.

NAY PYI TAW November 20

A coordination meeting to submit supplemental budget accounts of the Union for financial year 2024-2025 was held at the meeting hall of State Administration Council Chairman's Office here this afternoon, addressed by Vice Chairman of the Budget Commission Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win.

Also present were SAC member General Nyo Saw, Union Ministers U Win Shein and Dr Myo Thein Kyaw, Union Auditor-General Dr Khin Naing Oo, Deputy Minister U Min Htut and officials. Union level officials, union ministers, deputy ministers and officials attended the meeting through video conferencing.

In his address, the Vice-Senior General said today's meeting was to discuss the approval of supplemental budget accounts of the Union for FY 2024-2025 with the union level organizations, union ministries, the Nay Pyi Taw Council.

The discussion will be on the final examination of the budgets of the Union and regions and states conducted by pre-scrutiny committee after checking the different stages of supplemental funds for FY 2024-2025 requested by union ministries and organizations.

In is endeavours for national economic growth, the government will have to enforce the rule of law and develop the transport, education, and health sectors. As the Head of State has given guidance, the FY 2024-2025 supplemental funds will include expenditures that will be approved for progress of the farming sectors the main pillar for defence and security, socio-economic development of the people, national economic promotion and local edible oil sufficiency, for transport and communication and electricity and energy sectors to facilitate transport and develop quality infrastructure, for health and education sectors to develop human resources, for organizing union level MSME production expo and competition for progress of MSMEs the main base for sufficient production of quality food and social goods, generating job opportunities, producing skilled labour force through the growth in local production and full operation of industries.

Union ministries and organizations must prevent the occurrence of unnecessary expenditures through detailed checks. A comparison between the original estimation and amended estimation for FY 2024-2025 shows over Ks-31,000 billion in income and over Ks-39,000 billion in expenditure in the former and over Ks-35,000 billion in income and over Ks-41,000 billion in expenditure in the latter. As the calculated current GDP is Ks-155,543.534 billion, deficit of original estimation according to GDP ratio is 5.17 percent and that of amended estimation according to GDP ratio is 3.91 percent.

The target for increase in the estimated income is Ks-4,070.364 billion. Ministries that can increase income must try to further raise the earnings in the coming FYs. As regards expenditure, the time from April FY 2024-2025 to November, the month in which the last supplemental fund was requested, is eight months. So, a four-month period still remains. A comparison between eight-month and four-month expenditure of original estimation and that of four-month amended estimation, it is found that expenditure of eight-month original estimation was over Ks-39,000 billion and the target expenditure for the remaining four months was over Ks-41,000 billion. Ministries' excess funds of previous year were refunded. Ministries should discuss the expenditures for the remaining four months and completion of the tasks. In this way, they can reduce their expenditures and the excess funds will be added to the funds for the follow-up Yagi-related rehabilitation tasks, which must be completed before 15 March, as fixed by the Prime Minister.

For the 2024-2025 fiscal year, Union Ministries and Institutions' supplemental budget accounts should be submitted based on the verified status from the preliminary verification of the budgets of the Union and Regions or States, outlining whether it is necessary to increase revenue, adjust expenses, or reduce costs.

Then, General Nyo Saw explained the situation regarding the supplemental budget accounts for the 2024-2025 fiscal year, including the preliminary verification of the Union and Regions or States. He also noted that the verification process is carried out in accordance with the policies established by State and relevant ministries and organizations. He also explained the circumstances surrounding increased spending for priority activities.

Then, Secretary of the Commission, Union Minister U Win Shein, explained and presented the completion status of the Union's 2024-2025 fiscal year supplemental budget accounts, including the status of the original estimated accounts and revised estimated accounts. He also explained the status of state-owned foreign currency receipts and expenditures, as well as the original estimated budget and revised estimated budget. Then, Deputy Minister U Min Htut explained the completed verification of the 2024-2025 fiscal year supplemental budget accounts and expenses of the Union. Then, Chief Auditor of the Union, Dr. Khin Naing Oo explained the auditing process related to the budgets.

After that, Union-level organizations and Union Ministries discussed the relevant sectors, and the Secretary of the Finance Commission held a supplementary discussion.

Then, Vice-Senior General Soe Win coordinated the necessary measures, delivered a closing speech and concluded the meeting.

100

# Pyapon Township supplies 70,000 visses of short-body mackerel to Yangon

PYAPON November 20

"A total of 70,000 visses of short-body mackerel were transported from Pyapon Township, Ayeyawady Region, to the Yangon market," said Daw Moe Myint, the owner of Pyapon Township's fishery products trading fair.

The short-body mackerel caught naturally in Pyapon Township are being shipped to the Yangon market. During August, only up to 45,000 visses of short-body mackerel could be sold to the Yangon market.

"There were more sales of short-body mackerel in the previous month. In addition to prawns and crabs, Pyapon Township is also selling short-body mackerel. Short-body mackerel are mainly transported from Pyapon town to Yangon market. Now that transactions are more brisk than usual, the job opportunities for fishermen and traders are good," she said.

It is said that only one viss of short-body mackerel shipped from Pyapon Township to Yangon market fetches up to Ks-17,500.

These aquatic product traders purchased various types of fish, including short-body mackerel, various types of prawns and crabs, and they cleaned and packaged properly, and then sent to Yangon. **SK**

# Passion fruit from Shan State demand increase in the local market

NAY PYI TAW November 20

Orders from Nay Pyi Taw for Italian passion fruit, which is going to be out of season in Shan State's Aungban fruits market, have mounted.

Passion fruit orders have been placed mainly by fresh juice shops and currently, the price has slightly climbed up.

"Italian passion fruit has been selling quite well. It is mainly produced in Yaksawk and Panglong. The majority of orders are from Nay Pyi Taw, Yangon, Mandalay, Hpa-an, Myawady and Tachilek but Nay Pyi Taw's orders are the biggest. In Aungban, most of the orders are placed by fresh juice shops. It is going to be out of season and the price gets high slightly," said Ma Nyo Lei Yi, an Italian passion fruit retail and wholesale trader in Aungban Township.

This year's passion fruit production increased compared to last year and the trade has been doing well too.

"This year's production is better than that of last year. The price is also high. Passion fruits are frozen in bags so that they can be sold throughout the year when the fruits are going to be out of season," she added. **SK**

# Over 700,000 coconuts shipped from Mawlamyinegyun Township to Yangon



MAWLAMYINEGYUN November 20

"Up to 770,000 coconuts from Mawlamyinegyun Township, Ayeyawady Region were sold to the Yangon market in September," said Daw San Htay, a coconut merchant from Mawlamyinegyun Township.

Only 520,000 coconuts were sold from Mawlamyinegyun Township to the Yangon market in May. It is reported that the price of the coconuts is Ks-65,000 for 100 coconuts.

"Agricultural products and farm produces from Mawlamyinegyun Township are being transported to Yangon market. Locally produced coconuts attracted the buyers from the Yangon market. It is known that the demand is good in the local market. The current coconut price is a price that is convenient for growers," she said.

Coconuts produced from Mawlamyinegyun Township are shipped and sold by trucks and ships. Due to the good price of these local coconuts and the good demand, the lives of coconut farming farmers, cargo workers, fair operators, and those who rent trucks are comfortable. **SMK**

# Kyunhla Township planted 14,000 acres of winter sesame



KYUNHLA November 20

A total of 14,000 acres of winter sesame have been planted this year's winter crop growing season in Kyunhla Township, Kantbalu District of Sagaing Region, according to the Township Department of Agriculture.

"Farmers in Kyunhla Township are engaged in cultivation of oilseeds all year round. In this year's winter crops planting season, 14,033 acres of winter sesame are allocated to grow but local farmers have planted 14,036 acres of sesame, exceeding the target areas. Officials from the Township Agriculture Department are providing local farmers with necessary assistance such as systematic ways of planting and prevention of pest infestation", according to Daw Myint Myint Yee, staff officer of the Township Department of Agriculture.

In 2024-2025 fiscal year, the Township Agriculture Department has designated a total of 34,864 acres of oilseed crops such as groundnut, sesame, sunflower, niger (guizotiaabyssinica) and mustard seeds in the Township, and as of now, 30,176 acres of oilseed crops have been planted. **SK**

# Meiktila Township plans to grow 6485 acres of winter bean

MEIKTILA November 20

A total of 6,485 acres of winter bean varieties have been designated to grow in Meiktila Township of Mandalay Region this year's winter crops growing season, and as of now, 1,141 acres have been sown, according to the Township Agriculture Department.

In this year, the Township Agriculture Department has allocated to grow a total of 6,485 acres of winter bean varieties. To date, 1141 acres of winter bean varieties including 304 acres of butter bean, 306 acres of chick pea, 445 acres of lime bean and 86 acres of other types of beans, have been cultivated in this season.

In order to develop the local pulse crop production sector and increase the income of local farmers, officials from the Township Agriculture Department are making field trips and providing farmers with necessary assistance such as agricultural techniques, good quality seeds, methods of planting and prevention of pest infestation in collaboration with relevant farmers in the Township. **SMK**

# BRICS Corridor: China eyes Pacific-Atlantic rail project via Bolivia and Brazil



MOSCOW November 20

China will assess the possibility of building a railway between the Pacific and Atlantic oceans, which will pass through Bolivia and Brazil, Bolivian President Luis Arce said.

On Tuesday, Arce met with Chinese President Xi Jinping on the sidelines of the G20 summit.

"He also expressed interest in studying the construction of an interoceanic train that will connect the Pacific and Atlantic oceans, starting from the Peruvian megaport of Chancay and passing through the territory of BRICS partners - Bolivia and Brazil," Arce said on Telegram on Wednesday.

**Sputnik**

# U.S. approval of Kiev's use of long-range missiles inside Russia aims to fuel war: Turkish president

ANKARA November 20

U.S. decision to allow Kiev to deploy its long-range missiles for strikes inside Russia is "a move aimed at fueling the war," Turkish President Recep Tayyip Erdogan said Wednesday.

"It appears to be a move aimed at fueling the war, ensuring it does not end, and even encouraging its spread," Erdogan told reporters on his flight back to Türkiye from Brazil, where he attended the Group of 20 summit, according to a report by semi-official Anadolu Agency.

"We do not consider it a right decision, nor do we approve of it," he added.

Calling the U.S. decision a provocative action that could push the world closer to a large-scale conflict, Erdogan said "even the smallest mistake in such circumstances is akin to throwing fire into a barrel of gunpowder. Therefore, I advise everyone to act carefully."

"This mindset of 'after me, the deluge' will lead us nowhere," he added.

In a major shift of his administration's policy on the Ukraine crisis, U.S. President Joe Biden had authorized Kiev to use U.S.-supplied long-range missiles, or the Army Tactical Missile System (ATACMS), to strike targets inside Russia, U.S. media reported on Sunday.

The White House or the Pentagon has not yet confirmed the decision.

Late on Tuesday, the Ukrainian Armed Forces reportedly fired six U.S. ATACMS ballistic missiles at Russia's Bryansk region.

**Xinhua**

# Russia's new Nuclear Policy leaves US and NATO facing strategic dead end - Intel Chief



MOSCOW November 20

The expanded list of grounds for Russia to use nuclear weapons in the updated nuclear deterrence policy effectively eliminates the possibility of defeating the country on the battlefield, Russian Foreign Intelligence Service (SVR) Director Sergei Naryshkin said on Wednesday.

On Tuesday, Russia released a presidential decree outlining the basic principles of the country's policy on nuclear deterrence. The document sets out among other things that a massive aerial attack on Russia, including with the use of cruise missiles and drones, could trigger a nuclear response.

"The statement by President Vladimir Vladimirovich Putin on amendments to the ... [nuclear deterrence policy] was met with caution by the West. They understand that the adjustments announced by Vladimir Vladimirovich Putin largely devalue the efforts of the United States and NATO to inflict a 'strategic defeat' on our country, and the planned expansion of the list of grounds for the use of nuclear weapons effectively excludes the possibility of victory over the Russian armed forces on the battlefield," Naryshkin said in an interview with the National Defence magazine.

**Sputnik**

# Belarus blasts US move to send antipersonnel mines to Ukraine



MINSK November 20

The decision of the outgoing US administration to supply antipersonnel mines to Ukraine will further undermine the global balance of power, Belarusian First Deputy Defence Minister Pavel Muraveiko said on Wednesday.

This move will prompt the Collective Security Treaty Organization (CSTO) to take action, he added.

"There was a system of checks and balances in the world, including a ban on the use of antipersonnel mines in modern warfare. The decision to provide such mines to Ukraine is another violation of the balance of power and an escalation," Muraveiko told reporters on the eve of a CSTO military and science conference.

**Sputnik**

# U.S. New Mexico scientists develop drones using real bird parts: report

HOUSTON November 20

Scientists at the New Mexico Tech, a public university in the U.S. state of New Mexico, have developed drones using real bird parts, local media outlet KOAT Action 7 reported Tuesday.

The taxidermy drones are designed to look and fly like real birds with authentic feathers and flapping wings, which will help the drones blend with wildlife and assist pilots by deterring birds from entering airspace or colliding with aircraft, according to the report.

Dr. Mostafa Hassanalian, lead researcher and mechanical engineering professor at the New Mexico Tech, namely the New Mexico Institute of Mining and Technology, believes these drones can save lives, money, and the environment, the report added. His research team has spent the past two years developing pheasant, mallard duck and pigeon drones and robots, the USA Today reported last week, noting that the drones are still in testing and the team is now looking at obtaining permission to fly the drones among real birds in non-simulated environments.

The animatronic birds may be used to study avian formations, coloration and communication, in addition to other natural ecosystems, said the USA Today report.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Scientists discover surprising daily activity can add an extra decade to your life

Want to add another decade to your life?

You need not embark on a complex daily fitness regime — simply go for plenty of long walks, Australian researchers say.

Scientists found that those who walked for a total of 111 minutes per day, on average, lived 11 years longer than people who walked very little.

Experts have warned for years that being stationary for too much of the day raises the risk of numerous health problems including weight gain, type 2 diabetes, cancer and even an early grave.

Now the team from Griffith University in Queensland, say they should aim for enough walking time to match the levels of the top 25 percent most physically active people.

Dr Lennert Veerman, a professor of public health at Griffith University and study co-author said: 'I was surprised to find that the loss of life years due to low levels of physical activity might rival the losses due to smoking and high blood pressure.

'I wondered how that would translate to life expectancy, and how much extra life time walking might bring.'

In the study, researchers assessed the physical activity levels of over 36,000 US adults aged 40 and over.

This data was captured by health trackers worn for at least 10 hours — over four or more days.

The researchers translated all forms of moderate to vigorous exercise into the equivalent in walking minutes, to make the comparison between groups easier to interpret.



This was then compared against 2017 mortality data logged by the Centers for Disease Control and Prevention, to HELP predict how many people would survive in the coming years, based on their activity levels.

The scientists found the least active quarter were doing the equivalent of 50 minutes of walking per day.

The next group walked for roughly 80 minutes while the third logged around 110 minutes.

The most active quarter of the population recorded the equivalent of 160 minutes — nearly three hours — of walking per day.

Being among the least active quarter would lead to a 5.8-year loss in life expectancy, bringing it down from around 78 to around 73, they added.

By comparison, if all Americans over age 40 were as active as the top quarter, life expectancy would be 84 years — an increase of 5.3 years.

Therefore, if the least physically active group were to complete an extra 111 minutes of activity per day, they could prolong their life by up to 11 years, the reseacherstheorised.

Writing in the British Journal of Sports Medicine, the researchers said: 'Our findings suggest that [physical activity] provides substantially larger health benefits than previously thought.'

They acknowledged the study was merely observational and could not prove why walking for longer periods of time could increase life expectancy.

The paper also had some 'limitations', they said, including the fact physical activity levels were self-reported.

But they added: 'Infrastructure measures that encourage active transport, walkable neighbourhoods, as well as green spaces might be promising approaches to increase physical activity and resultant healthy life expectancy at the population level.'

The World Health Organisation (WHO) recommends adults get at least 150 minutes of moderate-intensity exercise a week — or 75 minutes of vigorous exercise.

Sedentary lifestyles in the UK, with Brits spending their workhours deskbound, then sitting in a train or car on their way home to sit down in front of the TV, have been estimated to kill thousands each year.

One 2019 estimate put the annual death toll at 70,000 people a year with the health issues caused costing the NHS £700 million each year to treat.

A US Centers for Disease Control and Prevention (CDC) study in 2018 estimated almost one in 10 (8.3 percent) of adult deaths in the country were caused by physical inactivity.

The WHO puts the annual global death toll from physical inactivity at around 2million per year, making it in the running to be among the top 10 leading causes of global death and disability.

**HOW MUCH EXERCISE YOU NEED**

To stay healthy, adults aged 19 to 64 should try to be active daily and should do:

- at least 150 minutes of moderate aerobic activity such as cycling or brisk walking every week and
- strength exercises on 2 or more days a week that work all the major muscles (legs, hips, back, abdomen, chest, shoulders and arms)

Or:

- 75 minutes of vigorous aerobic activity such as running or a game of singles tennis every week and
- strength exercises on 2 or more days a week that work all the major muscles (legs, hips, back, abdomen, chest, shoulders and arms)

Or:

- a mix of moderate and vigorous aerobic activity every week – for example, 2 x 30-minute runs plus 30 minutes of brisk walking equates to 150 minutes of moderate aerobic activity and
- strength exercises on 2 or more days a week that work all the major muscles (legs, hips, back, abdomen, chest, shoul-ders and arms)

A good rule is that 1 minute of vigorous activity provides the same health benefits as 2 minutes of moderate activity.

One way to do your recommended 150 minutes of weekly physical activity is to do 30 minutes on 5 days every week.

All adults should also break up long periods of sitting with light activity.

**Mail Online**

SPECIAL REPORTS ON RUSSIA-UKRAINE CONFLICT

# ယူကရိန်းနိုင်ငံသားအများစုက လက်ရှိစစ်ပွဲကို အမြန်ဆုံးရပ်တန့်ရန်လိုလားဟုဆို




အမေရိကန်နိုင်ငံမှ စစ်တမ်းကောက်ယူရေးအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Gallup ရဲ့ထုတ်ပြန်ချက်အရဆိုရင် ယူကရိန်းနိုင်ငံသားအများစုက လက်ရှိဖြစ်ပွားနေတဲ့စစ်ပွဲကို အမြန်ဆုံးရပ်တန့်ဖို့လိုလားနေကြတယ်လို့ ဖော်ပြထားတာတွေ့ရပါတယ်။

ဒီလိုမျိုး စစ်ပွဲကိုရပ်တန့်ဖို့လိုလားတဲ့ ယူကရိန်းနိုင်ငံသားအရေအတွက်က ၅၂ ရာခိုင်နှုန်းရှိတယ်လို့ဆိုပါတယ်။ ၅၂ ရာခိုင်နှုန်းဆိုတာ ၂၀၂၃ ခုနှစ်ကာလနဲ့ ၂၀၂၂ ခုနှစ် ကာလတို့ထက် ထက်ဝက်ကျော်မြင့်တက်လာတာပါ။ အဲဒီကာလတွေတုန်းက စစ်ပွဲကိုရပ်တန့်လိုသူအရေအတွက်မှာ ၂၇ ရာခိုင်နှုန်းနဲ့ ၂၂ ရာခိုင်နှုန်းစီ အသီးသီးရှိပါတယ်။

အခုလိုကာလရှည်ကြာဖြစ်ပွားနေတဲ့ စစ်ပွဲကြောင့် ယူကရိန်းပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးတစ်ခုလိုဖြစ်လာတဲ့အတွက် ပြည်သူတွေရဲ့အမြင်လည်း ပြောင်းလာတာဖြစ်တယ်လို့ဆိုနိုင်ပါတယ်။ ဒါ့အပြင် ပြည်တွင်းရေးရာကိစ္စတွေကြောင့်လည်း ပြည်သူတွေက ငြိမ်းချမ်းရေးကိုအမြန်ဆုံးလိုချင်နေကြတာဖြစ်တယ်လို့ Gallup ရဲ့ ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားတာတွေ့ရပါတယ်။

သူနဲ့ဆန့်ကျင်ဘက်ဆိုသလိုပဲ လက်ရှိရုရှားနဲ့ဖြစ်ပွားနေတဲ့စစ်ပွဲကို မနိုင်မချင်း ဆက်လက်တိုက်ခိုက်သွားဖို့ လိုလားသူအရေအတွက်က သိသိသာသာကျဆင်းလာပါတယ်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှာ စစ်ပွဲကိုထောက်ခံအားပေးသူ ၇၃ ရာခိုင်နှုန်းရှိပါတယ်။ ၂၀၂၃ ခုနှစ်မှာကျတော့ ၆၃ ရာခိုင်နှုန်းအထိ ဆက်လက်ကျဆင်းသွားပါတယ်။ ဒီနှစ်သုတေသနမှာ စစ်ပွဲကိုထောက်ခံသူအရေအတွက်က ၃၈ ရာခိုင်နှုန်းအထိကို ကျဆင်းသွားတာပါ။

ငြိမ်းချမ်းရေးကိုလိုလားသူများအနက် ၅၂ ရာခိုင်နှုန်းက ဘယ်လိုအနေအထားနဲ့မဆိုဖြစ်လာနိုင်တဲ့ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ ပိုင်နက်နယ်မြေကိစ္စနဲ့ပတ်သက်ပြီး အလျှော့ပေးဖို့ကိုလိုလားနေကြတယ်လို့လည်း Gallup ရဲ့ထုတ်ပြန်ချက်မှာဖော်ပြထားပါတယ်။

လက်ရှိအခြေအနေမှာဆိုရင် ရုရှား-ယူကရိန်းပဋိပက္ခက အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်ရဲ့ ယူကရိန်းကို တာဝေးပစ်လက်နက်များအသုံးပြုခွင့်ပေးမှုဆုံးဖြတ်ချက်ကြောင့် တော်တော်လေးကိုတင်းမာမှုမြင့်တက်လာတာ တွေ့နေရပါတယ်။ အမေရိကန်ရဲ့ခွင့်ပြုချက်ရပြီးမကြာခင်မှာပဲ ယူကရိန်းက ရုရှားပိုင်နက်နယ်မြေထဲကို တာဝေးပစ်ဒုံးကျည်ခြောက်စင်းနဲ့ ပစ်ခတ်ပါတယ်။

တစ်ချိန်တည်းမှာပဲ ရုရှားအစိုးရက နိုင်ငံရဲ့ နျူကလီးယားလက်နက်အသုံးပြုမှုမူဝါဒအသစ်ကို အတည်ပြုပြဋ္ဌာန်းပါတယ်။ ဒီမူဝါဒအသစ်အရဆိုရင် ယူကရိန်းကိုကူညီပေးနေတဲ့ ဘယ်လိုစစ်အုပ်စု ဒါမှမဟုတ် ဘယ်လိုနိုင်ငံမျိုးမဆိုဟာ ရုရှားရဲ့ နျူကလီးယားအဟန့်အတားနဲ့ ရင်ဆိုင်ရမှာဖြစ်ပါတယ်။

ဒါပေမဲ့လည်း ရုရှားအစိုးရကတော့ လက်ရှိအချိန်အထိကို စေ့စပ်ဆွေးနွေးမှုတွေလုပ်ဆောင်ဖို့အတွက် အသင့်အနေအထားနဲ့ရှိနေဆဲဖြစ်တယ်လို့ ထုတ်ပြန်ထားပါတယ်။ ယူကရိန်းဘက်ကတော့ လက်ရှိရုရှားဘက်ကရရှိထားတဲ့ နယ်မြေများကိုပြန်ပေးမှသာ ငြိမ်းချမ်းရေးဆွေးနွေးမယ်လို့ဆိုထားပါတယ်။ ဒီနယ်မြေတွေဆိုတာ ရုရှားနဲ့ပူးပေါင်းလာတဲ့နယ်မြေတွေပဲဖြစ်ပါတယ်။

Ref: RT

K.H

# ယူကရိန်းနိုင်ငံ၌ ATACMS ဒုံးကျည်အစင်း ၅၀ သာရှိဟုဆို



ယူကရိန်းနိုင်ငံက ATACMS ဒုံးကျည်အစင်းရေ ၅၀ ကိုသာ အမေရိကန်ဆီကနေလက်ခံရရှိထားတယ်လို့ The Times သတင်းဌာနက ထုတ်ပြန်ဖော်ပြထားပါတယ်။ နောက်ထပ်ဒုံးကျည်တွေကိုထပ်မံပို့ဆောင်ပေးမယ့် အစီအစဉ်ကိုလည်း ပင်တဂွန်စစ်ဌာနချုပ်ဘက်က ထုတ်ပြန်ထားခြင်းမရှိသေးပါဘူး။

အခုလိုမျိုး ဒုံးကျည်အရေအတွက်က အကန့်အသတ်သာရှိတဲ့အတွက် ယူကရိန်းမြေပြင်တပ်မှူးများအနေနဲ့ ရုရှားနိုင်ငံထဲကိုတိုက်ခိုက်ဖို့အတွက် ပစ်မှတ်တွေကို သေချာဂရုတစိုက်ရွေးချယ်ဖို့ လိုအပ်မယ်လို့လည်း အဆိုပါဗြိတိန်သတင်းစာက ဖော်ပြထားပါတယ်။

အဲဒီသတင်းစာရဲ့ ဖော်ပြချက်အရ ပြောရမယ်ဆိုရင် ယူကရိန်းမှာ HIMARS နဲ့ MLRS ဒုံးကျည်စနစ်အမြောက်အမြားရှိပြီး အဲဒီစနစ်တွေကို အသုံးပြုခြင်းအားဖြင့် ATACMS ဒုံးကျည်တွေကို ပစ်လွှတ်နိုင်တယ်လို့လည်း သိရပါတယ်။

အမေရိကန်က သူတို့နိုင်ငံထုတ် တာဝေးပစ်ဒုံးကျည်တွေကိုယူကရိန်းအနေနဲ့ ရုရှားနိုင်ငံအတွင်းပိုင်းကို တိုက်ခိုက်ရာမှာ အသုံးပြုခွင့်ပေးလိုက်တာပါ။

အဲဒီနောက် ဒီလိုမျိုးခွင့်ပြုချက်ပေးခြင်းဟာ NATO တပ်ဖွဲ့ကို လက်ရှိပဋိပက္ခမှာ တိုက်ရိုက်ပါဝင်ပတ်သက်နေတဲ့ စစ်အုပ်စုအဖြစ်သတ်မှတ်နိုင်တဲ့အတွက် ယူကရိန်းပဋိပက္ခရဲ့ မူလသဘောသဘာဝကို ပြောင်းလဲသွားစေနိုင်တယ်လို့ ရုရှားသမ္မတ ဗလာဒီမာပူတင်က သတိပေးထားတာတွေ့ရပါတယ်။

Ref: RT

K.H

# အမေရိကန်က ယူကရိန်းကို တားမြစ်မိုင်းများ ထောက်ပံ့ပေးသွားမည်

မကြာမီရာထူးကနေထွက်ခွာတော့မယ့် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က ယူကရိန်းနိုင်ငံဆီကို တားမြစ်ထားတဲ့နင်းမိုင်းများ ထောက်ပံ့ပေးသွားဖို့အတွက် ဆုံးဖြတ်ချက်ချလိုက်တယ်လို့ အမည်မဖော်လိုသူ အမေရိကန်တာဝန်ရှိသူများရဲ့ ပြောဆိုချက်ကို ကိုးကားပြီး သတင်းဌာနအများအပြားက ဖော်ပြထားပါတယ်။

အခုလိုမျိုး နင်းမိုင်းများကိုထောက်ပံ့ပေးခြင်းအားဖြင့် ရုရှားတပ်ဖွဲ့များရဲ့ တိုက်စစ်အဟုန်ကို ရပ်တန့်သွားစေနိုင်မယ်လို့ ပင်တဂွန်စစ်ဌာနချုပ်က ယုံကြည်ထားတယ်လို့ဆိုနိုင်ပါတယ်။

ယူကရိန်းအနေနဲ့ အဲဒီမိုင်းတွေကို ယူကရိန်းနယ်မြေလို့ အမေရိကန်ဘက်က သတ်မှတ်ထားတဲ့နေရာတွေမှာသာ ခင်းပြီးအသုံးပြုသွားရမှာဖြစ်တယ်လို့ Washington Post သတင်းစာက ဒီလိုသတင်းမျိုးတွေကို ပထမဆုံးအကြိမ်အဖြစ် ဖော်ပြထားတာတွေ့ရပါတယ်။

အမေရိကန်က ယူကရိန်းကို အရင်ကတည်းကလည်း ရှေ့ထွက်မိုင်းတွေ ထောက်ပံ့ပေးခဲ့ဖူးပါတယ်။ ဒါ့အပြင် ဒုံးကျည်များနဲ့ အမြောက်ဆန်တွေအပါအဝင် ပဒေသာလက်နက်တွေကိုလည်း ထောက်ပံ့ပေးထားပါတယ်။

အဲဒီလိုမျိုးလက်နက်တွေဟာ ရေရှည်မှာ အရပ်သားတွေအပေါ် အန္တရာယ်ဖြစ်လာစေနိုင်တဲ့အတွက် အမေရိကန်ရဲ့မဟာမိတ်နိုင်ငံအများစုက ဒီလိုလက်နက်တွေ အသုံးပြုမှုကို တားမြစ်ပိတ်ပင်ထားတာဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ်တုန်းက အခြားနိုင်ငံများကို နင်းမိုင်းများထောက်ပံ့ပေးမှု တားမြစ်တဲ့ အိုဘားမားရဲ့မူဝါဒကို ထရမ့်က ပြန်အသက်သွင်းစဉ်တုန်းက ဒီလုပ်ရပ်ဟာ အဆင်အခြင်မဲ့လုပ်ရပ်ဖြစ်တယ်လို့ ဂျိုးဘိုင်ဒင်က ပြောဆိုတိုက်ခိုက်ခဲ့ဖူးပါတယ်။

Ref: RT

K.H



# အနောက်အုပ်စု၏ခြိမ်းခြောက်မှုများက အပေးအယူကြီးမားစေမည်

အနောက်အုပ်စုက ယူကရိန်းကို တာဝေးပစ်ဒုံးကျည်တွေနဲ့ ရုရှားနိုင်ငံအတွင်းပိုင်းထဲထိတိုက်ခိုက်ဖို့ ခွင့်ပြုပေးလိုက်တဲ့ ခြိမ်းခြောက်မှုဟာ အပေးအယူကြီးမားစေမယ်လို့ ရုရှားထောက်လှမ်းရေးအဖွဲ့ အကြီးအကဲ ဆာဂျီနာရီရှကင်ကသတိပေးလိုက်ပါတယ်။

မကြာသေးမီက ရုရှားသမ္မတအတည်ပြုပြဋ္ဌာန်းလိုက်တဲ့ ရုရှားနိုင်ငံရဲ့နျူကလီးယားလက်နက်အသုံးပြုမှုမူဝါဒအသစ်က အနောက်အုပ်စုအနေနဲ့ ရုရှားနဲ့ထိပ်တိုက်ရင်ဆိုင်လာရတဲ့အခါ မလူးသာမလွန့်သာဖြစ်စေမယ်လို့လည်း ဆာဂျီနာရီရှကင်က ပြောထားပါတယ်။

ဒါ့အပြင် အနောက်အုပ်စုက အခုလိုမျိုးခွင့်ပြုပေးလိုက်တဲ့အတွက်လည်း ရုရှားက လက်တုံ့မပြန်ဘဲနေမှာမဟုတ်ကြောင်းနဲ့ ဒီလိုလက်တုံ့ပြန်မှုဟာ နျူကလီးယားနဲ့ လက်တုံ့ပြန်မှုသာ ဖြစ်လာနိုင်ကြောင်း သူကဆက်ပြောထားပါသေးတယ်။

ယူကရိန်းသမ္မတဇီလန်စကီက ပြီးခဲ့တဲ့လမှာ သူ့ရဲ့အောင်နိုင်ရေးအစီအစဉ်ကို အနောက်အုပ်စုဆီတင်ပြခဲ့ပြီး အဲဒီအစီအစဉ်အောင်မြင်ရေးအတွက် အမေရိကန်ဆီကနေ Tomahawk ဒုံးကျည်တွေကို ယူကရိန်းမြေပေါ်မှာ ဖြန့်ကြက်ချထားဖို့ တောင်းဆိုခဲ့ပေမယ့် အမေရိကန်က ခွင့်မပြုခဲ့ဘူးလို့သိရပါတယ်။

Ref: RT

K.H

# အမေရိကန်နိုင်ငံအနောက်မြောက်ပိုင်းသို့ ဗုံးဆိုင်ကလုန်းဝင်ရောက်တိုက်ခတ် အိမ်ခြေခြောက်သိန်းကျော် လျှပ်စစ်ဓာတ်အားပြတ်တောက်

**ဝါရှင်တန်ဒီစီ၊ သဘာဝဘေး**


အမေရိကန်နိုင်ငံအနောက်မြောက်ပိုင်းသို့ ဗုံးအမည်ရှိ အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်းတစ်လုံးဝင်ရောက်တိုက်ခတ်ရာ လူတစ်ဦးသေဆုံး၍ နှစ်ဦးဒဏ်ရာရရှိကာ အိမ်ခြေခြောက်သိန်းကျော်မှာ လျှပ်စစ်ဓာတ်အားပြတ်တောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါမုန်တိုင်းသည် နိုဝင်ဘာလ ၂၀ ရက်အစောပိုင်းတွင် ဝင်ရောက်ခြင်းဖြစ်သော်လည်း နိုဝင်ဘာလ ၁၉ ရက်ကတည်းက မုန်တိုင်း၏အရှိန်ကြောင့်လေပြင်းများ တိုက်ခတ်သည့်အတွက် သစ်ပင်တစ်ပင်မှာ အိမ်ခြေယာမဲ့များနေထိုင်ရာ ယာယီစခန်းအပေါ်လဲကျသောကြောင့်အမျိုးသမီးတစ်ဦးသေဆုံးထားသည်။ အလားတူ အမျိုးသားနှစ်ဦးမှာ ၎င်းတို့၏နောက်တွဲယာဉ်ပေါ်သို့ သစ်ပင်တစ်ပင်လဲကျသည့်အတွက် ဒဏ်ရာရရှိခြင်းဖြစ်သည်။

မုန်တိုင်းသည် တစ်နာရီလျှင်လေတိုက်နှုန်း မိုင် ၅၀ နှုန်းဖြင့်ဝင်ရောက်လာခြင်းဖြစ်ပြီး သစ်ပင်များနှင့်လျှပ်စစ်ဓာတ်အားလိုင်းများ ပြိုလဲမှုဖြစ်ပေါ်သောကြောင့် ဝါရှင်တန်ပြည်နယ်၊ အော်ရီဂွန်ပြည်နယ်အနောက်တောင်ပိုင်း၊ မြောက်ကယ်လီဖိုးနီးယားတို့ရှိ အိမ်ခြေစုစုပေါင်းခြောက်သိန်းကျော်မှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနှင့်ရင်ဆိုင်နေရခြင်းဖြစ်သည်။

လက်ရှိတွင် မုန်တိုင်းကအစပိုင်းသာဖြစ်သောကြောင့် မိုးရေချိန် ၂ လက်မမှ ၃ လက်မအထိသာရွာသွန်းလျက်ရှိသော်လည်း နိုဝင်ဘာလ ၂၁ ရက်တွင် မုန်တိုင်းကပိုမိုအားကောင်းလာမည်ဖြစ်ပြီး နိုဝင်ဘာလ ၂၂ ရက်တွင် မိုးရေချိန် ၁၀ လက်မမှ ၁၅ လက်မအထိရွာသွန်းနိုင်သည်ဟု မယ်ရီလန်းပြည်နယ် ကောလိပ်ပဲ့ရှိ မိုးလေဝသဌာနမှ ပညာရှင်ရစ်အော်တိုက ထုတ်ပြန်ထားကြောင်းသိရသည်။

Ref: RTA



# ဂျပန်အစိုးရက ဒေါ်လာ ၈၇ ဘီလီယံအသုံးပြု၍ စီးပွားရေးနှိုးဆွပေးမည်

**တိုကျို၊ စီးပွားရေး**

ဂျပန်အာဏာရညွန့်ပေါင်းအစိုးရအဖွဲ့က အမေရိကန်ဒေါ်လာ ၈၇ ဘီလီယံအသုံးပြု၍ စီးပွားရေးကိုနှိုးဆွပေးရန် နိုဝင်ဘာလ ၂၀ ရက်တွင်သဘောတူလိုက်ပြီဖြစ်ကြောင်းသိရသည်။

ယခုကဲ့သို့ ငွေကြေးများအသုံးပြုမှုက ကုန်ဈေးနှုန်းများကြီးမြင့်လာမှုဒဏ်ကို ခံစားနေရသည့် အိမ်ထောင်စုများအတွက် သက်သာရာရစေမည်ဖြစ်ကြောင်းနှင့် ထိုသဘောတူညီချက်ကို ဂျပန်ဝန်ကြီးချုပ် ရှီဂဲရူအီရှီဘာက နိုဝင်ဘာလ ၂၂ ရက်တွင် အတည်ပြုပေးဖွယ်ရှိကြောင်း တာဝန်ရှိသူများကပြောသည်။

အဆိုပါစီးပွားရေးနှိုးဆွမှုအစီအစဉ်၌ အခြေခံဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုခြင်းနှင့် ဓာတ်ဆီအပေါ်အခွန်ကောက်ခံမှုကို လျှော့ချခြင်းတို့လည်းပါဝင်ပြီး ထိုကိစ္စများက ယခုစီးပွားရေးနှိုးဆွမှု၏ ဦးစားပေးကိစ္စများဖြစ်ကြောင်း အာဏာရ LDP ပါတီကပြောထားသည်။

ထို့ပြင် ဝင်ငွေနည်းပါးသည့်အိမ်ထောင်စုတစ်စုလျှင် ယန်း ၃၀၀၀၀ ကိုထောက်ပံ့ပေးမည်ဖြစ်ပြီး ၎င်းတို့ကိုအိမ်ခွန်များမှ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကာ ကလေးရှိသောမိသားစုများကိုမူ ကလေးတစ်ဦးလျှင် ယန်း ၂၀၀၀၀ နှုန်းဖြင့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

Ref: RTA




# အာကာသအကျိုးစီးပွားကိုကာကွယ်ရန် ထိုင်းလေတပ်ကို အမည်ပြောင်းမည်

**ဘန်ကောက်၊ ပြည်တွင်းရေး**

ထိုင်းတော်ဝင်လေတပ်က နိုင်ငံ၏ အာကာသအကျိုးစီးပွားများကိုကာကွယ်နိုင်ရေးအတွက် တပ်ဖွဲ့၏အမည်ကို ပြောင်းလဲသွားမည်ဖြစ်ကြောင်း ထိုတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူ လေတပ်ဗိုလ်ချုပ်ကြီး ပရာပတ်ဆွန်ဂျေဒီးကပြောသည်။

ပြောင်းလဲသွားမည့်အမည်မှာ ထိုင်းလေတပ်နှင့်အာကာသတပ်ဖွဲ့ဖြစ်ပြီး နိုင်ငံ၏ဝေဟင်နှင့်အာကာသအကျိုးစီးပွားများကိုကာကွယ်နိုင်ရေးအတွက် တပ်ဖွဲ့အသစ်တစ်ခုကိုလည်း ဖွဲ့စည်းသွားမည်ဖြစ်သည်ဟု အဆိုပါပြောရေးဆိုခွင့်ရှိသူက ဆက်ပြောသည်။

ထိုင်းနိုင်ငံ၏ ဝေဟင်နှင့်အာကာသအကျိုးစီးပွားအနေဖြင့် တစ်နှစ်လျှင်ဘတ် ၂၉ ဘီလီယံရရှိနေပြီး ဆက်သွယ်ရေး၊ အသံလွှင့်နှင့် ဆက်စပ်လုပ်ငန်းများအတွက် ပြည်သူ ၁ ဒသမ ၆ သန်းကို အလုပ်အကိုင်နေရာများပေးထားနိုင်ကြောင်း ၎င်းက ဆက်ပြောသည်။ ထို့ပြင် အမျိုးသားဝေဟင်နှင့်အာကာသအကျိုးစီးပွားများပူးပေါင်းဆောင်ရွက်မှုစင်တာကိုလည်း ထူထောင်သွားမည်ဟုသိရသည်။

Ref: TN

## သတင်းတိုကဏ္ဍ

### ထိုင်းအစိုးရက လာမည့်နှစ်ဒုတိယသုံးလပတ်တွင် ဒေါ်လာ ၄ ဘီလီယံတန်ဖိုးရှိငွေသားများထောက်ပံ့မည်

ထိုင်းအစိုးရသည် လာမည့်နှစ်ဒုတိယသုံးလပတ်အတွင်း အမေရိကန်ဒေါ်လာ ၄ ဘီလီယံတန်ဖိုးရှိငွေသားများကို ပြည်သူများအားထောက်ပံ့ပေးသွားမည်ဟု ဒုတိယဘဏ္ဍာရေးဝန်ကြီး ဂျာလူပန်အမွန်းဗီဇက်က နိုဝင်ဘာလ ၂၀ ရက်တွင် ပြောထားသည်။

ထိုကဲ့သို့ငွေသားများကို လက်ဝယ်အရောက်ထောက်ပံ့ပေးခြင်းဖြင့် လာမည့်နှစ်တွင် နိုင်ငံ၏စီးပွားရေး ၃ ရာခိုင်နှုန်းတိုးတက်မှုအတွက် အထောက်အပံ့ဖြစ်စေမည်ဟုမျှော်မှန်းရကြောင်း၊ ယခုနှစ်တစ်နှစ်လုံးတွင်မူ နိုင်ငံ၏စီးပွားရေးတိုးတက်မှုမှာ ၂ ဒသမ ၈ ရာခိုင်နှုန်းကိုပင်ကျော်လွန်မည်မဟုတ်ကြောင်း ၎င်းက ဆက်ပြောသည်။

ထိုင်းဘတ်ငွေအားဖြင့် ဘတ်ဘီလီယံ ၁၄၀ ကိုထောက်ပံ့ပေးမည်ဖြစ်ပြီး ထိုသို့ထောက်ပံ့ရေးအစီအစဉ်တွင် အကျုံးဝင်သူ ၄၅ သန်းအထိရှိကြောင်းနှင့် ၎င်းတို့အနက် ၁၄ ဒသမ ၅ သန်းသည် ဘတ် ၁၀၀၀၀ စီရရှိမည်ဖြစ်ကြောင်း ၎င်းက ပြောထားသည်ဟုသိရသည်။

Ref: RTA

### ပါကစ္စတန်အနောက်မြောက်ပိုင်း၌ တိုက်ခိုက်မှုများဖြစ်ပွား ၂၄ နာရီအတွင်း လူ ၂၀ သေဆုံး

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း၌ တိုက်ခိုက်မှုများဖြစ်ပွားရာ ၂၄ နာရီအတွင်းသေဆုံးသူအယောက် ၂၀ ရှိသည်ဟုတာဝန်ရှိသူများကပြောသည်။

နိုဝင်ဘာလ ၁၉ ရက်တွင် ခိုင်ဘာပတ်တန်ခွာပြည်နယ်၌ အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွားရာ စစ်သည် ၁၂ ဦးအသက်ဆုံးရှုံးရကြောင်း ပါကစ္စတန်စစ်ဘက်က နိုဝင်ဘာလ ၂၀ ရက်တွင်ထုတ်ပြန်ထားသည်။

ယင်းဗုံးခွဲတိုက်ခိုက်မှုမဖြစ်ပွားမီတွင် အကြမ်းဖက်သမားများနှင့် စစ်ဘက်တပ်ဖွဲ့ဝင်များကြား အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားရာ အကြမ်းဖက်သမားများအပါအဝင် လူရှစ်ဦးသေဆုံးကြောင်း စစ်ဘက်၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါတိုက်ခိုက်မှုများကို ပါကစ္စတန်တာလီဘန်အဖွဲ့ဖြစ်သည့် ဟာဖစ်ဂူဘာဟာဒါအဖွဲ့က လုပ်ဆောင်ခြင်းဖြစ်သည်ဟု ထိုအဖွဲ့ကအတိအလင်းထုတ်ပြန်ထားကြောင်းသိရသည်။

Ref: RTA

### အင်ဒိုနီးရှားအလယ်ပိုင်း၌ မြေပြိုမှုတစ်ခုဖြစ်ပွား မိသားစုဝင်လေးဦးစလုံးသေဆုံး

အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်းရှိ ဂျာဗားပြည်နယ်၌ မြေပြိုမှုတစ်ခုဖြစ်ပွားရာ မိသားစုဝင်လေးဦးစလုံးသေဆုံးကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါမြေပြိုမှုသည် နိုဝင်ဘာလ ၁၉ ရက်တွင်ဖြစ်ပွားခြင်းဖြစ်ပြီး ထိုသို့ဖြစ်ပွားချိန်တွင် မိုးသည်းထန်စွာရွာသွန်းလျက်ရှိကြောင်း ပဏာမအစီရင်ခံစာ၌ဖော်ပြထားသည်။

မြေပြိုမှုကြောင့် သေဆုံးသူများအနက် သုံးဦး၏ရုပ်အလောင်းကို နိုဝင်ဘာလ ၁၉ ရက်ညနေပိုင်းတွင်လည်းကောင်း၊ ကျန်တစ်ဦး၏ရုပ်အလောင်းကို နိုဝင်ဘာလ ၂၀ ရက်နံနက်ပိုင်းတွင်လည်းကောင်း ပြန်လည်တူးဖော်ရရှိထားကြောင်း ပြည်နယ်ရှာဖွေကယ်ဆယ်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အင်ဒိုနီးရှားနိုင်ငံသည် မိုးရာသီကာလအတွင်း သဘာဝဘေးအန္တရာယ်များနှင့် မကြာခဏရင်ဆိုင်နေရသည့်နိုင်ငံဖြစ်ပြီး ယခုနှစ်အတွင်းမှာပင် နိုဝင်ဘာလအထိ စာရင်းများအရ တစ်နိုင်ငံလုံး၌သဘာဝဘေးစုစုပေါင်း ၁၇၀၀ ကျော်ဖြစ်ပွားထားကြောင်းသိရသည်။

Ref: Xinhua

### အစ္စရေးကဂါဇာကို လေကြောင်းမှတိုက်ခိုက် ကယ်ဆယ်ရေးဝန်ထမ်းတစ်ဦးအပါ ၁၉ ဦးသေဆုံး

အစ္စရေးက နိုဝင်ဘာလ ၂၀ ရက်တွင် ဂါဇာဒေသကို လေကြောင်းမှတိုက်ခိုက်မှုများလုပ်ဆောင်ရာ ကယ်ဆယ်ရေးဝန်ထမ်းတစ်ဦးအပါအဝင် အနည်းဆုံးလူ ၁၉ ဦးသေဆုံးကြောင်း ဂါဇာမှကျန်းမာရေးတာဝန်ရှိသူများကပြောသည်။

တစ်ချိန်တည်းမှာပင် အစ္စရေးတပ်ဖွဲ့များသည် ဂါဇာမြောက်ပိုင်းသို့ ထိုးဖောက်ဝင်ရောက်လာကြောင်း၊ ထိုသို့ဝင်ရောက်စဉ် ဆေးရုံတစ်ရုံကိုဗုံးကြဲတိုက်ခိုက်၍ နေအိမ်များကိုဖောက်ခွဲမှုများလုပ်ဆောင်ကြောင်း တာဝန်ရှိသူများကပြောသည်။

အလားတူ အစ္စရေး၏ယခုကဲ့သို့တိုက်ခိုက်မှုများကြောင့် အနည်းဆုံးလူ ၁၀ ဦး ပျောက်ဆုံးနေကြောင်းနှင့် ရှာဖွေမှုများကို ဆက်လက်လုပ်ဆောင်နေကြောင်း ဆေးဘက်ဆိုင်ရာတာဝန်ရှိသူများကပြောသည်။

ထို့ပြင် အစ္စရေးတပ်ဖွဲ့များသည် ဆေးရုံကိုတိုက်ခိုက်မှုများလုပ်ဆောင်ပြီးနောက် ဆေးဝန်ထမ်း ၄၅ ဦးကိုဖမ်းဆီးသွားကြောင်း အစားဝင်မည့်ဆေးအဖွဲ့ကိုလည်းအဝင်မခံသောကြောင့် ဒဏ်ရာရလူနာများသေဆုံးနိုင်ကြောင်းသိရသည်။

Ref: RTA

# ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေး လူငယ်စကားဝိုင်းကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာလ ၁၉ ရက်က ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသူရိန်ဇော်၊ အဖွဲ့ဝင်(၂)ဦးညွန့်ဝေ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအုန်းကျော်၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးညွန့်ဝေက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးအုန်းကျော်က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် လူငယ်စကားဝိုင်းကိုဆက်လက်ကျင်းပရာ သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆောင်းနှင်းဖြူက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး မြို့နယ်အတွင်းရှိ အထက်တန်းကျောင်း ခြောက်ကျောင်းမှ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများပါဝင်ဆွေးနွေးကြရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း Grade-9 မှ မောင်ဥက္ကာဘိုက လူငယ်နှင့် စာရိတ္တ၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း Grade-7 မှ မနှင်းအိကလျာက လူငယ်နှင့်စာပေ၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း Grade-9 မှ မလင်းလက်မေက လူငယ်နှင့်မူးယစ်ဆေး၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း Grade-9 မှ မစန်းသီတာလှိုင်က လူငယ်နှင့်အားကစား၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း Grade-9 မှ မမွန်မြတ်သူက လူငယ်နှင့်လူတော်လူကောင်း၊ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း Grade-9 မှ မောင်သားဦးမောင်က လူငယ်နှင့်စည်းကမ်းခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ဆက်လက်ပြီး တက်ရောက်လာကြသည့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးကြသည်။ ထို့နောက် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်ကြကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ (ပြန်/ဆက်)**

# (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို မူလတန်းအဆင့် စွမ်းရည်ပြိုင်ပွဲများကျင်းပ



ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ (၁၀၄)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို မူလတန်းအဆင့် စာစီစာကုံး၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဟောပြောပွဲကို နိုဝင်ဘာလ ၁၉ ရက်က ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစည်သူမောင်မောင်က ဒဂုံ(ဆိပ်ကမ်း) မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား အမျိုးသားနေ့ဖြစ်ပေါ်လာပုံကို အသိပညာပေးဟောပြောပြီး (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ကျင်းပသည်။

ဆက်လက်၍ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲကျင်းပရာ အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူ ၃၀ ဦးက အသီးသီးပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်များနှင့် နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**မြိုးစန္ဒာ(ပြန်/ဆက်)**

# ကလိန်အောင်မြို့၌ မြေအောက်ရေဖြင့်စိုက်ပျိုးသည့် ရှုံးပတီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

ကလိန်အောင် နိုဝင်ဘာ ၂၀

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့၌ ဒေသခံတောင်သူများ မြေအောက်ရေဖြင့် စိုက်ပျိုးထားသော ရှုံးပတီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ကလိန်အောင်မြို့ရှိ ရှုံးပတီစိုက်ပျိုးသည့် တောင်သူတစ်ဦး၏ပြောဆိုချက်အရ သိရသည်။

ကလိန်အောင်မြို့၌ ရှုံးပတီပင်များကို မြေနုကျွန်းများဖြစ်သည့် ကိုင်းများတွင် မြေအောက်ရေဖြင့် ရေသွင်းစိုက်ပျိုးကြပြီး အသီးအထွက်နှုန်းကောင်းမွန်စေရန် သဘာဝမြေဩဇာနှင့် ပုလဲမြေဩဇာကျွေးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းဖြင့် အပင်ပြုစုပျိုးထောင်ရကြောင်း သိရသည်။

"လက်ရှိမှာ ရှုံးပတီစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းနေပါတယ်။ သုံးရက်တစ်ကြိမ်လောက် ခူးဆွတ်ရတယ်" ဟု ၎င်းကပြောသည်။

လက်ရှိ ရှုံးပတီသီး စတင်ခူးဆွတ်ချိန်တွင် အသီးအရွယ်အစားအလိုက် ဈေးရရှိပြီး ထွက်ရှိသည့်အသီးများကို ထားဝယ်မြို့နှင့် ကံပေါက်ဒေသတို့ရှိ ဒိုင်များက ခြံနှင့်ကိုင်းများအထိ လာရောက်ဝယ်ယူကြကြောင်း သိရသည်။

ကလိန်အောင်မြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသည် ဥယျာဉ်ခြံများ စိုက်ပျိုးလုပ်ကိုင်ကြသကဲ့သို့ ရာသီအလိုက်ထွက်ရှိသည့် ဖူးစားပြောင်း၊ နှမ်း၊ ဘူး၊ တိုင်ထောင်ပဲ၊ ရှော် စသည့်သီးပင်စားပင်များကိုလည်း မြေအောက်ရေဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း သိရသည်။

(၄၁၂)

# တာမွေမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြော


ရန်ကုန် နိုဝင်ဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်း၍ နိုဝင်ဘာလ ၂၀ ရက်တွင် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် တာမွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များအကြောင်း၊ မူးယစ်ဆေးသုံးစွဲခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာဆုံးရှုံးရမှုများ၊ ကွမ်းစားခြင်းနှင့် ဆေးလိပ်သောက်ခြင်းတို့ကြောင့် ဖြစ်တတ်သော ကျန်းမာရေးဆိုးကျိုးအန္တရာယ်များအကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များနှင့်ပတ်သက်၍ အကျယ်တဝင့် အသိပညာပေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**



## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတွင် နိုင်ငံအဆင့်ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးသင်တန်းကျောင်းတည်ထောင်နိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၀

ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်နိုင်ရေးအတွက် နိုင်ငံအဆင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးသင်တန်းကျောင်း တည်ထောင်နိုင်ရေး အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် တာဝန်ရှိသူများ၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းသက်မွေးပညာ ကဏ္ဍတွင် ညှိနှိုင်းဆောင်မှုဘာသာရပ်နှင့် ခရီးသွားလုပ်ငန်းဘာသာရပ်များကို သက်မွေးပညာရပ်တစ်ခုအဖြစ် ဒီပလိုမာအဆင့်၊ ဘွဲ့ဒီဂရီအဆင့်အထိ ပေးအပ်နိုင်အောင်ရည်ရွယ်ပြီး နိုင်ငံအဆင့် ကျောင်းတစ်ခုဖြစ်ပေါ်လာရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်က နိုင်ငံအဆင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သက်မွေးသင်တန်းကျောင်း တည်ထောင်နိုင်ရေးအတွက် ဆောင်ရွက်သွားမည့်အစီအမံများ၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပသွားမည့် အစီအစဉ်များ၊ သင်ရိုးညွှန်းတမ်း ရေးဆွဲဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဥပဒေရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ တက်ရောက်လာကြသော အရာရှိကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက နိုင်ငံအဆင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာသက်မွေးသင်တန်းကျောင်း တည်ထောင်ရသည့် ရည်ရွယ်ချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးပြီး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

## မြိတ်မြို့နယ်၊ တုံးဗျောကျေးရွာဟောင်းအနီးရှိ ခရီးသွားဆိုင်ကယ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း မဟုတ်မမှန်လုပ်ကြံရေးသားဝါဒဖြန့်

နေပြည်တော် နိုဝင်ဘာ ၂၀

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တုံးဗျောကျေးရွာဟောင်းအနီးတွင် ခရီးသွားဆိုင်ကယ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နိုဝင်ဘာလ ၁၈ ရက်က ပစ်ခတ်ခဲ့ကြောင်း၊ အဆိုပါပစ်ခတ်မှုကြောင့် ခရီးသွားပြည်သူ ၁ ဦးသေဆုံးပြီး ၂ ဦးထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ၎င်းရက်နေ့က တုံးဗျောကျေးရွာဟောင်းအနီးသို့ PDF အမည်ခံ အကြမ်းဖက်သမားများ စုဖွဲ့ရောက်ရှိနေကြောင်း အကြမ်းဖက်မှုကိုမလိုလားသည့် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ နှစ်ဖက်တိုက်ပွဲများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများရရှိကာ ဆုတ်ခွာထွက်ပြေး သွားခဲ့ကြောင်းနှင့် ခရီးသွားဆိုင်ကယ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့သည်မှာ သတင်းအမှားသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက် ယခုကဲ့သို့ မဟုတ်မမှန်လုပ်ကြံသတင်းများဖြင့် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)




## အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဖိလစ်ပိုင်အသင်းရှုံးနိမ့်မှုကြောင့် မြန်မာအသင်းတတိယလုပွဲကစားရမည်

ရန်ကုန် နိုဝင်ဘာ ၂၀

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိနေသည့်အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းက ရှုံးနိမ့်ခဲ့မှုကြောင့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းက တတိယလုပွဲကစားခွင့်ရရှိကြောင်း သိရသည်။

အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဖိလစ်ပိုင်အသင်းအနေဖြင့် အင်ဒိုနီးရှားအသင်းနှင့်ပွဲစဉ်တွင်သရေရလဒ်ရရှိမည်ဆိုပါက တတိယလုပွဲကစားရမည်ဖြစ်သော်လည်း ရှုံးနိမ့်ခဲ့သည့်အတွက် အုပ်စုအောက်ဆုံးနေရာတွင်သာ ရပ်တည်ခဲ့ကာ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းအနေဖြင့် တတိယလုပွဲကစားရမည်ဖြစ်သည်။

အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ငါးသင်းဖြင့် အုပ်စုပတ်လည်စနစ်ဖြင့် ကစားခဲ့ရာ အုပ်စုပွဲစဉ်များအပြီးတွင် ထိုင်းအသင်းက ရမှတ် ၁၂ မှတ်ဖြင့် အုပ်စုပထမ၊ ဗီယက်နမ်အသင်းက ရမှတ်ကိုးမှတ်ဖြင့် အုပ်စုဒုတိယ၊ အင်ဒိုနီးရှားအသင်းက ရမှတ်ခြောက်မှတ်ဖြင့် အုပ်စု တတိယ၊ မြန်မာအသင်းက ဂိုးကွာခြားချက်အသာ ရမှတ်တစ်မှတ်ဖြင့် အုပ်စုစတုတ္ထနှင့် ဖိလစ်ပိုင်အသင်းက ရမှတ်တစ်မှတ်ဖြင့် အုပ်စုပဉ္စမနေရာတွင် အသီးသီးရပ်တည်ခဲ့ကြသည်။

အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲစနစ်အရ အုပ်စုပထမမှ ထိုင်းအသင်းနှင့် ဒုတိယနေရာမှ ဗီယက်နမ်အသင်းတို့မှာ ဗိုလ်လုပွဲကစားရမည်ဖြစ်ပြီး တတိယနေရာမှ အင်ဒိုနီးရှားအသင်းနှင့် စတုတ္ထနေရာမှ မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းတို့မှာ တတိယလုပွဲအဖြစ်ကစားသွားရမည်ဖြစ်ကာ တတိယလုပွဲစဉ်နှင့် ဗိုလ်လုပွဲစဉ်တို့ကို နိုဝင်ဘာလ ၂၁ ရက် **(ယနေ့)**တွင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

### ညအပူချိန်လျော့နည်းခဲ့သော စခန်းများ၏ ၂၀-၁၁-၂၀၂၄ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယက် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၆.၇ | ၄၄.၁ |
| ပူတာအိုမြို့ | ၉.၂ | ၄၈.၆ |
| တီးတိန်မြို့ | ၉.၅ | ၄၉.၁ |
| နမ့်စန်မြို့(ရှမ်းပြည်နယ်တောင်ပိုင်း) | ၁၀.၁ | ၅၀.၂ |
| ပြင်ဦးလွင်မြို့ | ၁၀.၃ | ၅၀.၅ |

## ၂၀၂၄ ခုနှစ် နိုဝင်ဘာလ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁.၅ ဒီဂရီစင်တီဂရိတ်အောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်ပါသည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ငါးရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တစ်ရက်မှ လေးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁ ပေမှ ၂ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၁ ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ပေမှ ၁ ပေခွဲခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ သံလွင်မြစ်ရေသည်ဘားအံမြို့တွင် ၁ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၁ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၂ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ၁ ပေခန့်နှင့် ပဲခူးမြို့တွင် ၄ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။ **(မိုး/ဇလ)**

# သာယာဝတီခရိုင်အတွင်း ထူးချွန်တောင်သူများ၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား တိုးတက်အောင် ဆောင်ရွက်ခဲ့သည့် မြို့နယ်များအား ဂုဏ်ပြုချီးမြှင့်

**သာယာဝတီ နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့ နံနက်ပိုင်းက ၂၀၂၃-၂၀၂၄ ခုနှစ် သာယာဝတီခရိုင်အတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်ခဲ့သည့် ထူးချွန်တောင်သူများ၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအားတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် မြို့နယ်များအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သီးထပ်စွမ်းအားတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် သာယာဝတီမြို့နယ်နှင့် သီးနှံစိုက်စွမ်းအားတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် အုတ်ဖိုမြို့နယ်တို့မှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။ ၎င်းနောက် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက မိုးစပါး၊ နွေစပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ အစေ့ထုတ်ပြောင်းနှင့် ကြံသီးနှံများ ပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သည့် တောင်သူများအား ဂုဏ်ပြုမှတ်တမ်း၊ သွင်းအားစုနှင့် မျိုးစေ့ချကိရိယာများ အသီးသီး ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြသည်။

သာယာဝတီခရိုင်အတွင်း မိုးစပါးစိုက်ရာသီတွင် တစ်ဧကအထွက်နှုန်း ၁၈၃ ဒသမ ၂၁ တင်း၊ နွေစပါးရာသီတွင် တစ်ဧကအထွက်နှုန်း ၁၆၅ တင်း၊ မတ်ပဲသီးနှံတွင် တစ်ဧကအထွက်နှုန်း ၄၂ တင်း၊ ပဲတီစိမ်းသီးနှံတွင် တစ်ဧကအထွက်နှုန်း ၃၉ ဒသမ ၇၅ တင်း၊ မြေပဲသီးနှံတွင် တစ်ဧကအထွက်နှုန်း ၁၀၃ တင်း၊ နှမ်းသီးနှံတွင် တစ်ဧကအထွက်နှုန်း ၂၆ ဒသမ ၅၀ တင်း၊ အစေ့ထုတ်ပြောင်းသီးနှံတွင် တစ်ဧကအထွက်နှုန်း ၁၄၁ ဒသမ ၂၅ တင်းနှင့် ကြံသီးနှံတွင် တစ်ဧကအထွက်နှုန်း ၃၇ တန် စိုက်ပျိုးထွက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့သည့် ထူးချွန်တောင်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၄၀၁)၊ တင်စိုး(ပဲခူး)**

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားသမား ၁၂၀၀၀ ခန့် ပါဝင်ယှဉ်ပြိုင်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၂၀**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားသမား ၁၂၀၀၀ ခန့် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။




"ဝန်ကြီးဌာနအဆင့်မှာ စုစုပေါင်းအားကစားသမား ၅၂၀၀ ကျော်၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးအဆင့်မှာ အားကစားသမား ၆၆၀၀ ကျော်နဲ့ မသန်စွမ်းအားကစားသမား ၁၄၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဒီလိုကျင်းပရာမှာ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၉ ရက်နဲ့ ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၀ ရက်မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲတွေကို ဒီဇင်ဘာလ ၂ ရက်က စပြီးတော့ နေပြည်တော်မှာရှိတဲ့ အားကစားကွင်းတွေ၊ အားကစားရုံတွေမှာ ကျင်းပသွားမှာဖြစ်ပါတယ်" ဟု ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ပြိုင်ပွဲ ကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ပြောကြားသည်။

အမျိုးသားအားကစား ပွဲတော်တွင် ဝန်ကြီးဌာနအဆင့်အားကစားနည်းခြောက်နည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း ၂၃ နည်း၊ မသန်စွမ်းအားကစားသမားများအတွက် အားကစားနည်းလေးနည်းပါဝင်မည်ဖြစ်ကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

မကြာမီကျင်းပတော့မည့် အမျိုးသားအားကစားပွဲတော်အတွင်း အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းအပြင် ရွှေကြာပင်၊ လယ်ဝေးနှင့် ပေါင်းလောင်းတို့ရှိ အားကစားကွင်းများ၌လည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဖွင့်ပွဲအခမ်းအနားမှာ လာရောက်ကြည့်ရှုမယ့် နိုင်ငံတော်အဆင့် အရေးကြီး




ပုဂ္ဂိုလ်တွေ ကြည့်ရှုမယ့်နေရာဖြစ်တဲ့ VVIP စတိတ်စင် တည်ဆောက်ခြင်းလုပ်ငန်းက ၁၀၀ ရာခိုင်နှုန်း၊ ဖွင့်ပွဲအခမ်းအနားမှာ ထွန်းညှိမယ့် မီးရှူးတိုင်ပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းကလည်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါတယ်။ အားကစားသမားပေါင်း ၆၀၀၀ ကျော်၊ ဒိုင်လူကြီး ၈၀၀ ကျော် တည်းခိုနေထိုင်မယ့် Gold Camp Cluster 4, 5, 6 မှာ မြို့ပြရေ မီးပြုပြင်ခြင်းလုပ်ငန်းတွေကတော့ ဆောင်ရွက်နေဆဲဖြစ်ပြီးတော့ ရာခိုင်နှုန်းအားဖြင့် ၈၀ ရာခိုင်နှုန်းကျော်ရှိပြီဖြစ်ပါတယ်။ ပြိုင်ပွဲကျင်းပမယ့်နေရာတွေမှာ အသံစနစ်တွေ၊ အဲကွန်းစနစ်တွေ၊ လျှပ်စစ်စနစ်တွေ၊ မြို့ပြ ရေ၊ မီး၊ မိလ္လာ စတဲ့လိုအပ်တဲ့ လုပ်ငန်း ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပါတယ်။ ပြိုင်ပွဲကာလမှာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိအောင် အရန်မီးစက်တွေကို ထားရှိမယ့်အစီအစဉ်ကိုလည်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနဲ့ ပေါင်းစပ်ဆောင်ရွက်နေပါတယ်။ ပြီးတော့ ပြိုင်ပွဲကာလအတွင်း အမှိုက်သိမ်းစနစ်တွေ ဆောင်ရွက်နိုင်ဖို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီနဲ့လည်း ပေါင်းစပ်ဆောင်ရွက်နေပါတယ်" ဟု အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမင်းမင်းထွန်းက ရှင်းပြသည်။

ယမန်နေ့က ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် အသင်းလိုက် အားကစားနည်းများအတွက် ပွဲစဉ်ဇယားမဲနှိုက်ခြင်းအခမ်းအနားကို ကျင်းပခဲ့ပြီး ဝန်ကြီးဌာနအဆင့် အသင်းများမှ အားကစားသမားများသည် ပြေးခုန်ပစ် (အမျိုးသား/အမျိုးသမီး)၊ ဘောလုံး (အမျိုးသား)၊ ဖူဆယ် (အမျိုးသား)၊ ဂေါက်သီး(အမျိုးသား)၊ ပိုက်ကျော်ခြင်း (အမျိုးသား)နှင့် ဘော်လီဘော (အမျိုးသား) စသည့် အားကစားနည်းခြောက်နည်းကို ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။

အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီအားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူတစ်ရပ်လုံး အားကစားကိုပိုမိုစိတ်ပါဝင်စားလာပြီး အားကစားလှုပ်ရှားမှုများတွင် ပါဝင်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုစခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၁၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTOMEC
MAXIMUM STRENGTH WITH FLUORIDE
DENTOMEC
ပင်ရင်းအရောင်းဌာန – ဖုန်း – ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇


တစ်သက်တာလုံးကြံ့ခိုင်ဖို့
RHINO
သုံးကြစို့....
ထုတ်လုပ်မှုသက်တမ်း ( ၂၀ ) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
RHINO CEMENT
RHINO PORTLAND CEMENT
PRODUCT OF MEC
EXPORT QUALITY
PREMIUM QUALITY CEMENT
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
ပင်ရင်းအရောင်းဌာန- ဖုန်း – ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် –မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇

# ဂျီနိုအာအသင်းက နည်းပြရာထူးအတွက် အာဆင်နယ်အသင်းကစားသမားဟောင်း နည်းပြဗီအဲရာကိုခန့်အပ်



ရောမ နိုဝင်ဘာ ၂၀

စီးရီးအေကလပ် ဂျီနိုအာအသင်းက နည်းပြဂီလာဒီနိုကို ရာထူးမှထုတ်ပယ်ပြီးနောက် လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် အာဆင်နယ်အသင်းကစားသမားဟောင်းတစ်ဦးဖြစ်သည့် နည်းပြဗီအဲရာကိုခန့်အပ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

ဂျီနိုအာအသင်းသည် ယခုဘောလုံးရာသီ နည်းပြဂီလာဒီနိုလက်အောက်တွင် ရလဒ်များဆိုးရွားနေပြီး စီးရီးအေပြိုင်ပွဲ၌ ၁၂ ပွဲကစားပြီးချိန်တွင် နှစ်ပွဲသာအနိုင်ရရှိကာ လေးပွဲသရေ၊ ခြောက်ပွဲရှုံး ရမှတ် ၁၀ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် (၁၇) နေရာ၌ ရပ်တည်နေပြီး တန်းဆင်းဇုန်ဖိအားများရှိလာသည့်အတွက် နည်းပြဂီလာဒီနိုကို ရာထူးမှထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အသက် ၄၈ နှစ်အရွယ် နည်းပြဗီအဲရာသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူပြီးနောက် မန်စီးတီးလူငယ်အသင်းနည်းပြအဖြစ် နည်းပြလောကသို့ စတင်ဝင်ရောက်ခဲ့ပြီး နိုက်စ်အသင်း၊ ပဲလေ့စ်အသင်းနှင့် စထရာဘော့အသင်းတို့ကို အဆင့်ဆင့်ပြောင်းရွှေ့တာဝန်ယူခဲ့သူဖြစ်သည်။ ၂၀၂၃ ခုနှစ်က စထရာဘော့အသင်းနှင့် လမ်းခွဲပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ ယခုအခါ ဂျီနိုအာအသင်းနည်းပြအဖြစ် နည်းပြလောကသို့ ပြန်လည်ဝင်ရောက်လာခြင်းဖြစ်ပြီး နည်းပြဗီအဲရာသည် ဂျီနိုအာအသင်းကို နိုဝင်ဘာလ ၂၄ ရက်တွင်ကစားမည့် ကက်ဂလီယာရီအသင်းနှင့်ပွဲစဉ်၌ စတင်တာဝန်ယူကိုင်တွယ်မည်ဖြစ်ကြောင်း သိရသည်။

*Ref;Goal.com*

# ရီးယဲလ်မက်ဒရစ်အသင်း၌ ပွဲထွက်ခွင့်နည်းပါးနေသည့် လူငယ်တိုက်စစ်ကစားသမားအန်းဒရစ်ကို အငှားစာချုပ်ဖြင့် ခေါ်ယူရန် ဆောက်သမ်တန်အသင်းစီစဉ်

လန်ဒန် နိုဝင်ဘာ ၂၀

ဆောက်သမ်တန်အသင်းက လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် ရီးယဲလ်မက်ဒရစ်အသင်း၌ ပွဲထွက်ခွင့်နည်းပါးနေသည့် လူငယ်တိုက်စစ်ကစားသမား အန်းဒရစ်ကို အငှားစာချုပ်ဖြင့်ခေါ်ယူရန် စီစဉ်နေကြောင်း သိရသည်။

အသက် ၁၈ နှစ်အရွယ် အန်းဒရစ်သည် ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ပါးမီးယက်စ်အသင်းမှ ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ကြယ်ပွင့်ကစားသမားအဖြစ်သတ်မှတ်ခံထားရသော်လည်း ရီးယဲလ်မက်ဒရစ်အသင်းတိုက်စစ်ပိုင်းတွင် ဗင်နီစီးယက်စ်၊ အမ်ဘတ်ပီ၊ ရိုဒရီဂိုနှင့် အာဒါဂူလာတို့ရှိနေသည့်အတွက် ပွဲထွက်ခွင့်နည်းပါးနေသောကြောင့် လာမည့်ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် ပွဲထွက်ခွင့်ရရှိမည့် အသင်းတစ်သင်းသို့ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားရန် ပြင်ဆင်လျက်ရှိသည်။

အန်းဒရစ်အနေဖြင့် ခြေစွမ်းကောင်းများပြသနိုင်ပြီး အရည်အသွေးမြင့်ကစားသမားတစ်ဦးဖြစ်သော်လည်း ရီးယဲလ်မက်ဒရစ်အသင်းက အသင်းတိုက်စစ်ပိုင်းတွင် နေရာမပေးနိုင်သောကြောင့် အငှားစာချုပ်ဖြင့် ထွက်ခွာမည်ဆိုပါက ခွင့်ပြုပေးဖွယ်ရှိနေသည့်အတွက် ဆောက်သမ်တန်အသင်းက ရာသီဝက် အငှားစာချုပ်ဖြင့်ခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အန်းဒရစ်အနေဖြင့် နိုင်ငံကိုယ်စားပြု ဘရာဇီးအသင်း၌ ပါဝင်ကစားခွင့်ရရှိရန် ကလပ်အသင်းနှင့် ပွဲကစားခွင့်လိုအပ်နေသည့်အတွက် ပွဲထွက်ခွင့်ရရှိမည့်အသင်းသို့ ပြောင်းရွှေ့လိုပြီး လက်ရှိတွင် ဆောက်သမ်တန်အသင်းအပြင် စပါးအသင်းကလည်း စောင့်ကြည့်နေကြောင်း သိရသည်။

*Ref:Fabrizio Romano*

# ဆမ်မာရီနိုအသင်းသမိုင်းတစ်လျှောက် ပထမဆုံးအဝေးကွင်းနိုင်ပွဲရရှိသည့်အပြင် ပထမဆုံးအကြိမ်အဖြစ် တစ်ပွဲတည်းသုံးဂိုးသွင်းယူနိုင်




ဆမ်မာရီနို နိုဝင်ဘာ ၂၀

ဥရောပနေးရှင်းလိဂ်ပွဲစဉ်အဖြစ် ဆမ်မာရီနိုအသင်းနှင့် လက်ချင်စတိန်းအသင်းတို့ကစားသည့်ပွဲစဉ်တွင် ဆမ်မာရီနိုအသင်းက အဝေးကွင်း၌ ၃ ဂိုး - ၁ ဂိုးဖြင့်အနိုင်ရရှိပြီးနောက် အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် အဝေးကွင်းနိုင်ပွဲစတင်ရရှိခဲ့သည့်အပြင် တစ်ပွဲတည်းသုံးဂိုးသွင်းယူနိုင်သည့် ပထမဆုံးပွဲစဉ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်၌ ပွဲချိန် မိနစ် ၄၀ တွင် သွင်းယူခဲ့သည့်ဆီလီ၏သွင်းဂိုးဖြင့် လက်ချင်စတိန်းအသင်းက ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန် ၄၆ မိနစ်တွင် လာဇာရီ၊ ပွဲချိန် ၆၆ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် နန်နီနှင့် ပွဲချိန် ၇၆ မိနစ်တွင် ဂိုလီနက်ချီတို့က ဆမ်မာရီနိုအသင်းအတွက် ချေပဂိုးနှင့် ဦးဆောင်ဂိုးများသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ၃ ဂိုး - ၁ ဂိုးဖြင့် အနိုင်ရရှိပြီး စံချိန်မှတ်တမ်းကောင်းများကို ပိုင်ဆိုင်နိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိကမ္ဘာ့အဆင့်သတ်မှတ်ချက် အောက်ဆုံးနေရာ၌ရပ်တည်နေသည့် ဆမ်မာရီနိုအသင်းသည် အသင်းသမိုင်းတစ်လျှောက် အဝေးကွင်း၌ တစ်ပွဲမှ အနိုင်ရရှိဖူးခြင်းမရှိဘဲ ယခုအခါမှသာ အဝေးကွင်းနိုင်ပွဲရယူနိုင်ကာ အသင်းသမိုင်းတစ်လျှောက် ပြိုင်ပွဲစုံ ၂၁၁ ပွဲကစားထားပြီး ၁၉၉ ပွဲအထိ ရှုံးနိမ့်ကာ ကိုးပွဲသရေကျ၍ သုံးပွဲသာနိုင်ပွဲရယူနိုင်ခဲ့သည်။

ဆမ်မာရီနိုအသင်းသည် အသင်းသမိုင်းတစ်လျှောက် ပထမဆုံးနိုင်ပွဲအဖြစ် ၂၀၀၄ ခုနှစ်က လက်ချင်စတိန်းအသင်းကိုပင် အနိုင်ရရှိပြီးနောက် နိုင်ပွဲများပျောက်ဆုံးခဲ့ကာ နှစ်ပေါင်း ၂၀ ကျော်မှ ပြီးခဲ့သည့် ဥရောပနေးရှင်းလိဂ်အဖွင့်ပွဲစဉ်အဖြစ် ကစားခဲ့သော လက်ချင်စတိန်းအသင်းနှင့်ပွဲစဉ်တွင်ပင် ၁ ဂိုး - ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ဒုတိယမြောက်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲစဉ်တွင်လည်း လက်ချင်စတိန်းအသင်းကိုပင် ၃ ဂိုး - ၁ ဂိုးဖြင့် ထပ်မံအနိုင်ရရှိကာ အသင်းသမိုင်းတစ်လျှောက် သုံးပွဲအနိုင်ရရှိခဲ့ရာတွင် လက်ချင်စတိန်းအသင်းတစ်သင်းတည်းကိုသာ အနိုင်ရရှိထားခြင်းဖြစ်သည်။

ထို့ပြင် ဆမ်မာရီနိုအသင်းသည် အသင်းသမိုင်းတစ်လျှောက် တစ်ပွဲတည်း သုံးဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ယခုအခါမှသာ ပထမဆုံးအကြိမ်အဖြစ် တစ်ပွဲတည်း သုံးဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Opta*

# ဒဏ်ရာပြန်လည်သက်သာလာသည့် ကိုးလ်ပယ်မာ လက်စတာအသင်းနှင့် ပွဲစဉ်တွင် ပြန်လည်ပါဝင်မည်

လန်ဒန် နိုဝင်ဘာ ၂၀

ဒဏ်ရာကြောင့် အနားယူနေခဲ့ရသည့် ချယ်လ်ဆီးအသင်းတိုက်စစ်ကစားသမား ကိုးလ်ပယ်မာသည် ဒဏ်ရာပြန်လည်သက်သာလာသည့်အတွက် လာမည့် ချယ်လ်ဆီးအသင်းနှင့် လက်စတာအသင်းတို့ ကစားမည့်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်း အဓိကတိုက်စစ်ကစားသမားတစ်ဦးဖြစ်သည့် ကိုးလ်ပယ်မာသည် ပြီးခဲ့သည့် နိုဝင်ဘာလ ၁၁ ရက်က အာဆင်နယ်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ကစားသည့်ပွဲစဉ်တွင် အသေးစားဒဏ်ရာရရှိပြီးနောက် အနားယူနေခဲ့ရပြီး လက်ရှိတွင် ဒဏ်ရာပြန်လည်သက်သာလာသည့်အတွက် အသင်းနှင့်အတူ လေ့ကျင့်မှုများ အပြည့်အဝလုပ်ဆောင်နိုင်ပြီးနောက် လာမည့်ပွဲစဉ်များတွင် ပြန်လည်ပါဝင်ကစားနိုင်မည်ဖြစ်သည်။

ကိုးလ်ပယ်မာသည် အာဆင်နယ်အသင်းနှင့်ပွဲစဉ်တွင်ရရှိသည့် အသေးစားခြေထောက်ဒဏ်ရာကြောင့် အင်္ဂလန်အသင်း၏ ဥရောပနေးရှင်းလိဂ်ကစားမည့် ကစားသမားစာရင်းမှနုတ်ထွက်ကာ ဆေးကုသမှုများခံယူခဲ့ပြီးနောက် ပြန်လည်ကောင်းမွန်လာသည့်အတွက် လက်စတာအသင်းနှင့်ပွဲစဉ်တွင် ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

*Ref;Fotmob*

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

( ခ ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန် မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

( ဂ ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

( ခ ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

( ဂ ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

( င ) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိစစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

( ခ ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

( ဂ ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( င ) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

( ခ ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

( ဂ ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

( င ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( စ ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |


၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များဖမ်းဆီးရမိ


အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။



မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် နိုဝင်ဘာ ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကိုဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **နိုဝင်ဘာလ ၁၉ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ (၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၅)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၄၇၃၂၃၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကချင်ပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မိုးကောင်းမြို့၊ မိုးကောင်းတံတားထိပ်၌ မိုးကောင်းမြို့မှ နမ္မတီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ(၆)ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၁၂၀၀၀)နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Toyota Landcruiser (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) **စုစုပေါင်း(ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၈၁၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တံတားကျိုးစုပေါင်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် မွန်ပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့၊ ဟသ်ာအဝိုင်းပူးပေါင်း စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၁)စီး ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၂၀၀၀)နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Vanette Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကို လည်းကောင်း၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ကုန်မာတန်းလမ်းသွယ်(၁)ရှိ ဂိုဒေါင်(၁)လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၇၃၆၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၈၉၃၆၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ရှမ်းပြည်နယ်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ကြီးမြို့၊ ဘုရားကိုးဆူအနီး ဟိုပုံး View Point နှင့် ဟိုပုံးရေထွက်အနီးတို့၌ ရပ်တန့်ထားသော မော်တော်ယာဉ် (၃)စီး ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း(၁၁)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၁၁၁၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mam Truck (၁)စီး၊ Hino Profia Truck (၁)စီးနှင့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇၁၁၁၀၀၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ် (၄)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၃၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၃၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်၊ ဘုတ်ပြင်းခရိုင်နှင့် ကော့သောင်းခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ကော့သောင်းမြို့၊ အေးရိပ်ငြိမ်ရပ်ကွက်၊ ကြက်ဒိုင်ဆိပ်ကမ်းအနီး မြစ်ကမ်းဘေး၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံး ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၂၅၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၂၅၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့၊ ရွှေသိမ်တော်ဘုရားအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head (၁)စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၁၆၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့် ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ်၊ ဖောင်ကြီးအနောက် ကျေးရွာအုပ်စု၌ တရားမဝင် ကျွန်းသစ် (၁ ဒသမ ၀၅၆)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူး အဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြောင်းမြခရိုင်နှင့် မအူပင်ခရိုင်တို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်(၄)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နေပြည်တော်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဥတ္တရခရိုင်နှင့် လယ်ဝေးခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၂၉၂)တန်၊ အခြားသစ် (သုည ဒသမ ၇၉၆)တန် **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ်၁၅၃၃၆၄)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာလ ၁၉ ရက်တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၁)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ်၇၄၅၂၆၈၁၉၄)**ကိုဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် တရားမဝင် တင်သွင်းလာသည့် စားသောက်ကုန်၊ လူသုံးကုန်နှင့် လုပ်ငန်းသုံးပစ္စည်းများ တွေ့ရှိရ၍ ၎င်းကုန်ပစ္စည်းများအနေဖြင့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်ကိုက်ညီမှု မရှိနိုင်ခြင်း၊ ကုန်စည်အတုအပဖြစ်နိုင်ခြင်းနှင့် အရည်အသွေးအာမခံချက် မရှိနိုင်ခြင်းတို့ကြောင့် သုံးစွဲသူပြည်သူလူထုအတွက် ကျန်းမာရေးထိခိုက်စေခြင်းနှင့်အသက်ဘေး အန္တရာယ်များ ကျရောက်စေသည်အထိ ထိခိုက်ဆုံးရှုံးခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင် ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊
## ရောဝတီတိုင်းဒေသကြီးရုံးလုပ်ငန်းတစ်ရပ်လုံးနှင့်
## လုပ်ငန်းသုံးပစ္စည်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းတစ်ရပ်လုံး တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်နေရာ - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ရောဝတီတိုင်းဒေသကြီးရုံး။

တင်ဒါတင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်ရာနေရာ - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ရောဝတီတိုင်းဒေသကြီးရုံး၊ ကင်မလင်းကျွန်းရပ်ကွက်၊ မဥ္ဇူလမ်း၊ ပုသိမ်မြို့။

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - (၂၁-၁၁-၂၀၂၄)ရက်နေ့မှစ၍ ရုံးချိန်အတွင်း

တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - (၄-၁၂-၂၀၂၄)ရက်နေ့ ညနေ(၄:၃၀)နာရီ

၃။ တင်ဒါဖွင့်လှစ်မည့်ရက်အား ထပ်မံကြေညာသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ရောဝတီတိုင်းဒေသကြီးရုံး ဖုန်း- ၀၉-၇၇၆၆၈၅၂၄၅ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊
## ရောဝတီတိုင်းဒေသကြီးရုံးလုပ်ငန်းတစ်ရပ်လုံးနှင့်
## လုပ်ငန်းသုံးပစ္စည်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ညောင်တုန်းမြို့နယ်၊ ကုက္ကိုဝကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းတစ်ရပ်လုံးတင်ဒါနှင့် လုပ်ငန်းသုံးပစ္စည်းတင်ဒါများခေါ်ယူမည်ဖြစ်ပါ၍ လျှောက်ထားလိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံရောင်းချမည့်နေရာ - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ရောဝတီတိုင်းဒေသကြီးရုံး။

တင်ဒါတင်သွင်းခြင်းနှင့် စိစစ်ရွေးချယ်ရာနေရာ - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ရောဝတီတိုင်းဒေသကြီးရုံး၊ ကင်မလင်းကျွန်းရပ်ကွက်၊ မဥ္ဇူလမ်း၊ ပုသိမ်မြို့။

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - (၂၁-၁၁-၂၀၂၄)ရက်နေ့မှစ၍ ရုံးချိန်အတွင်း

တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - (၄-၁၂-၂၀၂၄)ရက်နေ့ ညနေ(၄:၃၀)နာရီ

၃။ တင်ဒါဖွင့်လှစ်မည့်ရက်အား ထပ်မံကြေညာသွားမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၂)၊ ရောဝတီတိုင်းဒေသကြီးရုံး ဖုန်း- ၀၉-၇၇၆၆၈၅၂၄၅ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### ပျောက်ဆုံးကြောင်း
နန့်ဇင်နွယ်ဦး(ဘ)ဦးစောလှ ၁၂/မရက(နိုင်)၁၁၆၃၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၇၅၇၈၇၄၄

### ပျောက်ဆုံးကြောင်း
နော်ဇာအယ်(ဘ)စောအယ်ကော် ၇/တငန(နိုင်)၀၉၈၃၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 621047)မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၀၈၅၆၄၈၅

### ပျောက်ဆုံးကြောင်း
မေဇင်ဦး(ဘ)ဦးမောင်မောင်ဆန်း ၁၀/မဒန(နိုင်)၂၁၄၆၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 010918)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၈၁၈၇၄၃၈

### ပျောက်ဆုံးကြောင်း
မခရစ်နဲမ်ထျန်း(ဘ)ဦးဒိုမုန်း ၅/ကလထ(နိုင်)၂၆၀၅၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 345712)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၇၆၆၈၄၀၈

### ပျောက်ဆုံးကြောင်း
ပခုက္ကူမြို့၊ ရတနာပုံလမ်း၊ အမှတ်(၈)နေ ဦးဟိန်းလဒ်(ဘ)ဦးကျော်ဝင်း ၈/မမန (နိုင်)၁၄၀၃၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၂၄၄၂၆၃၈

### ပျောက်ဆုံးကြောင်း
မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်၊ စမြကျေးရွာနေ မောင်မျိုးဇော်ဟိန်း(ဘ)ဦးထွန်းလင်း ၈/အလန(နိုင်)၂၆၂၃၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 750878)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၁၂၀၆၄၄၅

### ပျောက်ဆုံးကြောင်း
တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ တီတွတ်ပြင်ကျေးရွာနေ မောင်ပြည့်ပိုင်စိုး(ဘ)ဦးအောင်သန်း ၆/သရခ(နိုင်)၁၀၁၃၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 261869)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၁၆၄၅၆၂၂

### ပျောက်ဆုံးကြောင်း
ရောဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ မြေနုကျေးရွာနေ မဇင်မာဝင်း(ဘ)ဦးပေါက်စ ၁၄/ပတန(နိုင်)၂၅၁၅၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

### အမည်ပြောင်း
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အ.ထ.က(၁၂)၊ Grade-4 မှ ပညာသင်ကြားနေသော အဘ ဦးသန့်ဇော်ထွန်း ၉/ပဥလ(နိုင်)၀၀၃၄၉၀ ၏သား မောင်သန့်ဘုဏ်းမာန်အား မောင်ဘုဏ်းသန့်ထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဘုဏ်းသန့်ထွန်း**

### ပျောက်ဆုံးကြောင်း
မစန္ဒာအောင်(ဘ)ဦးမိုးလွင် ၈/ မတန(နိုင်)၀၅၉၆၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၉၄၆၂၄၃

### ဖခင်အမည်မှန်
ပဲခူးမြို့၊ ဥသျှာမြို့သစ်၊ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) Grade-4 မှ မအိမ့်ကြာဖြူ၏ဖခင်အမည်မှန်မှာ ဦးသန်းနိုင် ၇/ပခန(နိုင်)၁၉၀၅၇၄ ဖြစ်ပါကြောင်း။
**ဦးသန်းနိုင်**

### အမည်ပြောင်း
ပဲခူးမြို့၊ အထက(၂)ကျောင်း၊ Grade-10 မှ အဘ ဦးခင်အောင်၏သမီး မအိသဇင်အောင်အား မနွယ်ဇင်အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မနွယ်ဇင်အောင်**

### ပျောက်ဆုံးကြောင်း
နော်ဆဲမူခူ(ဘ)ဦးမောင်ကောင်း ၁၄/အမန(နိုင်)၂၂၁၆၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 262465)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
အောင်ဇော်ထွန်း(ဘ)ဦးတင်ရှိန် ၁၂/ဗဟန(နိုင်)၀၈၅၄၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(431346)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ဒေါ်ငြေးရီ(ဘ)ဦးသန်းအောင် ၆/လလန(နိုင်)၀၈၁၈၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၉၉၂၂၇၀၀

### ပျောက်ဆုံးကြောင်း
ခင်မောင်ဝင်း(ဘ)ဦးဝင်းဆန်း ၇/လပတ(နိုင်)၀၉၆၃၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၄၄၆၀၀၈၉

### ပျောက်ဆုံးကြောင်း
လှိုင်လွင်ထွေး(ဘ)ဦးကျော်လွင် ၁၂/အစန(နိုင်)၂၀၉၉၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 924551)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၆၂၀၇၂၂၉

### ပျောက်ဆုံးကြောင်း
သန္တာဝင်း(ဘ)ဦးဝင်းကြည် ၁၂/လမန(နိုင်)၁၄၆၁၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 347095)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၈၀၁၄၆၈၀

### ပျောက်ဆုံးကြောင်း
စန္ဒီသောင်း(ဘ)ဦးကျော်သောင်း ၁၁/ကဖန(နိုင်)၀၃၇၁၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊တောင်ဇရပ်ကွက်နေ ဦးငွေသိန်း(ဘ)ဦးကြည် ၇/ပခန(နိုင်)၁၉၂၀၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၂၉၇၄၃၀၆

### အမည်မှန်
အ.ထ.က၊ ကျီချောင်း၊ ကန်ကြီးထောင့်မြို့နယ်၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-9 မှ မောင်လင်းလက်ဦး၏ဖခင် ဦးစမိုး၏ အမည်မှန်မှာ ဦးမြမင်းမိုး ၁၄/ကကထ(နိုင်)၁၅၇၇၅၄ ဖြစ်ပါကြောင်း။
**ဦးမြမင်းမိုး**

**စာပေမြင့်မှ လူမျိုးတင့်မည်**




### အမည်ပြောင်း
အ.ထ.က(၈)ပုသိမ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-6မှ ဦးနိုင်ဇော်လင်း ၁၄/ဟကက(နိုင်)၀၂၅၅၂၀၏သား မောင်အာကာစိုးမိုးအား မောင်အောင်သူရထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်အောင်သူရထွန်း**

### ပျောက်ဆုံးကြောင်း
ခင်မျိုးမျိုးအေး(ဘ)ဦးမျိုးလှိုင် ၁၂/ဒဂတ(နိုင်)၀၄၈၃၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 322781)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၁၂၃၉၉၂

### ပျောက်ဆုံးကြောင်း
ခိုင်ဇာတင်(ဘ)ဦးတင်ကြိုင် ၁၂/သဃက(နိုင်)၁၆၉၃၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 036414)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၆၇၈၀၉၆၉၈၄

### ပျောက်ဆုံးကြောင်း
နိုင်နိုင်ဝင်း(ဘ)ဦးမောင်ဝင်းကြည် ၁၁/ရဗန(နိုင်)၁၀၉၃၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၈၀၅၁၉၇

### ပျောက်ဆုံးကြောင်း
အောင်အောင်ဇော်(ဘ)ဦးမျိုးမြင့်ဇော် ၁၂/သလန(နိုင်)၀၀၂၂၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၈၀၅၁၉၇

### ပျောက်ဆုံးကြောင်း
ရဲမင်းထွဋ်(ဘ)ဦးစံသင်း ၃/ဘအန(နိုင်)၁၆၇၁၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 657906)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ဖြိုးဝေအောင်(ဘ)ဦးသောင်းဟန် ၁၂/ ကတန(နိုင်)၁၅၆၆၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ရန်မင်းနောင်(ဘ)ဦးအောင်စိုး ၇/ဝမန(နိုင်)၁၂၂၆၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 793047)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ခင်ခင်ထိုက်(ဘ)ဦးမြင့်သန်း ၇/ဝမန(နိုင်)၁၀၇၅၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 421770)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ခွန်စိုးမြင့်(ဘ)ချိန်ယုံကျူ ၁၃/ပလတ(နိုင်)၀၁၂၃၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၉၃၀၃၂၉၅

### ပျောက်ဆုံးကြောင်း
ရှင်းသန့်လွင်(ဘ)ဦးရဲလွင်အောင် ၁၂/မရက(နိုင်)၁၇၂၅၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၀၈၄၈၄၄

### ပျောက်ဆုံးကြောင်း
လှရီ(ဘ)ဦးလွေယုံကြူ ၁၃/မကန(နိုင်)၀၁၆၀၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 260523)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၈၈၅၂၉၉၅

### ပျောက်ဆုံးကြောင်း
ဟန်ထွန်းဇော်(ဘ)ဦးသီဟ ၁၂/ရကန(နိုင်)၀၇၅၈၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 360596)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

### ပျောက်ဆုံးကြောင်း
ရွှေဝင်းကြည်(ဘ)ဦးဘိုးလှ ၁၁/မပတ(နိုင်)၀၃၈၀၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 777943)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေပါရန်။
ဖုန်း-၀၉-၄၂၁၇၄၇၉၇

### ပျောက်ဆုံးကြောင်း
အရှင်စန္ဒဝံသ(ဘ)ဦးမောင်လတ် ၉/အမရ(သ)၀၀၅၁၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 924765)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၂၀၀၁၆၄၀

### ပျောက်ဆုံးကြောင်း
ကြည်ကြည်(ဘ)ဦးသန်းမောင် ၁၁/ပဏတ(နိုင်)၁၀၈၉၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 345226)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ခင်ရီ(ဘ)ဦးသောင်းဝင်း ၁၂/မရက(နိုင်)၁၁၁၉၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
စောကိုကို(ဘ)ဦးမောင်ဖြိုး ၇/ပခန(နိုင်)၃၉၅၀၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 260414)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁


## လူမှုရေး/စီးပွားရေးကြော်ငြာများ (30 % Discount Off )

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား(၁လက်မ×၁ကော်လံ)(၆၀၀၀ိ/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup @ gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့နိုင်ငံ၏ လက်ရှိအခြေအနေအရ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် သမဝါယမစနစ်သည် အသင့်လျော်ဆုံးဖြစ်သည်ကိုတွေ့ရ . . .**

❖ **သမဝါယမစနစ်ဆိုသည်မှာ စိတ်ဆန္ဒ၊ ရည်ရွယ်ချက်တူညီသည့် လုပ်ငန်းရှင်အချင်းချင်း၊ တောင်သူအချင်းချင်း စုဖွဲ့ဆောင်ရွက်ရသည့် အသင်းအဖွဲ့စနစ်တစ်ခုဖြစ် . . .**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၆/၂၀၂၄)တွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် စိစစ်တွေ့ရှိရသည့် “မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ”ကို Website နှင့် Mobile Application တို့တွင် လေ့လာဖတ်ရှုနိုင်မည်

နေပြည်တော် နိုဝင်ဘာ ၂၀

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် **“မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ”**အပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ပြည်တွင်း၊ ပြည်ပမှ လေ့လာလိုသူများအနေဖြင့် Website နှင့် Mobile Application တို့တွင် နိုဝင်ဘာလ ၂၂ ရက်မှစတင်၍ လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။

အဆိုပါ Website နှင့် Mobile Application တို့တွင် ရွေးကောက်ပွဲအကြိုကာလ၌ ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့မှုများ၊ ရွေးကောက်ပွဲကာလတွင် ဆောင်ရွက်ခဲ့မှုများ၊ ရွေးကောက်ပွဲအလွန်ကာလဖြစ်စဉ်များ၊ မြန်မာနိုင်ငံတစ်ဝန်းလုံး ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်းစိစစ်ခြင်းနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်း၊ ရွေးကောက်ပွဲဖြစ်စဉ်တစ်ခုလုံးအပေါ် ခြုံငုံစစ်ဆေးတွေ့ရှိချက်၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်များကိုပယ်ဖျက်ခြင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပေါ် သုံးသပ်ချက်၊ မှတ်တမ်းဓာတ်ပုံများ စသည်ဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်ဖြစ်ပွားခဲ့သည့် မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများအပေါ် စုံစမ်းစစ်ဆေးတွေ့ရှိချက်များကို တစ်နေရာတည်းတွင် ကဏ္ဍစုံလင်စွာလေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။

ထို့အပြင် မြန်မာ၊ အင်္ဂလိပ်၊ တရုတ်၊ ရုရှား၊ ဂျပန် စသည့် ဘာသာစကား(၅)မျိုးဖြင့် လွှင့်တင်မည်ဖြစ်ရာ လေ့လာဖတ်ရှုလိုသူများသည် https://2020election.uec.gov.mm တွင် လည်းကောင်း၊ Mobile Application ကို အဆိုပါ Website တွင် Download ရယူ၍လည်းကောင်း လေ့လာဖတ်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

**၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် စိစစ်တွေ့ရှိရသည့် “မဲမသမာမှုနှင့် တရားမဲ့ပြုကျင့်မှုများ”ကို** https://2020election.uec.gov.mm Website နှင့် **အဆိုပါ** Website **တွင်** Download **ရယူထားသည့်** Mobile Application **တို့တွင် လေ့လာဖတ်ရှုနိုင်မည်။**




### ဆောင်းပါး

**မိုင်ပေါင်း ၄၀၀၀ ကျော်ခရီး**

စာ - ၁၁ သို့

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဖွဲ့စည်း**

စာ - ၃ သို့

## လေဖိအားနည်းရပ်ဝန်း နောက်နှစ်ရက်အတွင်း မုန်တိုင်းငယ်အဖြစ်ရောက်ရှိနိုင်

နေပြည်တော် နိုဝင်ဘာ ၂၀

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ နိုဝင်ဘာလ ၂၃ ရက်တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ရွေ့လျားနိုင်ပြီး နောက်နှစ်ရက်အတွင်း ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

(မိုး/ဇလ)

